Golden Lion
Golden Lion Wire Co.,Ltd

The VOICE Daily

AIR KBZ

Vol. 4 / No. 133 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း (၁၂)ရက်၊ (Tuesday, September 13, 2016)

# ကျိုက်ထီးရိုးစေတီတော်ရှိ အလှူခံဌာနများ ကန်ထရိုက်ပေးသည့်စနစ် ဖျက်သိမ်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးရှိ အလှူခံဌာနများအား ကန်ထရိုက်ပေးနေခြင်းစနစ်ကို ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ စက်တင်ဘာလ ၁၂ ရက်နေ့က ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်တွင် ကျိုက်ထီးရိုးစေတော်သို့ နေ့စဉ်ဘုရားဖူး လာရောက်သည့် အများပြည်သူများကို စေတီတော်ရင်ပြင်၊ ရသေ့တောင်၊ ကင်ပွန်းစခန်း၊ ရေမြောင်ကြီး၊ ကျီးကန်းပါးစပ်နှင့် အခြားအလှူခံဌာနများအား ကန်ထရိုက်ပေးဆောင်ရွက်ခြင်း လုပ်ငန်းများကို ဖျက်သိမ်း၍ စေတီတော်ဝန်ထမ်းများဖြင့် အလှူခံပုံးအား နေ့စဉ်ရေတွက်ခြင်း၊ စာ 28

## သရုပ်ဆောင်မိုးအောင်ရင်ကို ဒုတိယအကြိမ်ချုပ်ရက်ရမန်ထပ်ယူ




Photo by Kyaw Soe

စာ 2

မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံထားရသော သရုပ်ဆောင်မိုးအောင်ရင်ကို စက်တင်ဘာလ ၁၂ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပုဇွန်တောင်တရားရုံးသို့ ပထမအကြိမ် ရုံးထုတ်လာစဉ်

## အိမ်၊ ခြံ၊ မြေ အခွန်နှုန်းထား လျှော့ချမည့်သတင်း မဟုတ်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ်အတွင်း အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရာတွင် အခွန်ကောက်နှုန်းထား လျှော့ချမည်မဟုတ်ဘဲ အိမ်၊ ခြံ၊ မြေအခွန်နှုန်းထားကို ယခင်နှုန်းထားအတိုင်းသာ ကောက်ခံသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနထံမှ သိရှိရသည်။

"အိမ်၊ ခြံ၊ မြေအခွန်နှုန်းထားက ဒီဘဏ္ဍာနှစ်မှာတော့ လျှော့ကောက်ဖို့ မရှိသေးပါဘူး။ ယခင်နှုန်းထားအတိုင်းပဲ ကောက်ခံနေပါတယ်။ ပြည်တွင်းအခွန်ဌာနက ပြန်လည်ရေးဆွဲထားတဲ့ အခွန်နှုန်းထားသစ်ကို တိုင်းအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်သွားပါမယ်" ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုလက်ရှိ အိမ်၊ ခြံ၊ မြေဈေးကွက်အတွင်း ဝယ်ယူသူ လုံးဝမရှိသောကြောင့် အခွန်နှုန်းထားများ သတ်မှတ်ထားသော်လည်း အခွန်တိမ်းရှောင် စာ 28

## ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရားပွဲဆိုင်ခန်းများ ဈေးတင်ရောင်းချမှုကြောင့် ဆိုင်ခန်းငှားသူများ အခက်ကြုံ

စာ 11

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖျက်သိမ်းပေးရေးအဆို ရခိုင်ပြည်နယ်လွှတ်တော်၌ ကန့်ကွက်သူမရှိအတည်ပြု

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖျက်သိမ်းပေးရန်အဆို ရခိုင်ပြည်နယ်လွှတ်တော်၌ ကန့်ကွက်သူမရှိ အတည်ပြုခဲ့ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကို စက်တင်ဘာလ ၁၂ ရက်နေ့၌ ကျင်းပရာတွင် စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ် ဦးကျော်ဇောဦးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖျက်သိမ်းပေးရန် အဆိုတင်သွင်းခဲ့ရာ ကန့်ကွက်သူမရှိအတည်ပြုခဲ့ကြောင်း အဆိုရှင် ဦးကျော်ဇောဦးက ဆိုသည်။

နိုင်ငံသားပေးတယ်ဆိုတာ စာ 28

## သရုပ်ဆောင်ဖွေးဖွေးကိစ္စ ဥပဒေအရ ဆောင်ရွက်မည်ဟု စင်ရော်မောင်မောင် ဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

Miniso စတိုးဆိုင်ကြော်ငြာ ရိုက်ကူးရန် လက်ခံထားပြီးမှ ရိုက်ကွင်းသို့ ရောက်ရှိမလာခဲ့သည့် သရုပ်ဆောင် ဖွေးဖွေးကိစ္စနှင့်ပတ်သက်၍ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ စင်ရော်မောင်မောင်က The Voice သို့ ပြောကြားသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ထုတ်လုပ်သူဘက်က ကျွန်တော့်ကို စာတစ်စောင်ပို့ထားတာရှိပါတယ်။ အဲ့ဒီစာပေါ်မူတည်ပြီးတော့ သူ့ကိစ္စရော၊ ဒီနေ့ကျွန်တော်တို့ ဖြစ်ပျက်သွားတဲ့ ဆုံးရှုံးမှု၊ စာ 28



## NLD ပါတီ ရှမ်းပြည်အလုပ်အမှုဆောင် အချို့ ထပ်မံရွေးချယ်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် NLDပါတီ အလုပ်အမှုဆောင် အဖွဲ့သစ်ကို ဦးဝင်းထိန်တစ်ဦးတည်းဆန္ဒဖြင့် ခန့်အပ်ခဲ့ခြင်းကို ပါတီ CEC အစည်းအဝေးဆုံးဖြတ်ချက်အရ အသိအမှတ်မပြုသဖြင့် အသစ်ပြန်လည်ရွေးချယ်မည်ဖြစ်ကြောင်း NLDပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီထံမှ သိရသည်။

ရှမ်းပြည်နယ် NLDပါတီဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုး၊ တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်တိုးအပါ အဝင် ၄ ဦးကို ပါတီ ထိပ်ပိုင်းခေါင်းဆောင် ဦးဝင်းထိန်က နှုတ်မိန့်ဖြင့် ထုတ်ပယ်လိုက်ပြီးနောက် စက်တင်ဘာလ ၅ရက်နေ့တွင် ဦးဇော်မင်းလတ် (ဥက္ကဋ္ဌ)၊ ဦးမောင်မောင်စိန် (အတွင်းရေးမှူး)၊ ဒေါ်စန်းစန်းမောင်(အဖွဲ့ဝင်)၊စိုင်းသိန်းဝင်းထွန်း(အဖွဲ့ဝင်)စသည့်လေးဦးကို ခန့်အပ်ကြောင်း တစ်ဦးတည်း သဘောဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလ ၁၁ ရက်နေ့၌ ပြုလုပ်ခဲ့သော NLD ပါတီ CEC အစည်းအဝေးတွင် ဦးဝင်းထိန်ခန့်အပ်ခဲ့သော ပြည်နယ် အလုပ်အမှုဆောင်များကို ဗဟိုမှလက်မခံခြင်းကြောင့် ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ခင်ကဆိုသည်။

"CEC အစည်းအဝေးဆုံး ဖြတ်ချက်အရ ဦးဝင်းထိန် ခန့်အပ်ခဲ့တဲ့လေးဦးကို ဗဟိုကသဘောတူညီခြင်းမရှိလို့ ထပ်မံရွေးချယ်တင်မြှောက်သွားမှာပါ" ဟု ဦးကျော်ခင်ကဆိုသည်။

ရှမ်းပြည်နယ် NLDပါတီလစ်လပ်နေရာများကိုဗဟိုမှရွေးချယ်ပြီးသော်လည်း ပြည်သူလူထုအား စက်တင်ဘာလအတွင်း ထုတ်ပြန်ပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း NLD ပါတီ ဗဟိုကော်မတီဝင်များထံမှ သိရသည်။

"မကြာခင်လူထုကို ထုတ်ပြန်ပေးသွားမယ်။ တာဝန်ပေးလို့ရတဲ့သူကို ရွေးချယ်မှုဖြစ်တယ်" ဟု ဦးကျော်ခင်က ဆက်လက်ပြောဆိုသည်။ ■

## ၁၁ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ မြန်မာနိုင်ငံမှ ဒုတိယအကြိမ် ဝင်ပြိုင်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ စက်တင်ဘာလ ၁၉ ရက်တွင် စတင်ကျင်းပမည့် ၁၁ ကြိမ်မြောက်အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဒုတိယအကြိမ်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံလုပ်သား ကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ သင်တန်းကျောင်းတွင် စက်တင်ဘာလ ၁၂ ရက်က ပြုလုပ်သော သတင်းစာရှင်း လင်းပွဲထံမှ သိရသည်။

စက်တင်ဘာလ ၁၉ရက်မှ ၂၉ရက်အထိ ကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် မြန်မာကျွမ်းကျင် လုပ်သား ၁၄ဦး ဝင် ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဆိုပါရှင်းလင်းပွဲထံမှသိရသည်။

ယင်းပြိုင်ပွဲတွင် လုပ်သားကျွမ်းကျင်မှုအမျိုးအစား ၂၅ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရန် သတ်မှတ်ထားရာ မြန်မာနိုင်ငံမှ အုတ်စီခြင်း၊ ပရိဘောဂထုတ်လုပ်ခြင်း၊ လျှပ်စစ်သွယ်တန်းခြင်း၊ နိုင်ငံတကာ အစားအစာချက်ပြုတ်ခြင်း၊ ပိုက်ဆက်ခြင်း၊ လေအေးပေးစက်နှင့် ရေခဲသေတ္တာ တပ်ဆင်ခြင်း၊Mobile Robotics၊ ဂဟေဆက်ခြင်း၊ စားသောက်ဆိုင် ဝန်ဆောင်ခြင်းနှင့်စက်ပစ္စည်းပြုပြင်တပ်ဆင်ခြင်း လုပ်ငန်းများကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသည် မြန်မာနိုင်ငံရှိ လုပ်သားများအတွက် အထောက်အကူတစ်ရပ်ဖြစ်လာမည်ဖြစ်ပြီး အမျိုးသားအဆင့် အလုပ်အကိုင်ကျွမ်းကျင်မှု ဆိုင်ရာအတွက်အသိအမှတ်ပြုမှုများတွင်အထောက်အကူဖြစ်စေနိုင်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲထံမှ ဆက်လက်သိရသည်။

ထိုသို့သွားရောက် ယှဉ်ပြိုင်မှုအတွက် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ကူညီခဲ့ကြောင်း၊ ၁၀ ကြိမ်မြောက်ပြိုင်ပွဲမှစ၍ မြန်မာနိုင်ငံအနေနှင့် လုပ်ငန်းခွင်ခြောက်မျိုးကို ပထမဆုံး အကြိမ်ဝင်ရောက်ယှဉ် ပြိုင်ခဲ့ပြီး နိုင်ငံတကာ အစားအစာချက်ပြုတ်ခြင်းတွင် Medallion of Excellence ဆုရရှိခဲ့သည်။ ■

## နေအိမ်တိုက်ခန်းအတွင်း ပုပ်ပွသေဆုံးသည့် အမျိုးသမီး၏ မိသားစုနှင့် အဆက်အသွယ် ရရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ တကောင်းလမ်းရှိသုံးလွှာတိုက်ခန်းတွင် ပုပ်ပွသေဆုံးနေသော အသက် ၂၂ နှစ်အရွယ် အမျိုးသမီး၏ မိသားစုနှင့် စက်တင်ဘာလ ၁၁ ရက်နေ့က အဆက်အသွယ်ရရှိခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းမြင့်ဦးက ပြောကြားသည်။

"သေဆုံးသူမိန်းကလေးရဲ့ ဇာတိက ပြည်မြို့ဖြစ်ပြီး မနေ့က သူ့အစ်ကိုဝမ်းကွဲတော်စပ်သူနဲ့ ဆွေမျိုးတွေ ရဲစခန်း ရောက်လာတယ်၊ သေဆုံးသူရဲ့ဆေးစစ်ချက်အဖြေမသိရသေးပေမယ့် ကနဦးစစ်ချက်အရ အဆုတ်မှာပြည်တည်နေတယ်လို့ သိရတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါသုံးလွှာတိုက်ခန်းထဲ သေဆုံးခဲ့သည့် အသက် ၂၂ နှစ်အရွယ် မသဉ္ဇာအောင်၏ ပုပ်ပွနေသောရုပ်အလောင်းကို စက်တင်ဘာလ ၆ ရက်နေ့ကတွေ့ရှိခဲ့ပြီး ယင်းနေအိမ်ထဲမှ မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းအချို့ကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း စမ်းချောင်းမြို့မရဲစခန်းထံမှ သိရှိရသည်။

သေဆုံးသူမှာ ယင်းတိုက်ခန်းတွင် တစ်ဦးတည်းငှားရမ်းနေထိုင်သူဖြစ်ပြီး ရပ်ကွက်နေသူများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသောကြောင့် ၎င်း၏ဇာတိနှင့် ဆွေမျိုးများကို အဆက်အသွယ်ရရှိရန် ရဲတပ်ဖွဲ့က လိုက်လံစုံစမ်းခဲ့ရာမှ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင်နေထိုင်သည့် သေဆုံးသူ၏ ဆွေမျိုးများနှင့် အဆက်အသွယ်ရရှိခဲ့ကြောင်း စမ်းချောင်းမြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

တိုက်ခန်းတံခါးသော့ပိတ်ပြီး အိပ်ခန်းထဲ ပုပ်ပွသေဆုံးခဲ့သောအမျိုးသမီး၏ နေအိမ်ထဲမှ ယခုနှစ်ဇူလိုင်လက ကန်တော်လေးအထူးကုဆေးခန်းတွင် ပြသခဲ့သော ဆေးမှတ်တမ်းတစ်ခုတွေ့ရှိခဲ့ပြီး ယင်းဆေးမှတ်တမ်းတွင် သွေးလွန်တုပ်ကွေးရောဂါကုသမှုခံယူခဲ့သည်ဟု ဖော်ပြထားကြောင်း စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

## မူးယစ်ဆေးဝါး၏ ကုန်ကြမ်းများ တရားမဝင် ရောင်းဝယ်မှုကာကွယ်ရေး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ ဆွေးနွေး

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံ၇ ခုဖြင့် ဖွဲ့စည်းထားသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် ပရီကာဆာဓာတုကုန်ကြမ်းများ တရားမဝင်သယ်ဆောင် ရောင်းဝယ်မှုထိရောက်စွာကာကွယ်တားဆီးမည့်ဆွေးနွေးပွဲကိုစက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင်ပြုလုပ်ခဲ့သည်။



ဓာတ်ပုံ - နိုင်စိုးလင်း

အဆိုပါ ဆွေးနွေးပွဲတွင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများဖြစ်သော မြန်မာနိုင်ငံအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီးမဟာမိတ်အဖွဲ့အဖြစ် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သောUNODC မှ ကိုယ်စားလှယ်များပါ ပထမဆုံးအကြိမ် တက်ရောက်ဆွေးနွေးခဲ့သည်။

"မူးယစ်ဆေးဝါးပြဿနာကို နိုင်ငံတစ်ခုတည်းဖြေရှင်းလို့ မရဘူး၊ နိုင်ငံအားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်မှုရရှိနိုင်မယ် ဆိုတာကိုဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံအားလုံးကလက်ခံထားတယ်၊ ဒီနှစ်ဆွေးနွေးပွဲရဲ့ ထူးခြားချက်ကUNODC အဖွဲ့က ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ပြီး သူတို့ဆွေးနွေးမှာက ရေကြောင်းလမ်းကို အသုံးပြုပြီးမူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်နေတဲ့ ဂိုဏ်းတွေကိုတိုက်ဖျက်တဲ့အခါမှာ အများကြီးအသုံးဝင်နိုင်တဲ့ ပရိဂရမ်တွေ၊ အတွေ့အကြုံတွေကိုဖြန့်ဝေပေးမှာဖြစ်တယ်" ဟုမြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ရဲမှူးချုပ်အောင်ဝင်းဦးက ယင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ ရန်ကုန်မြို့တွင်ရှိသောUNODC ဌာနမှ ကိုယ်စားလှယ်နှင့် ကင်ညာနိုင်ငံမှ UNODC ကိုယ်စားလှယ်နှစ်ဦးကို ဖိတ်ခေါ်ထားပြီး မြန်မာနိုင်ငံနှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် UNDOC ၏ပေါင်းစပ်ညှိနှိုင်းမှု၊ အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေး၊ တားဆီးနှိမ်နင်းရေး၊ ဥပဒေရေးရာနှင့် အပြန်အလှန်အကူအညီပေးရေးကဏ္ဍများ၊ ဒေသခွဲအတွင်း လုပ်ငန်းစီမံချက်များချမှတ်ဆောင်ရွက်မှုတို့ကိုအဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

"ဒီဆွေးနွေးပွဲက စတုတ္ထအကြိမ်မြောက် ဖြစ်ပြီးUNODC အဖွဲ့ကဘင်းမ်စတက်အဖွဲ့ဝင် ၇ နိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အရာရှိတွေကိုစွမ်းရည်မြှင့်တင်ရေးလုပ်ငန်း၊ နည်းပညာပိုင်း၊ အရည်အသွေးမြင့်စက်ပစ္စည်းပိုင်းတွေကို ဘယ်လိုဖြည့်ဆည်းပေးမလဲ ဆိုတာတွေ ဆွေးနွေးသွားမှာဖြစ်တယ်" ဟုမြန်မာနိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးဌာန ဌာနမှူး ရဲမှူးကြီးမြင့်အောင်ကပြောဆိုသည်။

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ပထမအကြိမ် မူးယစ်ဆေးဝါးနှင့် ပရီကာဆာ ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေးလုပ်ငန်းခွဲအုပ်စုအစည်းအဝေးကို ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ၂၀၀၆ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တွင် ကျင်းပခဲ့ကြောင်း၊ တတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ယခုကျင်းပသည့် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။ ■

## သရုပ်ဆောင် မိုးအောင်ရင်ကို ဒုတိယအကြိမ် ချုပ်ရက် ရမန်ထပ်ယူ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးထားသောသရုပ်ဆောင် မိုးအောင်ရင်ကို စက်တင်ဘာလ ၁၂ ရက် မွန်းလွဲပိုင်းက ပုဇွန်တောင်မြို့နယ် တရားရုံးတွင် ဒုတိယအကြိမ် ချုပ်ရက်ရမန်ယူခဲ့သော်လည်း ရဲစစ်ဆေးချက် မပြည့်စုံသေးသောကြောင့် အင်းစိန် အကျဉ်းထောင်သို့ မလွှဲပြောင်းခဲ့ကြောင်း ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"မိုးအောင်ရင်ကိုရမန်ကြီး တစ်ပတ် ချုပ်ရက်ထပ်ယူပြီးပုဇွန်တောင် ရဲစခန်းကအချုပ်ခန်းမှာဆက်လက်ထိန်းသိမ်းထားမှာပါ၊ သူ့ဆေးစစ်ချက် အဖြေကခုထိမရသေးဘူး၊ ပြီးတော့ ရဲလုပ်ငန်းအရ စစ်ဆေးရမယ့် အချက်တွေကျန်နေသေးတယ်" ဟု ၎င်းကဆက်လက် ပြောကြားသည်။

သရုပ်ဆောင် မိုးအောင်ရင်ကို ဩဂုတ်လ ၂၉ ရက်နံနက်ပိုင်းကပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ နေကြာ/သာယာကုန်းလမ်းရှိ ခြောက်လွှာတိုက်ခန်းတစ်ခုတွင် တန်ဖိုးငွေကျပ် ရှစ်သောင်းကျော်ရှိ ICE ဟု ယူဆရသော မူးယစ်ဆေးဝါးနှင့် အတူဖမ်းမိခဲ့ပြီးပုဇွန်တောင်မြို့မရဲစခန်းမှ ၎င်းကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

မူးယစ်ဆေးဝါးမှုဖြင့် သရုပ်ဆောင် မိုးအောင်ရင် ဖမ်းဆီးမခံရခင် ရဲတပ်ဖွဲ့က ၎င်း၏နေအိမ်ဖြစ်သော တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်းရှိ မင်းရဲကျော်စွာအိမ်ရာမှ တိုက်ခန်းအတွင်းသို့ ဩဂုတ်လ ၂၉ ရက် နံနက် ၃ နာရီက ဝင်ရောက်စစ်ဆေးခဲ့ရာ မိုးအောင်ရင်၏ သူငယ်ချင်းအမျိုးသားနှစ်ဦးနှင့်အတူ ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက်များနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း တာမွေမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ■

DSS Steel
Distributor of GI Hollow pipes and Scaffolding system
Ph : 09 511 3546, 0997 66 44 550

# ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီ ဆန်ခါတင်ကုမ္ပဏီ ၁၀ ခုခန့်သာ ထားရှိမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများကို သယ်ယူပို့ဆောင်ရန် ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီအဖြစ် လျှောက်ထားသည့် ကုမ္ပဏီ ၂၀ ကျော်ရှိသည့်အနက် ၁၀ ခုခန့်သာဆန်ခါတင် ရွေးချယ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

"ကုမ္ပဏီနည်းလေ ကိုင်တွယ်ရတာ ပိုအဆင်ပြေလေဖြစ်တယ်။ အရေအတွက်နည်းနည်းကိုပဲ စည်းကမ်းထိန်းသိမ်းတော့ လစ်ဟာမှုမရှိဘဲ ထိရောက်မှုရှိနိုင်တယ်။ နောက်ဆုံး ကုမ္ပဏီဘယ်လောက်ပဲထားမယ်ဆိုတာတော့ ဆွေးနွေးရဦးမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အတွင်းရေးမှူး ဒေါက်တာမောင်အောင်ကဆိုသည်။

မထသ(ဗဟို)ကော်မတီလက်အောက်ရှိ ယာဉ်လိုင်း ၃၅၉လိုင်းအနက် ၂၆ လိုင်းကို ပယ်ဖျက်ခဲ့ပြီး ကျန်ရှိသည့် ၃၃၃ လိုင်းထဲမှ ရန်ကုန်ဘတ်စ်ကားအများပိုင် ကုမ္ပဏီအဖြစ်ပါဝင်ရန် ကုမ္ပဏီ ၁၂ ခုကို တင်ပြထားကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို)ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။

"ကျန်တဲ့ယာဉ်လိုင်းတွေက ကုမ္ပဏီမဖွဲ့နိုင်လို့ ပေါင်းစပ်ပြေးဆွဲလိုတယ်လို့ ပြောတဲ့သူရှိသလို၊ ဒီအတိုင်းပဲ သီးခြားပြေးဆွဲချင်တယ်လို့ ပြောလာကြတာရှိပါတယ်။ လက်ရှိ ရရှိထားတဲ့ စာရင်းကိုတော့ အာဏာပိုင်အဖွဲ့က တင်ပြထားပါပြီ။ နောက်ပိုင်းကို အဲဒီအဖွဲ့ကပဲ ဆက်လက်ဆုံးဖြတ်မှာဖြစ်တယ်"ဟု ၎င်းက ဆိုသည်။

အများပိုင် ကုမ္ပဏီယာဉ်များကို ယခင်ကဲ့သို့ ကျော်တက်မောင်းနှင်ခြင်းမရှိစေဘဲ စနစ်တကျမောင်းနှင်ရန် အမှတ်ပေးစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး စည်းကမ်းမဲ့မောင်းနှင်ပါက သတ်မှတ်ပေးသည့် အဆင့်ထက်ကျော်လွန်လျှင် အများပိုင်ကုမ္ပဏီအဖွဲ့ထံမှ ထုတ်ပယ်သည့်အထိ အရေးယူမည်ဖြစ်ကြောင်း ဒေါက်တာမောင်အောင်က ပြောကြားသည်။

အများပိုင်ကုမ္ပဏီများဖြင့် သယ်ယူပို့ဆောင်ရေးစနစ်ကို အောက်တိုဘာလတွင် စတင်နိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့၏ အဓိကလမ်းမကြီး ၂၀ တွင် အများပိုင် ကုမ္ပဏီယာဉ်များသာ ပြေးဆွဲခွင့်ရမည်ဖြစ်ပြီး အများပိုင်အဖွဲ့တွင် ပါဝင်ခြင်းမရှိသည့် ယာဉ်ပိုင်ရှင်များကို အစုရှယ်ယာရှင်အဖြစ်သာ ပါဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ရွှေညွှာသည်၊ မေတ္တာလှိုင်း၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေး၊ မထသ (မြို့တွင်း)၊ မထသ (တောင်ပိုင်းခရိုင်)၊ စံဝေလ၊ ရွှေရန်ကုန်စသည့် ယာဉ်လိုင်းများက အများပိုင်ဘတ်စ်ကားကုမ္ပဏီအဖွဲ့တွင် ပါဝင်ရန် လျှောက်လွှာတင်ထားကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို)ကော်မတီထံမှ သိရသည်။ ■

# ရခိုင်ပြည်နယ်ရှိ သယံဇာတနှင့် မြေယာပိုင်ဆိုင်ခွင့် ရခိုင်လူထုရရှိရေး တောင်းဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရခိုင်ပြည်နယ်ရှိ သယံဇာတနှင့်မြေယာများကို ရခိုင်ပြည်သူလူထုက ပိုင်ဆိုင်ခွင့်၊ ကိုယ်တိုင်စီမံပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် ရရှိရေးအတွက် ရခိုင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကွန်ရက်က တောင်းဆိုလိုက်သည်။

ရခိုင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကွန်ရက်က ဦးဆောင်ကာ ရခိုင်အမျိုးသားပါတီမှ ကိုယ်စားလှယ်များ၊ ကွန်ရက်အတွင်းရှိ အဖွဲ့ဝင်များမှ စက်တင်ဘာလ ၁၂ ရက်နေ့ ရန်ကုန်မြို့ ယုဇနဟိုတယ်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကာ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

"ရခိုင်ပြည်နယ်မှာရှိတဲ့ သယံဇာတတွေကို လက်ရှိအချိန်မှာရော အရင်ကရော ဗဟိုအစိုးရက တိုက်ရိုက်စီမံခန့်ခွဲနေတဲ့အတွက် ပြည်သူတွေမှာ အကျိုးခံစားခွင့် မရှိဘူး။ စီမံကိန်းကနေ ဘယ်လောက်ရတယ်ဆိုတာလည်းမသိဘူး၊ သယံဇာတတွေကသာ ပြုန်းတီးလာပေမယ့် ရခိုင်ပြည်သူတွေက အကျိုးခံစားခွင့်မရခဲ့ဘူး၊ ဒါကြောင့် ဒီသယံဇာတတွေကို ရခိုင်တိုင်းရင်းသားတွေကသာ ပိုင်ဆိုင်ခွင့်နဲ့ စီမံခန့်ခွဲခွင့်ရဖို့ တောင်းဆိုရခြင်းဖြစ်တယ်"ဟု ရခိုင့်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကွန်ရက် ဦးဆောင်ကော်မတီဝင် ဦးထွန်းကြည်က ပြောကြားသည်။

အလားတူပင် ရခိုင်ပြည်နယ်တွင်းရှိ မြေယာများကို ပြည်သူများအနေနှင့် ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲပိုင်ခွင့်ရရှိရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ ခုတို့တွင် လူထုလှုပ်ရှားမှုအသွင် ဆန္ဒပြုလက်မှတ်ထိုး ကမ်ပိန်းတစ်ခုကို ပြုလုပ်ခဲ့ရာ လက်ရှိတွင် လက်မှတ်ပေါင်း သုံးသိန်းကျော်ကို ရရှိကောက်ခံထားပြီဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးစသည်ဖြင့် အဘက်ဘက်မှ ချိုးဖောက်ခံနေရမှုများကြောင့် ယခုထိတိုင် ဆင်းရဲနွမ်းပါးမှုများ ရှိနေရသောကြောင့် ပြည်သူ့အစိုးရသစ်တက်လာသည့်အချိန်တွင် ရခိုင်လူထုအနေနှင့် ဖွဲ့စည်းပုံပါ သယံဇာတဆိုင်ရာ ဥပဒေများကို ပြောင်းလဲပေးနိုင်ရန် လူထုလှုပ်ရှားမှုအသွင်နဲ့ ဆန္ဒလက်မှတ်ကောက်ခံခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ ဦးဆောင်ကော်မတီဝင် ဦးဇေယျာကျော်က ဆိုသည်။

ယင်းသို့ ကောက်ခံရရှိလာသော လက်မှတ်များကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဝန်ကြီးဌာနများအပြင် ကုလသမဂ္ဂအထိပါ ပေးပို့သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ထို့ပြင် ရခိုင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကွန်ရက်မှ ဦးဆောင်ကာ ရခိုင်ပြည်နယ် စစ်တွေမြို့မှ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းများ အများဆုံး တည်ရှိရာ ကျောက်ဖြူမြို့သို့ လမ်းလျှောက်၍ လူထုလှုပ်ရှားမှုတစ်ရပ်ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းကွန်ရက်ထံမှ သိရသည်။

ယခုလက်ရှိ တရုတ်နိုင်ငံသို့တင်ပို့ရောင်းချနေသော ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ အကျိုးအမြတ်များကိုလည်း ရခိုင်ပြည်သူတို့အနေနှ င့် အကျိုးခံစားခွင့် မရရှိသည့်အပြင် လယ်ယာမြေဆုံးရှုံးမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများကို ထိုစီမံကိန်း၏ ဘေးထွက်ဆိုးကျိုးများအဖြစ် စီမံကိန်းနယ်မြေရှိ ရခိုင်ပြည်သူလူထုက ခံစားနေကြကြောင်း ယင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ရခိုင်ပြည်နယ်တွင် ကုန်းတွင်းနှင့် ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်ပေါင်း ၂၅ ကွက်ရှိသည့်အနက် လုပ်ကွက် ၁၈ ခုတွင် စမ်းသပ်ရှာဖွေ တူးဖော်ထုတ်လုပ်လျက်ရှိပြီး နေပူခံကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ တိုက်တေနီယမ် စီမံကိန်းနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်လုပ်ငန်းများလည်းရှိကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

ရခိုင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကွန်ရက်သည် ၂၀၁၃ ခုနှစ် အစောပိုင်းတွင် စတင်ဖွဲ့စည်းခဲ့ရာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့မှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ယင်းကွန်ရက်ထံမှ သိရသည်။ ■



# အာရှဘဏ်နှင့် ပြင်သစ်အေဂျင်စီ ဒေါ်လာသန်း ၂၀၀ ကျော် ချေးရန် လွှတ်တော်သို့ တင်ပြ

**နေပြည်တော်၊ စက်တင်ဘာ ၁၂**

စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ(AFD)မှ အမေရိကန် ဒေါ်လာသန်း ၂၀၀ ကျော်ကိုချေးယူမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ယနေ့ ကျင်းပသော ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လိုက်သည်။

ချေးယူမည့် ပမာဏမှာ အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၁၈၅ ဒသမ ၅ သန်းနှင့် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီမှ ယူရို ၂၅ သန်းဖြစ်ကြောင်း နိုင်ငံတော်သမ္မတ၏ ပေးပို့သောစာတွင် ဖော်ပြပါရှိသည်။

ယင်းချေးငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် ဒေါ်လာ ၇၅ သန်းနှင့်ယူရို ၂၅ သန်း၊ ပညာရေးဝန်ကြီးဌာနအတွက် ဒေါ်လာ ၉၈ ဒသမ ၅ သန်းအပါအဝင် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအတွက် ဒေါ်လာ ၁၂ သန်း သုံးစွဲရန် လျာထားထားခြင်း ဖြစ်သည်။

ယင်းငွေကြေးသုံးစွဲနိုင်ရန် နိုင်ငံတော်သမ္မတ ကိုယ်စား ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအတွက် ဒေါက်တာမျိုးသိမ်းကြီးနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနအတွက် ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းဝင်းက လာရောက်ရှင်းလင်းခဲ့သည်။

ယင်းချေးငွေသည် ဆိုင်းငံ့ကာလ ၈နှစ်၊ ပြန်ဆပ်ကာလတွင် အာရှဖွံ့ဖြိုးရေးဘဏ်သို့ ၂၄ နှစ်ကြာပြန်ဆပ်ပြီး ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီသို့ ၁၂ နှစ် ကြာအထိ ပြန်လည်ပေးဆပ်ရန် လျာထားထားကြောင်း ၎င်းတို့က ရှင်းပြသည်။

အတိုးနှုန်းမှာ ဆိုင်းငံ့ကာလတွင် ၁ ရာခိုင်နှုန်းနှင့် ပြန်ဆပ်ကာလတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း ပေးဆပ်ရမည်ဖြစ်ကြောင်း ၎င်းတို့က ထပ်လောင်းပြောသည်။

စီမံစီးပွား ဝန်ကြီးဌာနအနေနှင့် ယင်းရှင်းလင်းချက်အတိုင်း လွှတ်တော်မှ အတည်ပြုချက်ရယူပေးရန် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆိုသည်။

ယင်းကိစ္စကို လွှတ်တော်မှ ဆွေးနွေးလိုပါက ၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရမည်ဖြစ်ကြောင်း လွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာခဲ့သည်။ ■

# လွှတ်တော်ဥက္ကဋ္ဌဟောင်းတင်ပြသောအဆို အတည်မပြု

**နေပြည်တော်၊ စက်တင်ဘာ ၁၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးခင်အောင်မြင့်တင်ပြသော တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ်အားပေး မြှင့်တင်ရန် အဆိုကိုလွှတ်တော်က ကန့်ကွက်မဲများသောကြောင့် အတည်မပြုကြောင်း ကြေညာခဲ့သည်။

ယင်းအဆိုကိုအမျိုးသား လွှတ်တော်တွင် ကိုယ်စားလှယ် ၂၄ ဦးက ဆွေးနွေးခဲ့ပြီး မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၈၂ မဲ၊ ကန့်ကွက်မဲ ၁၀၇ မဲ နှင့် ကြားနေမဲ ၇ မဲဖြစ်သောကြောင့် အထက်ပါအတိုင်း ဆုံးဖြတ်ခဲ့ ခြင်း ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ပြီးမှသာ ပြုလုပ်ရန်လိုလားပြီး လက်ရှိအချိန်တွင် မှတ်တမ်းအဖြစ်သာ ထားရှိရန် မှတ်ချက်ပြုခဲ့ပြီး အဆိုတင်သွင်းသူ ဦးခင်အောင်မြင့်က တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လုပ်ဆောင်ရန် လိုအပ်ခြင်းကြောင့် တင်ပြရခြင်းဖြစ်ကြောင်း ပြောဆိုထားသည်။

ယင်းအဆိုကို ဆွေးနွေးရာတွင် မှတ်တမ်းအဖြစ်သာထားရှိရန် လွှတ်တော်ကိုယ်စားလှယ်အချို့ ဆွေးနွေးမှုသည် လွှတ်တော်ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးနှင့် အဆိုတင်ပြသူတို့၏စည်းကို ကျော်လွန်ခြင်းဖြစ်ပြီး လွှတ်တော်ဥပဒေ၊ နည်းဥပဒေကို ကျော်လွန် ပြောဆိုခြင်းဖြစ်ကြောင်း ဦးခင်အောင်မြင့်က ပြောဆိုခဲ့သည်။ ■

# MDCF ခေါင်းဆောင် ဦးထင်ကျော်အမှု နှစ်ဖက်လျှောက်လဲချက် ကြားနာ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**




အရင်အစိုးရလက်ထက်တွင် အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးခံခဲ့ရသည့် MDCF ခေါင်းဆောင် ကိုထင်ကျော်ကို ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းက ရန်ကုန်မြို့တရားရုံးတစ်ခုတွင် ရုံးထုတ်လာစဉ်

ဒီမိုကရေစီအရေး စဉ်ဆက်မပြတ်လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် ကိုထင်ကျော် အပါအဝင် လေးဦးကိုစွဲဆိုထားသည့် အမှုနှင့်ပတ်သက်၍ စက်တင်ဘာလ ၁၂ ရက် နံနက်ပိုင်းက အရှေ့ပိုင်းခရိုင် တရားရုံးတွင် နှစ်ဖက်လျှောက်လဲချက် ကြားနာခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရှိရသည်။

အဆိုပါ နှစ်ဖက်လျှောက်လဲချက် ကြားနာခဲ့သည့် အမှုမှာ ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့က ကိုထင်ကျော် အပါအဝင်အမျိုးသားလေးဦးကမြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်ပိုင် အားကစားကွင်း မြေနေရာတစ်ခုတွင် မြေကွက်များရိုက် ခြံစည်းရိုးများ ခတ်ထားသည်ကို ဝင်ရောက် ဖယ်ရှားခဲ့သည်ဟုဆိုကာ ရာဇသတ်ကြီးပုဒ်မ ၄၄၇/၄၂၇ ဖြင့် ယင်းမြို့နယ်တရားရုံးတွင် တရားစွဲဆိုစစ်ဆေးခဲ့သည့်အမှုဖြစ်ကြောင်း အရှေ့ပိုင်းခရိုင်တရားရုံးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ခြံစည်းရိုးဖျက်ဆီးလို့ဆိုပြီး မြောက်ဥက္ကလာပမြို့နယ် တရားရုံးမှာ တရားစွဲစစ်ဆေးနေတဲ့ အမှုဖြစ်ပြီး တရားလိုပြသက်သေတွေစစ်ဆေးပြီး စွဲချက်တင် အမိန့်ချမှတ်ခဲ့တဲ့အပေါ် မကျေနပ်လို့ ခရိုင်ကိုတက်လာတဲ့ အမှုဖြစ်တယ်၊ ဒီအမှုအတွက် ပြစ်မှုပြင်ဆင်ချက်နဲ့ လက်ခံဆောင်ရွက်ခဲ့ပြီး လာမယ့်စက်တင်ဘာလ ၁၆ ရက်နေ့မှာ အပြီးသတ်အမိန့်ချမှတ်မယ်" ဟု၎င်းကဆက်လက်ပြောကြားသည်။

မြောက်ဥက္ကလာပမြို့နယ်တရားသူကြီးက စွဲချက်တင်အမိန့်ချမှတ်ရမည့်ပုံစံကို အပြီးသတ်အမိန့်ချမှတ်ရမည့် ပုံစံနှင့် မှားယွင်းစွာချမှတ်ခဲ့သောကြောင့် ယင်းအမှုကိုခရိုင်တရားရုံးတွင်ပြောင်းလဲစစ်ဆေးပေးရန် ကိုထင်ကျော် အပါအဝင် လေးဦးမှ တင်ပြခဲ့ကြောင်း၊ တရားစီရင်မှုမှားယွင်းခဲ့သည့် မြို့နယ်တရားသူကြီးကို တရားစွဲဆိုနိုင်ရန် ခရိုင်တရားရုံးထံ ဦးတိုက်လျှောက်ထားခဲ့ကြောင်း ကိုထင်ကျော်က ပြောကြားသည်။

"တရားသူကြီးအမှားကိုတရားစွဲဖို့ စာတင်ခဲ့ပေမယ့် ခရိုင်တရားသူကြီးက စေတနာအမှားပါဆိုပြီး လက်မခံဘဲပယ်ချခဲ့တယ်၊ တရားစီရင်တဲ့ ဓမ္မသတ်ကျင့်ထုံးမှာစေတနာအလျှောက်သော်လည်းကောင်း၊ ဒေါသအလျောက်သော်လည်းကောင်း တရားစီရင်ရာတွင် ဥပဒေကင်းလွတ်ချော်လွဲမှား၍ မပြုအပ်လို့ ပြဌာန်းထားပြီးသား" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

မြောက်ဥက္ကလာပမြို့နယ်တရားသူကြီးကို အရေးယူပေးရန် ဦးတိုက်လျှောက်ထားမှုနှင့်ပတ်သက်၍ ခရိုင်တရားရုံးက ပယ်ချခဲ့သော်လည်း တိုင်းတရားရုံးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း MDCF ခေါင်းဆောင် ကိုထင်ကျော်ထံမှ သိရှိရသည်။ ■

# ဥပဒေ ၄၈ ခုကို ဦးစားပေးပြဌာန်းရန် အထူးကော်မရှင် လွှတ်တော်သို့ တင်

**နေပြည်တော်၊ စက်တင်ဘာ ၁၂**

လက်ရှိခေတ်ကာလနှင့် ကိုက်ညီသည့် ဥပဒေပေါင်း ၄၈ခုကိုဦးစားပေးပြဌာန်းရန်နှင့် ပြဌာန်းပြီးသား ဥပဒေအချို့တွင် နည်းဥပဒေမထုတ်ပြန်ဘဲ ကြန့်ကြာနေသည့်ဥပဒေများစွာ ရှိနေကြောင်း ဥပဒေရေးရာနှင့် အထူးလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်က တင်ပြလိုက်သည်။

ယနေ့ ကျင်းပသောပြည်ထောင်စုလွှတ်တော်တွင် ကော်မရှင်ကိုယ်စား ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုနိုင်က တင်ပြခဲ့ခြင်း ဖြစ်သည်။

ဥပဒေတစ်ရပ်ပြဌာန်းပြီးပါက လိုအပ်သည့်နည်းဥပဒေကို သုံးလ(ရက်ပေါင်း ၉၀) အတွင်း ရေးဆွဲထုတ်ပြန်ရန် သတ်မှတ်ထားသော်လည်း ဥပဒေပြဌာန်းပြီး ၃နှစ်ခန့်ကြာသည့်တိုင်အောင် နည်းဥပဒေရေးဆွဲ ထုတ်ပြန်ခြင်းမရှိသေးသည်ကို စိစစ်တွေ့ရှိရကြောင်း ကော်မရှင်ကဆိုသည်။

"နည်းဥပဒေမရှိသေးသဖြင့် လိုက်နာရမည့်သူများက မည်သို့လိုက်နာရမည်ကိုမသိရှိသလို အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ဌာန၊ အဖွဲ့အစည်းကလည်း မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ကို မသိရှိနိုင်ပါ" ဟု ဦးကိုကိုနိုင်ကဆိုသည်။

ပြီးခဲ့သည့် ပထမအကြိမ် လွှတ်တော်ကာလအတွင်း ပြဌာန်းခဲ့သည့် ဥပဒေများမှ နည်းဥပဒေ ထုတ်ပြန်ခြင်းမရှိသေးသည့် ဥပဒေပေါင်း ၂၇ခုရှိနေကြောင်း ကော်မရှင်၏ အစီရင်ခံစာတွင် ပါရှိသည်။

နည်းဥပဒေမထွက်သောကြောင့် ရေးဆွဲထုတ်ပြန်ပေးရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်ရှိစဉ် ပထမအကြိမ် လွှတ်တော်တွင် အရေးကြီးအဆို တင်ပြခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

လက်ရှိတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း သူရဦးရွှေမန်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အထက်ပါအတိုင်း အစီရင်ခံစာတင်ပြခဲ့ခြင်း ဖြစ်သည်။

ယင်းအစီရင်ခံစာတင်ပြချက်ကို လွှတ်တော်မှ ဆက်လက်ဆွေးနွေးပြီး အတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာခဲ့သည်။

ဦးစားပေးပြဌာန်းရန် တင်ပြသော ဥပဒေများမှာ (၁)ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲရေးဆိုင်ရာဥပဒေ(၂) အစိုးရဝယ်ယူရေး ဥပဒေ(Procurement Law)(၃) သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ အကာအကွယ်ပေးရေးဥပဒေ(Safeguard Law)(၄) ဒီဇိုင်းဥပဒေ(၅) ကုန်အမှတ်တံဆိပ် ဥပဒေ(၆) မူပိုင်ခွင့် ဥပဒေ(Copy Right Law)(၇) တီထွင်မှု မူပိုင်ခွင့်ဥပဒေ(Patent Law)(၈) အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေး ဥပဒေ(၉) ပေါက်ဈေးအောက်လျှော့၍ ရောင်းချခြင်းကို တားဆီးရေးဥပဒေ (Anti-Dumping Law) (၁၀) ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေ(၁၁) ထောက်ပံ့တင်ပို့မှု အပေါ်အကာအကွယ်ပေးရေးဥပဒေ (Countervailing Law)(၁၂) ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ(၁၃) နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာဥပဒေ(၁၄) မသင်မနေရပညာရေး ဥပဒေ(၁၅) Information and Technology Law(IT Law) (၁၆) မြန်မာ့ပုဂ္ဂလိကပိုင် ပြုလုပ်ရေးဥပဒေ(၁၇) အလုံကုန်ပစ္စည်းဥပဒေ(၁၈) ကုန်သွယ်ရေကြောင်းသွားလာရေးတူးမြောင်းဥပဒေ(၁၉) နိုင်ငံခြားသားအလုပ်သမားဆိုင်ရာဥပဒေ (၂၀) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ(၂၁) စက်မှုဇုန်ဥပဒေ (၂၂) ခာတ်ခွဲခန်းဆိုင်ရာ အရည်အသွေးစစ်ဆေးရေးဥပဒေ(၂၃) အမျိုးသားပြတိုက်နှင့် ပြတိုက်များဥပဒေ(၂၄) အမျိုးသားစာကြည့်တိုက်ဥပဒေ (၂၅) အပင်နှင့်အပင်ထွက်ပစ္စည်းများ ပိုးမွှားရောဂါထိန်းချုပ်ရေး ဥပဒေ(၂၆) ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဥပဒေ (၂၇) အခြေခံပညာရေး ဥပဒေ(၂၈) ပုဂ္ဂလိကသင် ပညာရေးဥပဒေ (၂၉) အဆင့်မြင့် ပညာရေးဥပဒေ(၃၀) မြို့နယ်၊ ခရိုင်၊ တိုင်း ဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေများ(၃၁) ကြွေးမြီဆိုင်ရာ သတင်း အချက်အလက် ဥပဒေ (၃၂) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများအား အကာအကွယ်ပေးရေး ဥပဒေ(၃၃) မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေ(၃၄) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲဝန်ထမ်းဆိုင်ရာဥပဒေ (၃၅) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေ (၃၆) မြန်မာ့လေဆိပ်များ အာဏာပိုင် ဥပဒေ (၃၇) တိကျစွာတိုင်းတာခြင်းနည်းပညာဥပဒေ (၃၈) မြန်မာနိုင်ငံ ကျန်းမာရေးမှုးကောင်စီ ဥပဒေ (၃၉) မြန်မာနိုင်ငံ ဆေးဝါးကောင်စီ ဥပဒေ(၄၀) တိုင်းရင်း ဆေးပညာဖြင့် ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းဆိုင်ရာဥပဒေ(၄၁) HIV ပိုးကူးစက်ခံရသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေ(၄၂) ဆေးပစ္စည်းကိရိယာဥပဒေ (၄၃) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းအဖြစ်သို့ ပြောင်းလဲသည့် ဥပဒေ (၄၄) တိရစ္ဆာန်မွေးမြူရေးနှင့် ကျန်းမာရေး ဥပဒေ(၄၅) အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(၄၆) မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းဥပဒေ (၄၇) အဆောက်အအုံနှင့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးဥပဒေနှင့် (၄၈) တံတားကြီးများဥပဒေတို့ ဖြစ်သည်။ ■

စိန် လေမှုတ်စက်လုပ်ငန်း မှ
Compressor များကို ချိုသာသောဈေးနှုန်းများဖြင့် ပစ္စည်းစုံ ရောင်းချပေးနေပါသည်။
www.seinaircompressor.com

# မြန်မာနိုင်ငံသားများဘဏ်၏ ရှယ်ယာဈေးနှင့် အရောင်းအဝယ်ပြန်ကျ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရန်ကုန်စတော့အိတ်ချိန်းတွင် တတိယကုမ္ပဏီအဖြစ်ရှယ်ယာအရောင်းအဝယ်လုပ်ဆောင်သော မြန်မာနိုင်ငံသားများဘဏ်၏ ရှယ်ယာဈေးနှုန်းနှင့် အရောင်းအဝယ်ပမာဏမှာပြန်လည်ကျဆင်းလျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်းထံမှ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာအရောင်းအဝယ်လုပ်ဆောင်သော သီတင်းပတ်နှစ်ပတ်ကျော် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ရှယ်ယာဈေးနှုန်းသည် ကျပ် ၉၃၀၀ နှင့် ရှယ်ယာအရောင်းအဝယ်ပမာဏသည် ရှယ်ယာအရေအတွက် ခြောက်ရာကျော်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ရှယ်ယာများ စတင်အရောင်းအဝယ်လုပ်ဆောင်သော ဩဂုတ်လ ၂၆ ရက်နေ့မှ စက်တင်ဘာလ ၂ ရက်နေ့အထိသာ ရှယ်ယာအရောင်းအဝယ်ပမာဏသည် နှစ်သောင်းကျော်မှ တစ်သောင်းဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကာ နောက်ပိုင်းရက်များတွင် ပြန်လည်ကျဆင်းလာခြင်းဖြစ်သည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံသူများသည် စတော့အိတ်ချိန်းနှင့်ပတ်သက်၍ အတွေ့အကြုံနည်းပါးလျက်ရှိပြီး ရေတိုရင်းနှီးမြှုပ်နှံလိုသူများသာ ရှယ်ယာအရောင်းအဝယ် လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပြီး နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများဝင်လာပါက ဈေးကွက်ပိုမိုသွက်လက်လာနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံသားများဘဏ်၏ ရှယ်ယာဈေးနှုန်းသည် အမြင့်ဆုံးဈေး ကျပ် ၁၃,၅၀၀ အထိ မြင့်တက်ခဲ့ဖူးပြီး ယခင်ကုမ္ပဏီများအတိုင်း အစပိုင်းများတွင်သာ ရှယ်ယာအရောင်းအဝယ်အများအပြားရှိခဲ့ကာ အချိန်ကြာလာသည်နှင့်အမျှ စိတ်ဝင်စားမှုကျဆင်းကြောင်း ရန်ကုန်စတော့အိတ်ချိန်း စာရင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ FMI ကုမ္ပဏီ၊ သီလဝါအထူးစီးပွားရေးဇုန်အများပိုင်ကုမ္ပဏီ (MTSH) နှင့် မြန်မာနိုင်ငံသားများဘဏ် (MCB) တို့က ရှယ်ယာအရောင်းအဝယ် လုပ်ဆောင်လျက်ရှိသည်။ ■



ဓာတ်ပုံ-The Voice

# ဧည့်စာရင်းတိုင်ရန် သင့်၊ မသင့် လူထုဆန္ဒ အွန်လိုင်းမှတစ်ဆင့် စစ်တမ်းကောက်ယူ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းတွင်ပါရှိသည့် ဧည့်စာရင်းတိုင်ကြားရမည့်အချက်ကို ပယ်ဖျက်သင့်၊ မသင့် အချက်နှင့် ပတ်သက်၍ ပြည်သူလူထု၏သဘောဆန္ဒများကို အွန်လိုင်းမှတစ်ဆင့် စစ်တမ်းကောက်ယူမှုများ ပြုလုပ်နေကြောင်း ရပ်/ကျေးဥပဒေပြင်ဆင်ရေးပူးပေါင်းအဖွဲ့ထံမှ သိရသည်။

ရပ်ကျေး ဥပဒေပြင်ဆင်ရေးပူးပေါင်းအဖွဲ့က စက်တင်ဘာလဆန်းမှစတင်ကာ ရပ်ကျေး ဥပဒေပါ ဧည့်စာရင်းတိုင်ကြားရမည့် အချက်၊ ဧည့်စာရင်း စစ်ဆေးရမည့်အချက်၊ ယင်းနှင့်ဆက်စပ်၍ ပြစ်ဒဏ်တို့ကို ဥပဒေတွင် ဆက်လက်ထားရှိမည် (သို့မဟုတ်) ပယ်ဖျက်မည်ဟူသော ပြည်သူ့ သဘောထားစစ်တမ်းကောက်ယူ ခြင်းကို အွန်လိုင်းမှ တစ်ဆင့် ပြည်သူ့ဆန္ဒသဘောထားများ ကောက်ယူနေကြောင်း ရပ်/ကျေး ဥပဒေ ပြင်ဆင်ရေးပူးပေါင်းအဖွဲ့ဝင် မသင်ဇာရွှန်းလဲ့ရည်က ပြောသည်။

"ဧည့်စာရင်းနဲ့ ပတ်သက်တဲ့ ကိစ္စက လွှတ်တော်မှာ ဆွေးနွေးမှုတွေက ပြင်းထန်လာတယ်၊ ဒီကိစ္စက ထိလွယ်ရှလွယ်တဲ့ ကိစ္စတစ်ခုဖြစ်တာကြောင့် ကျွန်မတို့အရပ်ဘက်အဖွဲ့အစည်းတွေ အနေနဲ့က ကိုယ့်ယူဆချက်ကို ဆွေးနွေးနေလို့မဖြစ်တော့ပဲ အချက်အလက်နဲ့ပြောဖို့ လိုအပ်လာတယ်၊ ဒါကြောင့် ကျွန်မတို့တွေက လွှတ်တော်ကို ပံ့ပိုးကူညီချင်တဲ့ ရည်ရွယ်ချက်နဲ့ စစ်တမ်းကို ကောက်ယူခဲ့တာပါ" ဟု ၎င်းက ရှင်းပြသည်။

ယင်းစစ်တမ်းတွင် ပါဝင်ဖြေဆိုသူ၏ အမည်၊ နေထိုင်ရာနေရာ၊ ဧည့်စာရင်းနှင့် ပတ်သက်၍ ပယ်ဖျက်လိုသလား၊ အဘယ်ကြောင့် ပယ်ဖျက်လိုကြောင်းနှင့် မပယ်ဖျက်ဘဲ ထားရှိမည် ဆိုပါက အဘယ်ကြောင့် ထားရှိလိုကြောင်းများ ပါဝင်သည့်အပြင် ဧည့်စာရင်းနှင့် ပတ်သက်၍လည်း အခြားပြောဆိုလိုသော အကြောင်းအရာများကို ရင်ဖွင့်ပြောကြားနိုင်သည့် အခန်းကဏ္ဍများပါဝင်ကြောင်း ၎င်းက ရှင်းပြသည်။

ရပ်/ကျေးဥပဒေပါ ဧည့်စာရင်းတိုင်ကြားရမည့် အချက်ကို ပယ်ဖျက်လိုက်ပါက ရာဇဝတ်မှု ကျူးလွန်သူများ၏ အန္တရာယ်နှင့် အခြားသူစိမ်းများ မိမိတို့ရပ်ကွက်ကျေးရွာအတွင်းသို့ ဝင်ရောက်လာနိုင်သည်ကို နယ်မြို့နေ ပြည်သူများက စိုးရိမ်မှုများရှိနေကြောင်း စစ်တမ်းကောက်ယူချက်များအပေါ် အခြေခံ၍ ၎င်းက ဆိုသည်။

အလားတူပင် ဧည့်စာရင်းတိုင်ကြားခြင်းသည် အပိုအလုပ်တစ်ခုဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများကလည်း နေ့စဉ်လစဉ် ထိရောက်စွာ စစ်ဆေးနိုင်ခြင်းများ မရှိသောကြောင့် မညီမျှမှုများရှိနေပြီး ပုဂ္ဂလိက လူ့အခွင့်အရေး လွတ်လပ်ခွင့်ကို ချိုးဖောက်ရာရောက်နေသောကြောင့် ဖျက်သိမ်းသင့်သည်ဟု ယူဆသူများလည်းရှိကြောင်း ရပ်/ကျေး ဥပဒေပြင်ဆင်ရေး ပူးပေါင်းအဖွဲ့၏ စစ်တမ်းများအရ သိရသည်။

ရပ်/ကျေး ဥပဒေပြင်ဆင်ရေး ပူးပေါင်းအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့နှင့် ထိတွေ့မှုများရှိသောကြောင့် ယခုစစ်တမ်းသည် ပြည်သူများ၏ သဘောထားအမြင်များကို ဘက်လိုက်မှုမရှိဘဲ ရှင်းလင်းစွာကောက်ခံသွားမည်ဖြစ်ပြီး ယင်းမှ ရရှိလာသော ခိုင်မာသည့် အချက်အလက်များကို ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ သတင်းအချက်အလက်ထောက်ပံ့သည့်အသွင်နှင့် ပေးပို့သွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

လက်ရှိလွှတ်တော်တွင် ဆွေးနွေးနေသည့် ရပ်/ကျေးဥပဒေကြမ်းတွင် ဧည့်စာရင်းတိုင်ကြားရမည့်အချက် ပယ်ဖျက်ရန်နှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ရွေးချယ်ပိုင်ခွင့်နှင့် ပညာရေးကန့်သတ်ထားသည့် အချက်များအပါအဝင် အဓိကအချက် ၁၀ ချက်ကို ရပ်/ကျေးဥပဒေ ပြင်ဆင်ရေးပူးပေါင်းအဖွဲ့၏ တင်ပြတောင်းဆိုမှုအပေါ် ဆွေးနွေးလျက်ရှိသည်။ ■

# အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းသားအချို့ ကျောင်းသားစာရင်းမှ ပယ်ဖျက်ခံရခြင်းကို မိဘများမသိ

**မန္တလေး၊ စက်တင်ဘာ ၁၂**

ပုသိမ်ကြီးမြို့နယ်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းသားအချို့ကို ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်း မပြည့်ဟုဆိုကာ ပညာသင်နှစ် တစ်နှစ်တာ ကျောင်းသားစာရင်းမှ ပယ်ဖျက်ခဲ့သည်ကို ကျောင်းသားမိဘများအနေနှင့် အချိန်မီသိရှိခဲ့ခြင်းမရှိကြောင်း ကျောင်းထုတ်ခံရသော ကျောင်းသားများ၏ မိဘများထံမှ သိရသည်။

အဆိုပါအထက်ကျောင်း၏ ကျောင်းအာဏာပိုင်များက ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းအောက် လျော့နည်းနေသူများအနက်မှ အဆိုးဆုံး ကျောင်းသားခုနစ်ဦးကို စက်တင်ဘာလ ၂ ရက်နေ့ကစ၍ ပညာသင်ယူခွင့် ရပ်နားထားခဲ့သည်ဟု ၎င်းတို့က ပြောဆိုသည်။

"ကျောင်းထုတ်မယ့်ကိစ္စကိုကြိုတင်အကြောင်းကြားခဲ့ခြင်း၊ မိဘတွေကို ခေါ်ယူတွေ့ဆုံ သတိပေးခြင်းမျိုး တစ်ခုမှ မရှိခဲ့ဘူး။ ကျွန်တော့်သား ကျောင်းထုတ်ခံရတယ်ဆိုတာကိုတောင် စက်တင်ဘာလ ၅ ရက်နေ့လောက်ကမှ အပြင်ကသိရတာ။ ကျောင်းကို သွားကြည့်တော့မှ တကယ်ဖြစ်နေတာ" ဟု ကျောင်းထုတ်ခံခဲ့ရသည့် ကျောင်းသားတစ်ဦး၏ ဖခင်ဖြစ်သူ ဦးမြဝင်းက ပြောကြားသည်။

ကျောင်းတာဝန်ရှိသူများက ယင်းအကြောင်းကြားစာကို ဩဂုတ်လ ၄ ရက်နေ့က တစ်ကြိမ်၊ ၂၆ ရက်နေ့ကတစ်ကြိမ် ပေးပို့ခဲ့သည် ဟု ပြောကြားခဲ့သော်လည်း ၂၆ ရက် ၈ လ ၂၀၁၆ ရက်စွဲပါ စာတစ်စောင်သာ စက်တင်ဘာလ ၅ ရက်နေ့က ရောက်ရှိလာကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"ငါးဆယ် ရာခိုင်နှုန်းအောက်ရောက်နေတဲ့ ကျောင်းသားတွေအားလုံးကို ထုတ်လိုက်တာပါ၊ ကျောင်းသားမိဘတွေဆီကို စာနှစ်စောင် ပို့ပြီးတော့မှ ထုတ်တာပါဗျ၊ ပထမအကြိမ်က မိဘတွေကို ခေါ်တယ်၊ သူတို့ဆီရောက်တာ မရောက်တာကိုတော့ ကျွန်တော်မသိဘူး၊ သူတို့ရဲ့မိသားစု ဆရာမတွေကလည်း ဖုန်းဆက်ပါတယ်၊ လာမတွေ့ကြဘူး။ အခုလို မသိဘူးဆိုတာတော့ စာတိုက်နဲ့ရှင်းရမှာပေါ့၊ ရောက်တာမရောက်တာကိုတော့ ကျွန်တော်တို့က အိမ်ထိလိုက်မကြည့်နိုင်ဘူးလေ" ဟု အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးညိုချောက ပြောကြားသည်။

ကျောင်းခေါ်ချိန် ၅၀ ရာခိုင်နှုန်းအောက်သာရှိသည့် ကျောင်းသားများကိုသာ ကျောင်းထုတ်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့ မထုတ်မီကလည်း သက်ဆိုင်ရာဌာနမှူးများမှတစ်ဆင့် ကျောင်းသားများကို သတိပေးခြင်း၊ ဩဂုတ်လကုန်ရက်များအတွင်းကလည်း နေ့စဉ်ကျောင်းတက်ရန် ညွှန်ကြားခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့သတိပေးညွှန်ကြားသည့်ကြားမှ ပျက်ကွက်သည့် ကျောင်းသားများကို ကျောင်းသားစာရင်းမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အစိုးရနည်းပညာအထက်ကျောင်းမှ ကျောင်းသားကျောင်းသူများအနေနှင့် ပထမနှစ်ဝက်မတိုင်မီကာလကပင် ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်း အပြည့် ကျောင်းတက်ရန်လိုအပ်ကြောင်း၊ ယခုကဲ့သို့ ထုတ်ပယ်ခံရသည့် ကျောင်းသားများသည် ကျောင်းခေါ်ချိန် ၅၀ ရာခိုင်နှုန်းပင်ပြည့်မီခြင်း မရှိသည့်အတွက် ဒုတိယနှစ်ဝက်ကာလတွင် ရာခိုင်နှုန်းအပြည့်ကျောင်းတက်လျှင်ပင် ရာခိုင်နှုန်း ၁၅၀ ပြည့်မီတော့မည်မဟုတ်ကြောင်း၊ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းအပြည့် ကျောင်းမတက်သည့် နှစ်လရှိလျှင်ပင် ကျောင်းမှ ထုတ်ပယ်ခံရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကျောင်းထုတ်ခံရသည့် ကျောင်းသားအချို့သည် တစ်ပတ်လျှင် နှစ်ရက်ခန့်အထိ ပျက်ကွက်ခဲ့ကြောင်း၊ ကျောင်းထုတ်ခံ ကျောင်းသားများအနက် ပထမနှစ်ကျောင်းသားနှစ်ဦးနှင့် ဒုတိယနှစ်ကျောင်းသား ငါးဦးပါဝင်ကြောင်း ယင်းကျောင်းသားများထံမှ သိရသည်။

ယခုထုတ်ပယ်ခံရသည့် ကျောင်းသားခုနစ်ဦးသည် ၂၀၁၆-၁၇ ပညာသင်နှစ်တစ်နှစ်လုံး ကျောင်းတက်ခွင့် ဆုံးရှုံးမည်ဖြစ်ပြီး လာမည့် ပညာသင်နှစ်မှသာ ကျောင်းဆက်တက်ခွင့်ရမည်ဖြစ်ကြောင်း အစိုးရနည်းပညာအထက်တန်းကျောင်းထံမှ သိရသည်။ ■


## အများသိစေရန် ပြန်လည်ရှင်းလင်းခြင်း

8-9-2016 နေ့စွဲပါ DEMOCRACY Today နှင့် The Voice Daily တို့တွင်ပါရှိသော ပုသိမ်မြို့၊ ကမ်းနားဈေးဆောက်လုပ်ရေးစီမံကိန်း " ချမ်းမြေ့ရွှေစင် ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက် " မှ ပြီးပြတ်နေပြီဖြစ်သော လုပ်ငန်းများအတွက် ငွေကြေးများရှင်းလင်းရန် ကျန်ရှိ နေသည်ဟု ရေးသားပါရှိမှုအပေါ် " ချမ်းမြေ့ရွှေစင်ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် " အား အနူးအညွတ်တောင်းပန်ပါကြောင်း နှင့် အလုပ်သမားများအား လုပ်အားခ ပေးချေမှုမှာ ကျွန်တော်တို့ ဆပ်ကန်ထရိုက်တာများနှင့်သာ သက်ဆိုင်ပါကြောင်း ငွေကြေးကိစ္စများအားလုံး အကြေအလည်ရှင်းလင်းပြီး ဖြစ်ပါကြောင်း အများသိစေရန် တင်ပြအပ်ပါသည်။

ဦးမိုးဇင်မင်းထွေး၊ ဦးတောင်နိုင်
(ဆပ်ကန်ထရိုက်တာများ)

# E D I T O R I A L

# ဘတ်စ်ကားစီးသော ကိုထိန်လင်းကို အခြားတစ်ဖက်မှ ကြည့်ခြင်း

လူမှုကွန်ရက်ပေါ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ သားငယ် ကိုထိန်လင်းခေါ် ကင်မ်အဲရစ်စ် လန်ဒန်တွင် ဘတ်စ်ကားစီးနေခြင်းကို ဘီဘီစီမြန်မာပိုင်း အစီအစဉ်မှ သတင်းထောက်တစ်ဦးက တွေ့ဆုံ မှတ်တမ်းဓာတ်ပုံရိုက်ကာ ၎င်း၏ လူမှုကွန်ရက်ပေါ်တွင် တင်လိုက်သည့်သတင်းမှာ ယခုရက်ပိုင်းအတွင်း အထူးရေပန်းစားနေသည်။

အများစု မှတ်ချက်ပေးကြသည်မှာ နိုင်ငံ့ခေါင်းဆောင်နေရာတွင် ရောက်ရှိနေပြီဖြစ်သော မိခင်ဒေါ်အောင်ဆန်းစုကြည်၏ သားဖြစ်သော်လည်း မိခင်ဖြစ်သူ လန်ဒန်မြို့တော်သို့ ဗြိတိသျှအစိုးရ၏ ဧည့်သည်တော်အဖြစ် လာရောက်ချိန်တွင် ဘတ်စ်ကားစီးနေရသော သားငယ်ကို သနားကရုဏာသက်နေကြကြောင်းပင်ဖြစ်သည်။

အဓိကအားဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ကိုယ်ပိုင်မိသားစုဘဝကို စွန့်လွှတ်ကာ နိုင်ငံအတွက်အနစ်နာခံခဲ့၍ သားနှစ်ယောက်ကို မစောင့်ရှောက်နိုင်ခဲ့ခြင်းကြောင့် သားငယ်ဖြစ်သူမှာ ပင်ပန်းဆင်းရဲနေသည့်အသွင်မျိုးကရုဏာမှတ်ချက်များဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့်ကြည့်လျှင် ကိုထိန်လင်း၏ ဖြစ်အင်သည် ရင်နင့်ဖွယ် ပုံပြင်တစ်ပုဒ်၊ ရသ ဝတ္ထုတစ်ပုဒ်၊ ရုပ်ရှင်ဇာတ်လမ်းတစ်ခုကဲ့သို့ ဖြစ်နေသော်လည်း ၎င်း၏ အသက်မွေးဝမ်းကျောင်းမှုနှင့် လန်ဒန်၏ လူနေမှုဘဝပုံစံကိုကြည့်လျှင် မူ အင်္ဂလန်လူ့အဖွဲ့အစည်းအတွက် ထူးမခြားနားသော ဇာတ်လမ်းတစ်ခုဖြစ်သည်။

အခြားတစ်ဖက်တွင်မူ လန်ဒန်အပါအဝင် ဥရောပရှိ မြို့ကြီးအများစုတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို အစိုးရက စနစ်တကျ၊ အဆင့်မြင့်မြင့် တည်ဆောက်ပေးထားသဖြင့် ကြွယ်ဝ၊ တတ်နိုင်သူအချို့ပင် အများသုံး မြေအောက်ရထားနှင့် ဘတ်စ်ကားစီးတတ်ကြခြင်းမှာ မြန်မာနိုင်ငံနှင့် မတူခြားနားသော အခြေအနေဖြစ်သည်။

ထို့အပြင် လောင်စာဆီချွေတာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေလိုခြင်း ကဲ့သို့ ရည်ရွယ်ချက်များအပြင် မိမိကိုယ်ပိုင်ကားမှထွက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို လျှော့ချခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုး၊ ကာကွယ်၊ ထိန်းသိမ်းလိုခြင်းကဲ့သို့ပို၍ယဉ်ကျေးကာ၊ ပို၍ခေတ်မီသော နိုင်ငံကြီးသား၊ ကမ္ဘာသားစိတ်ဓာတ်ကို ပြသလိုသော ရည်ရွယ်ချက်မျိုးလည်းရှိကြသည်။

ငွေကြေးတတ်နိုင်ကြောင်း ပြသလို၍သော်လည်းကောင်း၊ နိုင်ငံ၏ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ညံ့ဖျင်း၍သော်လည်းကောင်း ချမ်းသာသူများဆိုလျှင် ကားလေးငါးခြောက်စီးခန့် ဝယ်စီးကာ၊ ကားဝယ်စီးနိုင်ခြင်းအပေါ် ဂုဏ်ယူစိတ်ရှိနေတတ်သော မြန်မာနိုင်ငံ၏ စံနှုန်းများနှင့် ချိန်ထိုးကြည့်လျှင်မူ ဘတ်စ်ကားစီးသူ၊ မြေအောက်ရထားစီးသူများမှာ ဝင်ငွေနိမ့်ပါး ဆင်းရဲသူများဟု ရှုမြင်ကြပေမည်။

စင်စစ်အားဖြင့် အစိုးရများ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့်သာ ဖွံ့ဖြိုးဆဲ၊ ဆင်းရဲဆဲ နိုင်ငံများတွင် ကိုယ်ပိုင်ကားဝယ်စီးလိုသူ များပြားကာ ယာဉ်ကြောပိတ်ဆို့မှု ဒုက္ခနွံ့အတွင်း သက်ဆင်းနေပြီး သာမန်လူတန်းစားများသာ ဘတ်စ်ကားနှင့် မြို့ပတ်ရထား စီးနေရသည်ဟု အထင်ရောက်နေခြင်းဖြစ်သည်။

အများပြည်သူ သယ်ယူပို့ဆောင်ရေးကဲ့သို့ အခြေခံအဆောက်အဦမျိုးကို ဦးစွာ တည်ဆောက်ခြင်းမရှိဘဲ မော်တော်ယာဉ်တင်သွင်းခွင့် ဖြေလျှော့ပေးလိုက်ခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံမြို့တော်အများစု ယာဉ်ကြောပိတ်ဆို့မှု ပြဿနာ အကြီးအကျယ်ကြုံရခြင်းကို နောက်မှလိုက်သော နိုင်ငံများ ယနေ့အထိ သင်ခန်းစာမယူနိုင်ကြသေးဘဲ ရှေ့လူမှားပြီးသား အမှားကို နောက်လူများက ထပ်မှားနေကြခြင်းသာဖြစ်သည်။

ဤနေရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သားငယ်ဖြစ်သူ ကိုထိန်လင်းတို့ နှစ်ဦး၏ စိတ်မကောင်း၊ ဝမ်းနည်းဖွယ် ဖြစ်အင်ကို မူတည်ကာ ယခင်အာဏာရှင်အစိုးရ၏ အငြိုးကြီးကြီး၊ အကြောက်ကြီးကြီး ရက်စက်၊ ဖိနှိပ်မှုကို ဖောင်းပေးကာ နိုင်ငံရေးသဘောပြောလိုခြင်းမဟုတ်ပေ။

ဘတ်စ်ကားစီးခြင်း၊ မစီးခြင်း၊ ကိုယ်ပိုင်ကားစီးခြင်း၊ မစီးခြင်းဖြင့် နိုင်ငံသားတစ်ယောက်၏ အဆင့်အတန်းကို အကဲဖြတ်၍ မရကြောင်းနှင့် စီးပွားရေး၊ ပညာရေးရေချိန် မြင့်မားလာသော နိုင်ငံများတွင် မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကိုသာမက မြေကမ္ဘာကြီးတစ်ခုလုံး ရှည်ကြာစွာတည်တံ့ရေးအထိ ထည့်သွင်းစဉ်းစားလာခြင်းကြောင့် အနိမ့်ဆုံးအဆင့် အများသုံးဘတ်စ်ကား၊ ရထားစီးခြင်းဖြင့် နိုင်သည့်နေရာမှ ကမ္ဘာ့သားတာဝန် ထမ်းနေကြခြင်းဖြစ်ကြောင်း အဓိက ပြောလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၁၂-၉-၂၀၁၆ )**

# ယခင်နှစ်က တင်သွင်းခွင့်ပြုထားသည့် မော်တော်ယာဉ်များ ဒီဇင်ဘာလကုန်အထိသာ မှတ်ပုံတင်ပေးမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့က မော်တော်ယာဉ် အရောင်းစင်တာနှင့် ပြခန်းများကို တင်သွင်းခွင့်ပြုထားသည့် မော်တော်ယာဉ်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့အထိသာ မှတ်ပုံတင်ပေးမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ထုတ်ပြန် သည်။

သွင်းကုန်လိုင်စင်သက်တမ်းကို ၂ နှစ်အထိ ခွင့်ပြုပေးခဲ့သော်လည်း ယခုနောက်ပိုင်းတွင် တစ်နှစ်သို့လျှော့ချလိုက်ခြင်းဖြစ်ပြီး ထိုကာလအတွင်း ရောင်းချနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်များကို မည်သို့ဆက်လက်အရေးယူမည်ကို မူ ထုတ်ပြန်ခြင်းမရှိပေ။

"ဒါကနှစ်လျှော့လိုက်တာပါ။ အရင်တုန်းက Showroom က ကားတွေကို ၂ နှစ်အထိခွင့်ပြုပါတယ်။ အခုတော့ ဘယ်လိုအရေးယူမယ်တို့၊ ဘယ်လောက်အထိ ရောင်းချခွင့် ပေးမယ်တို့ကို တရားဝင် မထုတ်ပြန်သေးပါဘူး" ဟုမြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်း အတွင်းရေးမှူး ဦးမျိုးဇင်ဝင်းက ပြောဆိုသည်။

မော်တော်ယာဉ်အရောင်းပြခန်းနှင့် စင်တာများတွင် သွင်းကုန်လိုင်စင်ခွင့်ပြုပေးထားသည့်မော်တော်ယာဉ်အစီးရေသည် အရောင်းစင်တာ တစ်ခုလျှင် ရာနှင့်ချီ၍ရှိနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

ယခင်က မော်တော်ယာဉ်အရောင်းစင်တာနှင့် ပြခန်းများကို တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်များကို ၂ နှစ်အတွင်း ရောင်းချနိုင်ခြင်းမရှိပါက မူလနိုင်ငံသို့ ပြန်လည်ပို့ရခြင်း (သို့မဟုတ်) အစိတ်အပိုင်းများပြုလုပ်၍ အခြားနိုင်ငံသို့ တင်ပို့ရောင်းချခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း မူဝါဒချမှတ်ထားသည်။ ■

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief -** Kyaw Min Swe, **Editor in Charge -**Kyaw San Min , **Senior Executive Editors -** Thiri Zaw, Aung Soe,
**Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors -** Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Graphic Editors -** Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP) -** Ma Khine, **Designer -** Saw Elijah, **Design & DTP -** Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters -** Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe.
**Mandalay Reporters -** Ye Win Naing, Nay Lin, Yan Moe Naing, Myat Min, Aung Phyo, Than Pe Thar.
**Regional Reporters -** Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San.
**Photographer -** Ye Pyae Zar Ni, Aung Naing,
**Publisher -** Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution -** Htet Khaung, Jet Too Too, Aung Thura.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team-** thevoicewebteam@gmail.com,
**Website -** www.thevoicemyanmar.com, **Office -** No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone –** 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines –** 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.



ဓာတ်ပုံ- မောင်မျိုးထက်

# ပုသိမ်မြို့တွင် တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်

**ပုသိမ်၊ စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် စက်တင်ဘာလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီက လပွတ္တာမြို့ ရွှေကျွန်းသာ အငြင်းပွား မြေယာပဋိပက္ခကြောင့် လူသတ်မှုနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေး၊ မတရား ဖမ်းဆီးနေမှု ရပ်တန့်ပေးရေးနှင့် တာဝန်မဲ့ အကျင့်ပျက်ဝန်ထမ်းများကို အရေးယူပေးရန် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူအဖွဲ့မှ ဦးထွန်းထွန်းဦးက တစ်ကိုယ်တော်လှည့်လည်ကာ ဆန္ဒထုတ်ဖော်ခဲ့သည်။

အဆိုပါ ရွှေကျွန်းသာဒေသ ကြာကန် - ကွင်းပေါက် သစ်တောကြိုးဝိုင်း အကွက်အမှတ် ၆ တွင် မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုကြောင့် တိုင်းဒေသကြီး အစိုးရက မြေပေါ်မည်သူမှ မကျူးကျော်ရန် တရားဝင်စာဖြင့် တားမြစ်ခဲ့ကြောင်း၊ သို့သော် အောက်ခြေဝန်ထမ်းများက တာဝန်ယူမှု တာဝန်ခံမှု မရှိခြင်း၊ ဘက်လိုက်ဆောင်ရွက်ပြီး တိုင်းအစိုးရကို လိမ်ညာခဲ့သဖြင့် အငြင်းပွားမှုမှ ပဋိပက္ခဖြစ်ကာ တစ်ရွာတည်းနေသူတို့ အုပ်စုဖွဲ့သတ်ဖြတ်ခဲ့ကြောင်း တစ်ကိုယ်တော် ဆန္ဒဖော်ထုတ်သူ ဦးထွန်းထွန်းဦးက ပြောကြားသည်။

ယင်းအုပ်စုဖွဲ့ သတ်ဖြတ်မှုကြောင့် ၂၀၁၅ ခုနှစ်တွင် ဧပြီလတွင် ၁ ဦး သေဆုံး ၆ ဦး ဒဏ်ရာရကာ အိမ် ၆လုံး မီးလောင်ခဲ့ကြောင်း၊ ၂၀၁၆ စက်တင်ဘာလ ၃ ရက်တွင် တစ်ဦးသေဆုံး၊ ၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဖြစ်ရပ်များတွင် ဘက်လိုက်ကာဆောင်ရွက်မှုများရှိသဖြင့် အစိုးရအဖွဲ့ သိရှိအရေးယူနိုင်ရန် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း၊ ပြည်သူတင်မြှောက်သည့် အစိုးရကို လိမ်ညာခြင်းသည် ပြည်သူများကိုလိမ်ညာခြင်းဖြစ်ကြောင်း၊ အစိုးရ၏ တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်နေခြင်းဖြစ်သောကြောင့် အကျင့်ပျက်ဝန်ထမ်းများကို အစိုးရသစ်က ပြင်းပြင်းထန်ထန် အရေးယူသင့်ကြောင်း ၎င်းက ပြောသည်။

"လူသေတဲ့အထိ ဖြစ်ရလောက်အောင် တာဝန်မဲ့ခဲ့တဲ့ အကျင့်ပျက်ဝန်ထမ်းတွေကိုထိထိရောက်ရောက်အ ရေးယူပေးဖို့ ဆန္ဒဖော်ထုတ်ရတာပါ" ဟု ၎င်းက ပြောဆိုသည်။

တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်သူက ပုသိမ်မြို့တော်ခန်းမရှေ့ ကမ်းနားလမ်း၊ ရွှေစေတီလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်းတို့တွင် လှည့်လည်ကာ ဆန္ဒဖော်ထုတ်ခဲ့ပြီး ငြိမ်းချမ်းစွာ စုဝေးလှည့်လည်ခွင့် ပုဒ်မ ၅ အရ ခွင့်ပြုချက်ဖြင့် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■

# ပင်းတယဒေသထွက် လက်ဖက်ခြောက်ကို ဂျာမနီသို့ တင်ပို့မည်

**တောင်ကြီး၊ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယဒေသမှ ထွက်ရှိသည့် Green Tea လက်ဖက်ခြောက်များကို စက်တင်ဘာ ၁၈ ရက်နေ့တွင် ဂျာမနီသို့ တင်ပို့မည်ဖြစ်ကြောင်း Pindaya Tea Cluster အဖွဲ့ထံမှ သိရသည်။

အဆိုပါလက်ဖက်ခြောက်တစ်ပိဿာလျှင် ကျပ်တစ်သောင်းခွဲနှုန်းဖြင့် အချိန် ၁၅,၀၀၀ တင်ပို့မည်ဖြစ်ကြောင်း ပင်းတယ လက်ဖက်အစုအဖွဲ့အတွင်းရေးမှူး ဦးလှဘော်က ပြောဆိုသည်။

"ဥရောပကို ပထမဆုံးအစပျိုးတာဆိုတော့ သူတို့ကြိုက်သွားမယ်ဆိုရင် တိုးပြီးယူမယ့် အလားအလာရှိတာပေါ့" ဟု ၎င်းက ဆိုသည်။

ပင်းတယဒေသထွက် Green Tea လက်ဖက်ခြောက်သည် ဂျာမနီနိုင်ငံတွင် အရည်အသွေးစစ်ဆေးမှုနှစ်ကြိမ်ပြုလုပ်ထားပြီး အရည်အသွေးပြည့်မီသည့်အတွက် တင်ပို့ခွင့်ရရှိကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

"Green Tea နေ့ချင်းခြောက် အရည်အသွေးအပြည့်အဝနဲ့ သန့်ရှင်းသပ်ရပ်စွာ ထုပ်ပိုးနိုင်ဖို့တော့လိုတာပေါ့" ဟု တောင်တန်းနီ စိုက်ပျိုးရေးအုပ်စု ဒါရိုက်တာ ဒေါ်နန်းသရဖူတင့်က ဆိုသည်။

ပြည်တွင်း၌ Green Tea လက်ဖက်ခြောက်သည် တစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်ရှိသော်လည်း ဝယ်သူသုံးစွဲသူနည်းပါးလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

Green Tea လက်ဖက်ခြောက်ကို ကြိုက်နှစ်သက်သူနည်းပြီး ရိုးရိုးဒေသထွက်လက်ဖက်ခြောက်များကိုသာ သုံးစွဲသူပိုမိုများကြောင်း လက်ဖက်ခြောက် အရောင်းအဝယ်ပြုလုပ်သူ ဦးဇော်လင်းက ဆိုသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံနှင့် ပင်းတယမြို့များတွင် Green Tea လက်ဖက်ခြောက် ထုတ်လုပ်လျက်ရှိပြီး ပင်းတယဒေသထွက်မှာ အရည်အသွေးပြည့်မီသည့်အတွက် ပထမဆုံးတင်ပို့ခြင်းဖြစ်ကြောင်း ဦးလှဘော်က ဆိုသည်။ ■

# မြန်မာ့(တောင်ကြီး)လူနေမှုဘဝပြောင်းလဲမှု ကာတွန်းနှင့် ပန်းချီပုံဖော်ပြပွဲ ကျင်းပ

**တောင်ကြီး၊ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ စုဋ္ဌာမုနိ ဘုရားရင်ပြင်တွင် ပထမဆုံးအကြိမ် ထိုင်ဝမ်တက္ကသိုလ်ကျောင်းသားများနှင့် ကောင်းရွှေလူမှုလှုပ်ရှားဆောင်ရွက်ရေးကွန်ရက်တို့ ပူးပေါင်း၍ မြန်မာ့(တောင်ကြီး)လူနေမှုဘဝပြောင်းလဲမှုကာတွန်းနှင့် ပန်းချီဖြင့်ပုံဖော်ခြင်းပြပွဲကို စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့ကြောင်း အဆိုပါပွဲစီစဉ်သူများထံမှ သိရသည်။

"တစ်ခါတလေကျတော့ ကျွန်တော်တို့ဒေသမှာလည်း စာဖတ်တဲ့သူတွေက အရမ်းအားနည်းတယ်" ဟု ကောင်းရွှေလူမှုလှုပ်ရှားရေး ကွန်ရက်မှ ပြပွဲတာဝန်ခံ ဦးခွန်ခေတ်စံက ဆိုသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပျက်နေသော ပညာရေးအခြေအနေ၊ လူမှုရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူထုအနေနှင့် ကွက်ကွက်ကွင်းကွင်း မြင်လာစေရန် ရည်ရွယ်ကြောင်း ၎င်းက ပြောဆို သည်။

"ဒီထက်ပိုပြီး မြိုင်မြိုင်ဆိုင်ဆိုင်များများစားစားပြနိုင်ရင် ပိုပြီးကောင်းတာပေါ့။ စာတစ်မျက်နှာ နှစ်မျက်နှာဖတ်နေရမယ့်အစား ပုံလေးတစ်ပုံကြည့်လိုက်တာနဲ့ ကြည့်တဲ့သူစိတ်ထဲကို ဆွဲဆောင်မှု ပိုစေတာပေါ့" ဟု ပြပွဲလာရောက်ကြည့်ရှုသည့် အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးက ဆိုသည်။

အဆိုပါပြပွဲကို စက်တင်ဘာလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ထိုင်ဝမ်တက္ကသိုလ်မှ ကျောင်းသူနှစ်ဦးနှင့် တောင်ကြီးမှ ကာတွန်းဝေယံ (တောင်ကြီး)နှင့် ခွန်ထွန်းရွှေတို့၏ပန်းချီနှင့် ကာတွန်းလက်ရာများကို ပြသထားမည်ဖြစ်သည်။ ■


မြေကွက်ရောင်းမည်

[illegible]


# ထိရောက်သည့် ထောက်ပံ့မှု မလုပ်ပေးနိုင်၍ တောင်သူများနစ်နာရဟုဆို

**မကွေး၊ စက်တင်ဘာ ၁၂**

တောင်သူလယ်သမားများကိုယခင်က ထိရောက်သည့်ထောက်ပံ့မှုမျိုး မလုပ်ပေးနိုင်ခဲ့သည့်အတွက် နစ်နာခဲ့ရကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

စက်တင်ဘာ ၁၁ ရက်နေ့က မကွေးမြို့နယ် မကြီးကန်ရွာတွင်ပြုလုပ်သည့် မကြီးကန်ကျေးရွာနှင့် ငွေးတောက်စမ်းကျေးရွာတို့ရှိ ဒေသခံများနှင့်တွေ့ဆုံပွဲအတွင်း ၎င်းက ယင်းသို့ပြောဆိုခြင်းဖြစ်သည်။

"တောင်သူတွေအနေနဲ့ တစ်ဦးချင်းစီဝင်ငွေတိုးပွားလာစေရေးနဲ့ စိုက်ရေးပျိုးရေးလုပ်ငန်းခွင်တွေမှာ ခေတ်မီနည်းပညာတွေနဲ့ အဆင့်မီမီ လုပ်ကိုင်လာနိုင်ရေးဟာ တောင်သူလယ်သမားတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ အချက်ဖြစ်တယ်" ဟု ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဆိုသည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ အချိန်ကာလတစ်ခုထိ ဖြည်းဖြည်းချင်းစနစ်တကျသွားနေရပြီး ချက်ချင်းဖြစ်လာနိုင်ရန်မလွယ်ကူလှကြောင်း၊ တောင်သူ လယ်သမားဘဝမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးနေမျိုးကျော်က ပြောကြားသည်။ ■

# ချပ်သင်းဘေးမဲ့တော လုံခြုံရေးတိုးမြှင့်

**ရွှေဘို၊ စက်တင်ဘာ ၁၂**

သစ်တောပြုန်းတီးခြင်းနှင့် ရွှေသမင်ကောင်ရေလျော့နည်းလာခြင်းကြောင့် ကာကွယ်ထိန်းသိမ်းရန် ချပ်သင်းဘေးမဲ့တောတွင် သစ်တောဝန်ထမ်း များအပြင် ရဲဝန်ထမ်းများပါ လုံခြုံရေးတိုးမြှင့်ချထားကြောင်း ကန့်ဘလူမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းအောင်က ပြောကြားသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မြန်မာ့ရှားပါးသမင်မျိုးစိတ်များ ရေရှည်တည်တံ့ရေးအတွက် သစ်တောဝန်ထမ်းများအပြင် ရဲဝန်ထမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တစ်ခရိုင်လျှင် ရဲဝန်ထမ်းနှစ်ဦးနှုန်း ဖြည့်ထားကြောင်း ၎င်းက ပြောဆိုသည်။

ရှားပါးသမင်မျိုးစိတ်များကို အနီးဝန်းကျင်ရှိကျေးရွာများမှ ထောင်ချောက်ဆင်ခြင်း၊ တူးမီးသေနတ်များဖြင့် ပစ်ခတ်ဖမ်းဆီးနေခြင်းတို့ ကြောင့် သမင်များမျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန် ဒေသခံများနှင့် ပူးပေါင်းကာထိန်းသိမ်းရမည်ဖြစ်ကြောင်း ဦးဝင်းအောင်က ဆက်လက်ပြောကြားသည်။

"အနောက်ဘက်ခြမ်း ရွာတွေက ရွာတိုင်းလိုလို တောလိုက်ထွက်ကြတယ်။ မုဆိုးလည်းများတယ်။ အရင်ကဆို ကင်းအဖွဲ့ပေမယ့်ဝန်ထမ်းအင်အားက နှစ်ယောက်သုံးယောက်၊ မုဆိုးအဖွဲ့က ၁၀ယောက် ၁၅ ယောက်၊ လက်နက်လည်းပါတော့ အင်အားမမျှဘူး" ဟု ရွှေသမင်များချစ်သူအဖွဲ့တာဝန်ခံ ဦးထွန်းအောင်က ဆိုသည်။

ယင်းသို့လုံခြုံရေးတိုးမြှင့်ချထားလိုက်သည့်အတွက် သမင်လိုက်သည့် အဖွဲ့များအနည်းငယ် လျော့နည်းသွားကြောင်း ၎င်းက ပြောဆိုသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၄၁ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး ၆၆,၅၆၀ ဧက ကျယ်ဝန်းကာ စတုရန်းမိုင်အားဖြင့် ၁၀၄ စတုရန်းမိုင်အကျယ်အဝန်းရှိကြောင်း သစ်တောဦးစီးဌာန စာရင်းများအရ သိရသည်။ ■

# ဖိလစ်ပိုင်နိုင်ငံအခြေစိုက် Penshoppe ဖက်ရှင်ဆိုင် လှည်းတန်းစင်တာတွင် ဖွင့်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံတွင် ကျော်ကြားသည့် Penshoppe ဖက်ရှင်ဆိုင်ကို မြန်မာနိုင်ငံ၏ ပထမဆုံးဆိုင်ခွဲအဖြစ် လှည်းတန်းစင်တာတွင် ဖွင့်လှစ်လိုက်ဖြစ်ကြောင်း Penshoppe ဖက်ရှင်ဆိုင်ထံမှ သိရသည်။

Penshoppe လှည်းတန်းစင်တာဆိုင်ခွဲဖွင့်ပွဲကို စက်တင်ဘာလ ၁၀ ရက်က ပြုလုပ်ခဲ့ပြီး အဆိုပါဆိုင်တွင် လူငယ်များအကြိုက် ဖက်ရှင်ဒီဇိုင်းများနှင့် ခေတ်မီဆန်းသစ်သည့် ဒီဇိုင်းပေါင်းများစွာကို ထုတ်လုပ်ရောင်းချကြောင်း ၎င်း Penshoppe ၏ Brand Director က ပြောကြားသည်။

ဖိလစ်ပိုင်အခြေစိုက် Penshoppe ဖက်ရှင်ဆိုင်ကို ၁၉၈၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ U.A.E၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင်ဆိုင်ခွဲများ ဖွင့်လှစ်ထားသည့်အပြင် ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင်လည်း အွန်လိုင်းဆိုင်ခွဲများ ဖွင့်လှစ်ထားသည်။ ■


အလိုရှိသည်

အမျိုးသမီး ချားစက်မောင်း (၅)ဦး အလိုရှိသည်။

စိန်ကမ္ဘာ ချည်မျှင်စက်ရုံ

A/4(a)၊ (၆၂) လမ်း၊ သာဓုရနေယ်လမ်း၊

ငွေတော်ကျိုးကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

09 6501608 , 09 6808176

The VOICE Daily
Tuesday, September 13, 2016



## NEWS IN BRIEF

### ခြောက်မိုင်ခွဲတွင် City Mart ဆိုင်သစ်ထပ်ဖွင့်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

City Mart Holding Company Limited က ရန်ကုန်မြို့တော် ပြည်လမ်း ခြောက်မိုင်ခွဲ၌ Marketplace by City Mart Supermarket ထပ်မံဖွင့်လှစ်လိုက်ကြောင်း အဆိုပါကုမ္ပဏီက ထုတ်ပြန်သည်။

City Mart သည် ၁၉၉၆ ခုနှစ်တွင် ပထမဆုံး Supermarket ကို အောင်ဆန်းအားကစားကွင်းတွင် စတင်ဖွင့်လှစ်ခဲ့ပြီး လက်လီအရောင်းဈေးကွက်သို့ စတင်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း လက်ရှိ CMHL လက်အောက်တွင် လက်လီအရောင်းဆိုင်ခွဲပေါင်း ၁၈၀ ကျော်ရှိပြီဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

### ဂျပန်-မြန်မာ အခြေခံအဆောက်အဦဆိုင်ရာမူဝါဒများ ဆွေးနွေး

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများ၊ မူဝါဒများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို စက်တင်ဘာလပထမပတ်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Fumio Kishida တို့သည် နှစ်နိုင်ငံ လမ်းတံတားဆိုင်ရာကိစ္စများ၊ အိမ်ရာတည်ဆောက်ရေး၊ ပုဂံဒေသရှိ ငလျင်ဒဏ်ခံရသည့် စေတီပုထိုးများ၊ ဘုရားများပျက်စီးမှုများတွင် အကူအညီပေးရေးဆိုင်ရာကိစ္စများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ဂျပန်ကုမ္ပဏီတို့ အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများတွင် တင်ဒါများဝင်ရောက် လုပ်ကိုင်ခွင့်ရရန်တို့ ဆွေးနွေးခဲ့ကြကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

### ဂျပန်က ရခိုင်ပြည်နယ်အတွက် ခရီးသည်တင်သင်္ဘော သုံးစင်း လှူဒါန်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ဂျပန်နိုင်ငံက ရခိုင်ပြည်နယ် ရေကြောင်းပို့ဆောင်ရေးအတွက် ခရီးသည်တင်သင်္ဘောသုံးစင်း လှူဒါန်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးထံမှ သိရသည်။

အဆိုပါအကူအညီသည် ဂျပန်ယန်း ငါးဘီလီယံတန်ဖိုးရှိ ဂျပန်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ တရားဝင်အထောက်အပံ့ပေးအပ်ခြင်းဖြစ်ပြီး စက်တင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး Mr.Tateshi HIGUCHI နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ယင်းသံရုံးထံမှ သိရသည်။

### စက်တင်ဘာလ ၁၂ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

FMI ရှယ်ယာ ကျပ် ၅၀၀ ထပ်မံကျဆင်းခဲ့ပြီး ကျပ် ၁၈,၅၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။ MTSH မှာ ကျပ် ၄၂,၀၀၀ ဖြင့် ဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဈေးငြိမ်လျက်ရှိသည်။ MCB ၏ရှယ်ယာဈေးနှုန်းမှာ ဆက်တိုက်ကျဆင်းလျက်ရှိပြီး ကျပ် ၅၀၀ ထပ်မံကျဆင်းကာ ကျပ် ၉၃၀၀ သို့ ရောက်ရှိခဲ့သည်။

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | TradingValue (MMK) |
|---|---|---|---|---|---|---|
| FMI | 19000 | 18500 | 18500 | -500 | 2665 | 77,216,000 |
| MTSH | 42000 | 42000 | 42000 | - | 95 | 33,432,000 |
| MCB | 9800 | 9500 | 9300 | -500 | 645 | 14,621,600 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** Source: KBZ Bank

| 12.9.2016 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၂၂၀ | ၁၃၅၅ | ၈၉၆ |
| ရောင်းဈေး(ကျပ်) | ၁၂၂၅ | ၁၃၇၀ | ၉၀၀ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 12.9.2016 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၈၆၆,၀၀၀ (ဖွင့်) | ၈၆၆,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၂၈ (ဖွင့်) | ၁၃၂၆ (ပိတ်) |

## ပြည်ပမှ စားအုန်းဆီတင်သွင်းမှု ပိတ်ပင်ပေးရန် အစိုးရထံ တောင်းဆိုမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ပြည်ပမှ စားအုန်းဆီများ ပြည်တွင်းသို့ တင်သွင်းမှုကို လုံးဝပိတ်ပင်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြတောင်းဆိုမည်ဖြစ်ကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ နှစ်စဉ် စားအုန်းဆီတန်ချိန် ၇၀,၀၀၀ ကျော် တင်သွင်းနေရပြီး အကျိုးဆက်အဖြစ် ဆီစက်များရပ်ဆိုင်းသွားကာ ပြည်သူများ၏ ကျန်းမာရေးကိုလည်း များစွာထိခိုက်မှုရှိသောကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ Master Plan ရေးဆွဲကာ သက်ဆိုင်ရာဌာနများ၊ ဥပဒေရေးရာကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

"ဒီကိစ္စကို လွှတ်တော်အဆင့်ဆင့်ကိုပါ တင်ပြဆွေးနွေးသွားဖို့ရှိတယ်။ စားအုန်းဆီကို ပြည်ပက ဝယ်ယူခြင်းဟာ ပြည်သူတွေရဲ့ကျန်းမာရေးကို အာမခံချက် မပေးနိုင်သလို ပြည်တွင်းဆီစက်တွေအနေနဲ့လည်း နာလန်မထူနိုင် ဖြစ်ကြရတယ်"ဟု မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်စိုးက ပြောကြားသည်။

ဆီစက်များ ပိတ်သိမ်းရခြင်းနှင့်ပတ်သက်၍ ဆက်စပ်ကဏ္ဍ ငါးခုဖြစ်သည့် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများဈေးကွက်ထိခိုက်ခြင်း၊ မွေးမြူရေးအစာကဏ္ဍ ထိခိုက်ခြင်း၊ ပြည်ပမှရောဆီများသာ စားသုံး၍ တင်းတိမ်နေရခြင်း၊ ဆီစက်များပိတ်ရ၍ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးခြင်း၊ နိုင်ငံခြားထွက်ငွေ များပြားလာခြင်း စသည့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း ၎င်းကဆိုသည်။

စက်မှုဝန်ကြီးဌာနထံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ပြည်တွင်းဆီစက်လုပ်ငန်းပေါင်း ၂၉၇၄ ခုရှိပြီး ၂၀၀၅ ခုနှစ်မှ စတင်၍ ယင်းပမာဏ၏ ၁၀ ရာခိုင်နှုန်းသာ လည်ပတ်မှုရှိကာ ကျန်ဆီစက်များမှာ အရှုံးပေါ်သဖြင့်ပိတ်ထားရကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သိရသည်။ ■

## ဘဏ္ဍာနှစ်ဝက်အတွင်းခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင်ပေါင်း သုံးသောင်းခန့်ရရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဝက်အတွင်း ခွင့်ပြုခဲ့သည့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၉,၂၄၈ ခု ရရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ရင်းနှီးမြှုပ်နှံမှု ဦးစားပေးကဏ္ဍများမှာ မူဝါဒထွက်ပေါ်လာမှသာ သိရမည်ဖြစ်သောကြောင့် လက်ရှိတွင် အလုပ်အကိုင်များများ ဖန်တီးပေးနိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဦးစားပေး ခွင့်ပြုပေးနေကြောင်း ယင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းမြင့်က ပြောဆိုသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ဧပြီလကတည်းက ခွင့်ပြုရန်ကျန်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၀၀ ကျော်အနက် လက်ရှိတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစုစုပေါင်း ၅၉ ခုကိုခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ နီးပါးရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ထံမှ သိရသည်။

DICA အနေနှင့် အထည်ချုပ်လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ခွင့်များချပေးနေပြီး ယင်းလုပ်ငန်းများက ရင်းနှီးမြှုပ်နှံခွင့် လျှောက်လွှာတင်ခဲ့စဉ်က လုပ်သားဦးရေအရေအတွက်နှင့် လစာပေးနှုန်းများကို အမှန်တကယ်လုပ်ခြင်းရှိမရှိ စစ်ဆေးသင့်ကြောင်း အထည်ချုပ်လုပ်ငန်းရှင် ဦးထွန်းနိုင်က ပြောကြားသည်။ ■

## အရည်အသွေးမကောင်းသည့်ပစ္စည်းများ ဝင်ရောက်ခြင်းကြောင့် ကြက်သွန်ဈေးထိုးကျ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ဘုရင့်နောင် ကြက်သွန်ဈေးကွက်အတွင်းသို့ နယ်ဒေသများမှ အရည်အသွေးမကောင်းသည့် ကြက်သွန်အမျိုးအစားများ ဆက်တိုက်ဝင်ရောက်ခြင်းကြောင့် ကြက်သွန်ဈေးနှုန်းများ ထိုးကျသွားကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။



ဓာတ်ပုံ - The Voice

ကြက်သွန်ဈေးနှုန်းများသည် စက်တင်ဘာလ ပထမပတ်အတွင်းကထက် တစ်ပိဿာလျှင် ကျပ် ၅၀ မှ ၁၅၀ ခန့်အထိ ကျဆင်းသွားခြင်းဖြစ်ပြီး အရောင်းအဝယ်အေးစက်ကြောင်း ဘုရင့်နောင် ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

ထို့ကြောင့် လှောင်လက်များနှင့် တောင်သူများကို ထိခိုက်စေနိုင်ကြောင်း ကြက်သွန်ကုန်သည်များက ပြောကြားသည်။

ကြက်သွန်ဈေးနှုန်းများသည် ဆိပ်ဖြူ (လပ်ချော) တစ်ပိဿာလျှင် စက်တင်ဘာ ပထမပတ်အတွင်းက ကျပ် ၃၀၀ မှ ယခုအခါ ကျပ် ၁၅၀ သို့လည်းကောင်း၊ ဆိပ်ဖြူ (လပ်သန့်) တစ်ပိဿာလျှင် ယခင်က ၄၂၅ ကျပ် မှ ယခုအခါ ၃၂၅ ကျပ်သို့လည်းကောင်း၊ ဆိပ်ဖြူ(လပ်ကြီး) တစ်ပိဿာလျှင် ယခင်က ကျပ် ၅၄၀ မှ ယခုအခါ ၄၇၅ ကျပ်သို့လည်းကောင်း၊ ဆိပ်ဖြူ (ရှယ်) တစ်ပိဿာလျှင် ယခင်က ကျပ် ၆၀၀ မှ ယခုအခါ ကျပ် ၅၅၀ သို့လည်းကောင်း ဈေးနှုန်းများကျဆင်းကြောင်း ကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။ ■

# ဖွံ့ဖြိုးရေး Vs ထိန်းသိမ်းရေး

ပြည့်ဖြိုးလင်း



ဓာတ်ပုံ - ပြည့်ဖြိုးလင်း

ခရီးသွားအများအပြား လာရောက်လည်ပတ်လျက်ရှိသည့် ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်အတွင်းရှိ လိုဏ်ဂူဘုရား

ရှေးဟောင်းပစ္စည်းလက်ရာများနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးအမွေအနှစ်များရှိနေပြီး ရှားပါးဇီဝမျိုးစုံ မျိုးကွဲမျိုးစိတ်များ နေထိုင်ကျက်စားလျက်ရှိသည့်ထုံးကျောက်တောင်လိုဏ်ဂူအများအပြားမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင်ရှိနေကာ ဘိလပ်မြေကုန်ကြမ်းအတွက် ထုံး ကျောက်တူးဖော်မှုများသည် ယင်းထုံးကျောက်တောင်များ၏ သဘာဝဂေဟစနစ် ပျက်စီးရန် ခြိမ်းခြောက်မှုကြီးတစ်ခု ဖြစ်နေပေသည်။

မြန်မာနိုင်ငံတွင် ထုံးကျောက်လိုဏ်ဂူအများအပြားကို ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တွေ့ရှိနိုင်ပြီး ယခုအခါ အချို့သောထုံးကျောက်တောင်လိုဏ်ဂူများမှာ သဘာဝကျောက်စက်ပန်းစွဲ၊ ကျောက်ခက်များနှင့် ရှေးဟောင်းအမွေအနှစ် လက်ရာဘုရားစေတီများကြောင့် ခရီးသွားလုပ်ငန်းမှာ တဖြည်းဖြည်းဖွံ့ဖြိုးလျက်ရှိနေသည်။

ယင်းတို့အနက် ကရင်ပြည်နယ်အတွင်းရှိ ကော့ကသောင်ဂူ၊ ဆဒ္ဒန်ဂူ၊ ရသေ့ပုံဂူနှင့် ဘုရင့်ညီနောင်ဂူ အစရှိသည့် လိုဏ်ဂူများသည် လူသိများထင်ရှားပြီး သွားရောက်လည်ပတ်သူအများအပြားရှိနေပေရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်နှင့် ဂေဟစနစ် ပျက်ယွင်းမှုမရှိစေရန်အပါအဝင် ဇီဝမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းမရှိစေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်များအဖွဲ့(FFI)ထံမှ သိရသည်။

ထုံးကျောက်တောင်များ ထိန်းသိမ်းရေးအတွက် သစ်တောဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ အမှတ် ၂ အကြီးစားစက်မှုလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးဆိုင်ရာကုမ္ပဏီများနှင့် လူမှုအရပ်ဘက်အဖွဲ့အစည်းများ ပါဝင်သည့် ပထမဆုံးအလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မေလအတွင်းက ကျင်းပခဲ့ပြီး ထုံးကျောက်တောင် ထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထုံးကျောက်တောင်များသည်ဘိလပ်မြေထုတ်လုပ်ရေးအတွက် အဓိကကုန်ကြမ်းတစ်ခုဖြစ်နေပြီး ယခုအခါ ဘိလပ်မြေလိုအပ်ချက် မြင့်မားလာသည်နှင့်အမျှ ထုံးကျောက်တူးဖော်မှုကြောင့် သဘာဝဂေဟစနစ်မှာ ယိုယွင်းလာကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက သုံးသပ်ပြောဆိုသည်။

“ဘိလပ်မြေက တိုင်းပြည်ရဲ့လိုအပ်ချက်တစ်ခုထဲမှာ ပါတယ်လေ။ တိုင်းပြည်ဖွံ့ဖြိုးဖို့ Infrastructure တွေအတွက်က ဘိလပ်မြေ လိုအပ်တယ်။ ဆိုးကျိုးကတော့ နှစ်ပေါင်းကြာရင် တောင်ကြီးပျောက်သွားမယ်။ အပင်တွေကုန်မယ်။ ကောင်းကျိုးတွေ ရှိသလို ဆိုးကျိုးတွေလည်း ရှိတယ်” ဟုMyanmar Environment Sustainable Conservation Co.,Ltd.(MESC) မှ အမှုဆောင်ဒါရိုက်တာ ဦးမြင့်ကျော်သူရက ဆိုသည်။

ယင်းကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ အချို့သောထုံးကျောက်တောင်များကို မိုင်းခွဲ၍ တူးဖော်နေမှုများရှိနေရာ သဘာဝပတ်ဝန်းကျင်နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများကိုပါ စီမံကိန်း၏ သက်ရောက်မှုရှိလာနေသည့်အတွက် ဒေသခံများမှာ ကန့်ကွက်လျက်ရှိသည်။

ထုံးကျောက်တူးဖော်ခြင်းမှ ပတ်ဝန်းကျင် အကျိုးသက်ရောက်မှုသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာနှင့်တစ်ဝန်းရင်ဆိုင်နေရသည့် ကိစ္စရပ်ဖြစ်နေပြီး ထုံးကျောက်တောင်လိုဏ်ဂူများတွင် တွေ့ရှိရသည့် ဇီဝမျိုးစုံမျိုးကွဲများသည် ထူးခြားသည့်ပင်ကိုလက္ခဏာများနှင့် အယ်ကာလီဂုဏ်သတ္တိလွန်ကဲသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်သည့် မျိုးစိတ်များအပြင် ရွှံ့မြေများနှင့် ကျောက်တုံးများတွင် နေထိုင်နိုင်သည့် မျိုးစိတ်များဖြစ်ကြောင်း FFI မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

“ကနဦးရှစ်ခုကို ဦးစားပေးထိန်းသိမ်းသွားမယ်။ ရွေးထားတဲ့ဂူတွေတိုင်းမှာတော့ လင်းနို့မျိုးစိတ်တွေ ကျက်စားနေထိုင်တယ်။ လက်ရှိလိုဏ်ဂူတွေမှာ သုတေသနလေ့လာရေး လုပ်နေတယ်” ဟု FFI ၏ Project Coordinator ဦးအောင်လင်းက ဆိုသည်။

ယင်းကြောင့် ကာကွယ်ထိန်းသိမ်းရန် ဦးစားပေးရွေးချယ်ထားသည့် လိုဏ်ဂူများမှာ ကော့ဂွန်းဂူ၊ ဘုရင့်ညီနောင်ဂူ၊ မဟာဆဒ္ဒန်ဂူ၊ ရသေ့ပုံဂူ၊ လင်းနို့ဂူ၊ သောင်ကလေးဂူ၊ ကျဲမင်းဂူနှင့် ဓမ္မသတ်ဂူတို့ဖြစ်ပြီး ကရင်ပြည်နယ် ဘားအံမြို့ရှိ ကျဲမင်းဂူသည် ကမ္ဘာ့အသေးဆုံး လင်းနို့မျိုးစိတ် နေထိုင်ကျက်စားလျက်ရှိနေရာ ဦးစားပေးထိန်းသိမ်းမည့် စာရင်းအတွင်း ပါဝင်နေပေသည်။

အဆိုပါလင်းနို့(Bumblebee Bat)၏ ခန္ဓာကိုယ်အလေးချိန်မှာ နှစ်ဂရမ်သာရှိပြီး မွန်၊ ကရင်ပြည်နယ်တို့နှင့် အိမ်နီးချင်းထိုင်းနိုင်ငံတို့ရှိ လိုဏ်ဂူအနည်းငယ်တွင်သာ တွေ့ရှိရသည့်အတွက် မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန် ထိန်းသိမ်းသင့်ကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်များအဖွဲ့(FFI) ကကြေညာထားသည်။

“ဘိလပ်မြေကုမ္ပဏီတွေက ထုံးကျောက်တောင်တွေရဲ့ဂေဟစနစ်ကို လုံးဝပျက်စီးစေတဲ့အပြင် အဲဒီဒေသမှာရှိနေတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို မျိုးသုဉ်းစေတယ်” ဟု FFI၏ မြန်မာနိုင်ငံအစီအစဉ် ဒါရိုက်တာ Mr. Frank Momberg က ဆိုသည်။

ယင်းကြောင့် ထုံးကျောက်တောင်များထိန်းသိမ်းရေးကို ၂ နှစ်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ရွေးချယ်ထားသည့် ထုံးကျောက်တောင်များရှိဂေါပကနှင့်ဘုန်းကြီးများကို Cave Management Training ပေးခြင်း၊ Cave Management နှင့်ပတ်သက်၍ ဆွေးနွေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း သစ်တောဦးစီးဌာနနှင့် သုတေသနပညာရှင်များထံမှ သိရသည်။

မြန်မာနိုင်ငံရှိ ထုံးကျောက်တောင်လိုဏ်ဂူများတွင် ရှေးဟောင်းပစ္စည်းများနှင့် သဘာဝအမွေအနှစ် ယဉ်ကျေးမှုဆိုင်ရာများရှိနေပြီး ပြဒါးလင်းဂူတွင်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၁၃,၀၀၀ ကျော်ရှိ ကျောက်တုံးပန်းချီလက်ရာများနှင့် ကျောက်ခတ်နှောင်းပိုင်းယဉ်ကျေးမှု အကြွင်းအကျန်များ ကျန်ရှိနေသေးကြောင်း၊ အလားတူဖုံးကွယ်တိမ်မြုပ်နေသည့် အမည်မသိလိုဏ်ဂူများတွင်လည်း အဖိုးတန် အမွေအနှစ်များရှိနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ပြောဆိုသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၃၀ ရက်နေ့မှ စက်တင်ဘာလ ၆ ရက်နေ့အတွင်း ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ထုံးကျောက်တောင်အချို့တွင် နေထိုင်ကျက်စားလျက်ရှိသည့်ခရုမျိုးစိတ်များကိုချူလာလောင်ကွန်းတက္ကသိုလ်မှ ခရုပညာရှင်များနှင့် ပူးပေါင်းလေ့လာခဲ့ကြောင်း FFI ထံမှ သိရသည်။

အဆိုပါမြို့နယ်နှစ်ခုအတွင်းရှိ ထုံးကျောက်တောင်များမှ ခရုမျိုးစိတ်များကို လေ့လာခြင်းသည် ထုံးကျောက်တောင် ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ရန်နှင့် တန်ဖိုးများကို သိရှိနိုင်ရန်လေ့လာခြင်းဖြစ်ကြောင်း ကွင်းဆင်းလေ့လာခဲ့ရာတွင် ပါဝင်ခဲ့သည့် FFI ၏ Project Coordinator ဦးအောင်လင်းက ပြောကြားသည်။

ထုံးကျောက်တောင်များကို တူးဖော်ရာတွင် ဇီဝမျိုးစုံမျိုးကွဲများနည်းပါး၍ အခြားအသုံးချမှုကြောင့် ပျက်စီးနေသည့် ထုံးကျောက်တောင်များကိုသာ တူးဖော်ရန်၊ လိုဏ်ဂူနှင့် မြေအောက်ရေရရှိသည့် နေရာများကို ရှောင်ရှားရန်နှင့် ဒေသရင်း ဇီဝမျိုးစိတ်များနှင့် လင်းနို့အိပ်တန်းများ၊ ယဉ်ကျေးမှုနှင့် ဗိသုကာဆိုင်ရာ တန်ဖိုးမြင့်မားသည့်နေရာများကို ရှောင်ရှားရန် လိုအပ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးပညာရှင်များက ပြောကြားသည်။

လက်ရှိတွင် ထုံးကျောက်တောင်များမှ ထုံးကျောက်ထုတ်ယူမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ခွင့်ပြုထားပြီး လက်ရှိအချိန်အထိ အကြီးစားလုပ်ကွက် ၃၄ ကွက်၊ အသေးစားလုပ်ကွက် ၁၆ ကွက်ကို လုပ်ကိုင်ခွင့်ပြုထားကြောင်း သတ္တုတွင်းဦးစီးဌာနထံမှ သိရသည်။

ယင်းသို့ ထုံးကျောက်ထုတ်ယူရာတွင် ကျောက်မိုင်းခွဲခြင်းကြောင့် ကရင်ပြည်နယ် ဘားအံမြို့အတွင်းရှိ ကျေးရွာအချို့၏ လယ်ယာမြေများအပေါ် ကျောက်တုံး၊ ကျောက်ခဲများ လွင့်စဉ်ကျခြင်းကြောင့် လယ်ယာမြေအချို့ပျက်စီးခဲ့ရပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများရှိနေကြောင်း ဒေသခံများ၏အဆိုအရ သိရသည်။

“ရေရှည်တည်တံ့အောင် နည်းစနစ်ကျကျ စည်းကမ်းတကျလေး လုပ်ဖို့လိုတယ်။ EIA လုပ်တဲ့ အကြံပေးတွေ ရေးဆွဲထားတဲ့ EMP အစီရင်ခံစာမှာပါတဲ့အတိုင်း ကုမ္ပဏီဘက်က လိုက်နာဖို့လည်းလိုတယ်” ဟု ပတ်ဝန်းကျင်ထိခိုက်မှုရှိ မရှိလေ့လာဆန်းစစ်ခြင်း(EIA) ကျွမ်းကျင်ပညာရှင် ဦးမြင့်ကျော်သူရက သုံးသပ်ပြောကြားသည်။

ဘိလပ်မြေထုတ်လုပ်ခြင်းနှင့်ကျောက်မိုင်းခွဲခြင်းလုပ်ငန်းသည် ထုံးကျောက်တောင် ထိန်းသိမ်းရေးလုပ်ငန်းတွင် အဟန့်အတားတစ်ခု ဖြစ်နေသော်လည်း ကျောက်ထုတ်လုပ်ငန်း လုပ်ကိုင်ခြင်းမရှိသေးသည့် ထုံးကျောက်တောင်များ၏ သဘာဝဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကိုမူ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန် ပူးပေါင်းထိန်းသိမ်းရန် လိုအပ်နေကြောင်း FFI ၏ Project Coordinator ဦးအောင်လင်းက ယခုကဲ့သို့ ပြောဆိုသည်။

“ထုံးကျောက်တောင်ဆိုတာ ဂေဟစနစ်အတွက် အရေးပါတဲ့အပြင် ဇီဝမျိုးစုံမျိုးကွဲတွေ အများကြီးရှိတဲ့အတွက် Museum (ပြတိုက်) ကြီးလည်းဟုတ်သလို ရေအရင်းအမြစ်ကြီးတစ်ခုလည်း ဖြစ်တယ်”။

ယင်းသို့ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးအမွေအနှစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားနေသည့် ထုံးကျောက်တောင်များမှာ မြို့ပြဖွံ့ဖြိုးမှု အရှိန်အဟုန် တိုးတက်လာသည်နှင့်အမျှ ဘိလပ်မြေလိုအပ်ချက်များလာပြီး ထုံးကျောက်တူးဖော်မှုနှင့် ဘိလပ်မြေကုမ္ပဏီများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် တွန်းအားတစ်ခုဖြစ်နေရာ ထုံးကျောက်တောင် ထိန်းသိမ်းရေးလုပ်ငန်းအတွက် အင်အားချင်း ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။ ■



ဓာတ်ပုံ - ပြည့်ဖြိုးလင်း

ခရီးသွားအများအပြား လာရောက်လည်ပတ်လျက်ရှိသည့် ကရင်ပြည်နယ်ရှိ ဆဒ္ဒန်ဂူဘုရား




အလိုအလျောက်ထိန်းချုပ်ပေးနိုင်သော မီးပွိုင့်တပ်ဆင်မည့် ဘူတာကြီးအဝိုင်းပတ်နေရာကိုတွေ့ရစဉ်

# မန္တလေး ဘူတာကြီးအဝိုင်းပတ်နေရာတွင် အလိုအလျောက် ထိန်းချုပ်ပေးမည့်မီးပွိုင့် တပ်ဆင်မည်

**မန္တလေး၊ စက်တင်ဘာ ၁၂**

ယာဉ်ကြောရှုပ်ထွေးမှု အများဆုံးနေရာတွင်ပါဝင်သည့် မန္တလေးမြို့ ၇၈ လမ်းနှင့် လမ်း ၃၀ ဆုံရာ ဘူတာကြီးအဝိုင်းပတ်ကို ဖျက်သိမ်း၍ ယင်းနေရာတွင် အလိုအလျောက် ထိန်းချုပ်ပေးမည့် Real Time Traffic Light မီးပွိုင့်အဖြစ် ပြောင်းလဲတပ်ဆင် ထားရှိမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနထံမှ သိရသည်။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တပ်ဆင်မည့် မီးပွိုင့် ၁၀ ခုအနက် ယင်းနေရာကို ဦးစားပေးအဖြစ်ဆောင်ရွက်မည်ဖြစ်၍ အဆိုပါနေရာတွင် ထပ်ပိုးလွှာ ကတ္တရာခင်းမည်ဖြစ်ကြောင်း၊ ယာဉ်ကြောခွဲခြင်း၊ လူကူးမျဉ်းကျား ရေးဆွဲခြင်းနှင့် ယာဉ်ကြောစနစ် အခြေအနေ မှတ်တမ်းများ ကောက်ယူပြီးလျှင် မြေအောက်အာရုံခံ ကေဘယ်ကြိုးများ ဖြန့်ကြက်ထားရှိမည်ဖြစ်ကြောင်း အဆိုပါကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှူး ဦးဇော်ဝင်းက ပြောကြားသည်။

"ညနေလေးနာရီ ဝန်းကျင်လောက်ဆိုရင် ဒီအဝိုင်းမှာ ယာဉ်ကြောရှုပ်ထွေးနေတတ်တယ်။ ပြည်သူတွေကို ကူညီပေးချင်လို့ မီးပွိုင့်စနစ် တပ်ဆင်ဖို့ ကော်မတီက ဆုံးဖြတ်ခဲ့တာ။ လက်ရှိ ဩစတြေးလျမှာ ကျင့်သုံးနေတဲ့စနစ်အတိုင်း တပ်ဆင်ပေးသွားမှာ" ဟု ၎င်းက ရှင်းပြသည်။

ယခုတပ်ဆင်မည့် Real Time Traffic Light မီးပွိုင့်တွင် မန္တလေးမြို့တွင်းတပ်ဆင်မည့် မီးပွိုင့် ၁၀ ခုကို ထိန်းချုပ်ထားနိုင်မည့် ဗဟိုထိန်းချုပ်ခန်း ထည့်သွင်းထားမည်ဖြစ်ပြီး ဖြတ်သန်းသွားလာနေသည့် ယာဉ်နံပါတ်၊ လိုက်ပါသည့် လူဦးရေတို့ကို တိကျစွာ မှတ်တမ်းတင်နိုင်သည့် အဆင့်မြင့်စောင့်ကြည့်ကင်မရာ (CCTV) ပါဝင်မည်ဖြစ်ကြောင်း အဆိုပါ မီးပွိုင့်တပ်ဆင်မည့် ကုမ္ပဏီအဆိုအရ သိရသည်။

"ဘူတာကြီးနဲ့ အဝိုင်းရဲ့အလှအပက ပန်းရပါတယ်။ မဖျက်စေချင်တာကတော့ အမှန်ပဲ။ ဒါပေမဲ့ ပြည်သူတွေ အကျိုးရှိမယ် ဆိုရင်တော့ ဘာမှမှတ်ချက်မပေးချင်ပါဘူး" ဟု မန္တလေးမြို့ခံ လူငယ်တစ်ဦးက ပြောဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအနေနှင့် ယခုဘဏ္ဍာနှစ်အတွင်း အဆိုပါစနစ်သုံး မီးပွိုင့်ပေါင်း ၁၀ ခုအထိ တပ်ဆင်မည် ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအတွက် ဘတ်ဂျက်ငွေ ကျပ်သိန်းပေါင်း တစ်သောင်းတစ်ထောင်ကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း အဆိုပါကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနထံမှ သိရသည်။ ■

# ပုဂံရွေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အချက်အလက်စင်တာတစ်ခုတည်ဆောက်ရန် JICA စီစဉ်

**မန္တလေး၊ စက်တင်ဘာ ၁၂**

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသသို့ လာရောက်မည့် နိုင်ငံခြားသားခရီးသွားများအတွက် သတင်းအချက်အလက်များ တိတိကျကျထောက်ပံ့ပေးနိုင်ရန် အချက်အလက်စင်တာတစ်ခု တည်ဆောက်နိုင်ရေး စီစဉ်နေကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး စီမံချက်လက်ထောက်တာဝန်ခံ ဦးဟန်ညွှန့်က ပြောကြားသည်။

"ပုဂံမှာ ဘယ်လိုနေရာတွေက နာမည်ကြီးပြီးတော့ ဘယ်လိုနေရာတွေက သွားသင့်တယ်ဆိုတဲ့ ဒေသဆိုင်ရာအချက်အလက်တွေ ပေးမှာပါ။ နိုင်ငံခြားသားတွေ ပုဂံကိုလာတဲ့အခါကျတော့ သတင်းအချက်အလက်ယူဖို့ ခက်နေတယ်။ ဘယ်သွားသင့်တယ် ဘယ်ဟိုတယ်မှာ တည်းခိုသင့်တယ်။ ပုဂံနဲ့ပတ်သက်တဲ့ အချက်အလက်တွေသိချင်ရင် ဒီစင်တာလေးကနေ ထောက်ပံ့ပေးနိုင်ဖို့ပါ" ဟု ၎င်းက ရှင်းပြသည်။

အချက်အလက်စင်တာတစ်ခု အကောင်အထည်ဖော်နိုင်ရန် ၂၀၁၄ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့သော်လည်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်၍ အဆောက်အအုံအသစ်ဆောက်ရန် အခက်အခဲဖြစ်ခဲ့ရကြောင်း၊ လက်ရှိတွင် အချက်အလက်စင်တာ တည်ဆောက်ရန် အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်း ဦးဟန်ညွှန့်က ထပ်လောင်းပြောဆိုသည်။

ပုဂံဒေသသည် နိုင်ငံခြားခရီးသွားများအပါအဝင် ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်ရာ နေရာတစ်ခုဖြစ်၍ နှစ်စဉ် ခရီးသွားဦးရေ နှစ်သိန်းခွဲခန့် လာရောက်လေ့ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၏ စာရင်းများအရ သိရသည်။

လက်ရှိတွင် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရန် စီစဉ်လျက်ရှိရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အဆောက်အအုံ အသစ်များ ဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ညွှန်ကြားချက်များထုတ်ပြန် တားမြစ်ထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောကြားသည်။

"စင်တာလုပ်ဖို့အတွက် အဆောက်အအုံမြေနေရာက အခုချိန်ထိ မပေးနိုင်သေးဘူးဖြစ်နေတယ်။ တရားဝင်မြေမှာဆိုရင်တော့ ဆောက်ခွင့်ပေးမယ်။ တရားဝင်မဟုတ်ရင်တော့ ဆောက်ခွင့်မပေးဘူး။ သူတို့ဆီမှာ တရားဝင်မြေမရှိဘူး။ သတ်မှတ်ထားတဲ့ လူနေဧရိယာမဟုတ်ရင် အဆောက်အအုံအသစ် ဆောက်လုပ်ခွင့်မပေးဘူး။ နောက်တစ်ခုက ဟိုတယ်နဲ့ခရီးက လက်ရှိအသုံးပြုနေတဲ့ အင်ဖော်မေးရှင်းစင်တာကို အဆင့်မြှင့်တင်ဖို့ သူတို့ကို ပြောတယ်။ သူတို့က ဒါကို မလုပ်ချင်ဘူး။ သူတို့က အသစ်ကနေစပြီး လုပ်ချင်တဲ့သဘောဖြစ်နေတယ်" ဟု ၎င်းပြောဆိုသည်။

အသစ်တည်ဆောက်မည့် အချက်အလက်စင်တာသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံက အများနှင့်သက်ဆိုင်သည့် အဆောက်အအုံတစ်ခုအဖြစ် လှူဒါန်းသွားရန် ရည်ရွယ်ထားကြောင်း၊ အဆိုပါစင်တာတည်ဆောက်နိုင်ရန် စက်တင်ဘာလအတွင်း ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း JICA ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး စီမံချက်လက်ထောက်တာဝန်ခံ ဦးဟန်ညွှန့်က ထပ်လောင်းပြောကြားသည်။ ■

# မန္တလေး စည်ပင်ကော်မတီဝင်များအားလုံး တစ်ပြိုင်နက်တည်း ခန့်ဖွယ်ရှိ

**မန္တလေး၊ စက်တင်ဘာ ၁၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ၁၁ ဦးစလုံးကို တစ်ပြိုင်နက်တည်း ခန့်အပ်သွားဖွယ်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

"တိုင်းအစိုးရက ရွေးချယ်ခန့်အပ်မယ့် ငါးဦးကို အရင်ခန့်မယ်ဆိုပေမယ့် စိစစ်ရွေးချယ်နေတဲ့အချိန်မှာ ရွေးကောက်ပွဲက ကော်မတီဝင်တွေလည်း တက်လာမယ့်ဆိုတော့ အတူတူပဲခန့်ဖြစ်နိုင်ပါတယ်၊ အစိုးရဘက်ကခန့်မယ့်သူတွေထဲက ဖိုင်နယ် ရွေးချယ်နေတုန်းပါ" ဟု ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးဝန်ကြီးကမူ တိုင်းဒေသကြီးအစိုးရက တိုက်ရိုက်ခန့်အပ်မည့် ကော်မတီဝင်များကို အရင်ဆုံးခန့်အပ်စေလိုသည်ဟု ပြောဆိုသည်။

"ကော်မတီထဲကို ၁၁ ဦးစလုံး တစ်ပြိုင်နက်တည်းဝင်လာရင် လုပ်ငန်းလည်ပတ်ဖို့ အကျွမ်းတဝင်ဖြစ်ဖို့ အခက်အခဲ ရှိသွားမယ်လို့ မြင်တယ်။ ဒါကြောင့် ငါးဦးကို အရင်ခန့်ထားရင် ရွေးကောက်ပွဲကတက်လာမယ့် ကိုယ်စားလှယ်တွေ ရောက်လာတဲ့အချိန်မှာ သူ့ဟာနဲ့သူ လည်ပတ်သွားလိမ့်မယ်" ဟု မြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောကြားသည်။

စည်ပင်ကော်မတီဝင် ရွေးကောက်ပွဲကို မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခု၌ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၃၆ ဦးရှိသည့်အနက် နှစ်ဦးမှာ သတ်မှတ်အရည်အချင်းများနှင့် မကိုက်ညီ၍ ပယ်ချခဲ့ကြောင်း စည်ပင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

တိုင်းဒေသကြီးအစိုးရက တိုက်ရိုက်ခန့်အပ်သည့် စည်ပင်ကော်မတီအတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ငါးဦးကို ခန့်အပ်ပြီးပါက မန္တလေးခရိုင် ခြောက်မြို့နယ်မှ ဒုတိယမြို့တော်ဝန်အပါအဝင် ကော်မတီဝင်ခြောက်ဦးကို သုံးလအတွင်း ရွေးကောက်ပွဲပြုလုပ်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။ ■

# အင်းဝရှေးဟောင်းပြတိုက် နှစ် ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် အကြီးစားပြုပြင်မည်

**မန္တလေး၊ စက်တင်ဘာ ၁၂**

အင်းဝရှေးဟောင်းသုတေသနပြတိုက်ကို နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အကြီးစား ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ထံမှ သိရသည်။

အကြီးစားပြုပြင်ခြင်းလုပ်ငန်းနှင့် ခင်းကျင်းရေးဆိုင်ရာများ ပြုလုပ်ခြင်းလုပ်ငန်းများကိုစက်တင်ဘာတတိယပတ်အတွင်း ပြုလုပ်သွားမည်ဖြစ်ရာ ထိုသို့ပြင်ဆင်ရေးလုပ်ငန်းကို ခွင့်ပြုပေးနိုင်ရန် စက်တင်ဘာဒုတိယပတ်အတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောကြားသည်။

အင်းဝရှေးဟောင်းသုတေသနပြတိုက်ကို ၁၉၉၀ ပြည့်နှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြတိုက်အတွင်း ခေတ်အဆက်ဆက် ဗုဒ္ဓရုပ်ပွားတော်များ၊ ခေတ်အဆက်ဆက်လူမှုရေးအသုံးအဆောင် ပစ္စည်းများ ခင်းကျင်းပြသထားသည်။

အကြီးစားပြုပြင်ရေးလုပ်ငန်းများ ပြုလုပ်နေစဉ်ကာလအတွင်း ပြတိုက်ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ထံမှ သိရသည်။ ■

# ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရားပွဲဆိုင်ခန်းများ ဈေးတင်ရောင်းချမှုကြောင့် ဆိုင်ခန်းငှားသူများ အခက်ကြုံ

**မန္တလေး၊ စက်တင်ဘာ ၁၂**

မန္တလေးမြို့တော်၌ နှစ်စဉ်ကျင်းပသည့် ကုသိုလ်တော်ဘုရားနှင့် စန္ဒမုနိဘုရားတို့၏ ဘုရားပွဲတော်၌ ဈေးဆိုင်ဆောက်လုပ်ခွင့် လေလံခေါ်စဉ်က သတ်မှတ်ထားသော ဆိုင်ခန်းဈေးထက်ပို၍ ဈေးတင်ရောင်းချနေမှုကြောင့် ဆိုင်ခန်းငှားသူများ အခက်အခဲ ဖြစ်ရကြောင်း ဆိုင်ခန်းငှားရမ်းထားသူများထံမှ သိရသည်။

အဆိုပါဆိုင်ခန်းများအတွက် ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက်တို့က လေလံတင်ရောင်းချခဲ့ရာ ယင်းအချိန်ကလည်း ပွင့်လင်းမြင်သာမှုမရှိခဲ့ဟု ၎င်းတို့ကဆိုသည်။

“နှစ်တိုင်းကြုံနေရတယ်။ ကန်ထရိုက်ပေးပြီး သတ်မှတ်ဈေးထက်ကျော်ရောင်းတာ။ ပွဲဈေးသည်ဆိုတော့လည်း ပြောင်းရရွှေ့ရနဲ့ အချိန်မပေးနိုင်ဘူး။ ပွဲဈေးပြီးမှပြောတော့ ပွဲဈေးသည်တွေကိုပဲ ကန်ထရိုက်ပေးမယ်ပြောတယ်။ အခုကျတော့ လေလံပေးတာသာ ကြေညာပြီး ဘယ်သူမှမပြိုင်လိုက်ရဘဲ ရတဲ့သူတွေက ရသွားပြီ” ဟု ပွဲဈေးသည် ဦးစန်းအောင်က ပြောကြားသည်။

လေလံအောင်မြင်ထားသူအနေနှင့် ပွဲဈေးဆိုင်ခန်းများကို သတ်မှတ်ချက်အတိုင်း ရောင်းချပေးစေလိုကြောင်း၊ ကန်ထရိုက်ရထားသူအနေနှင့် သတ်မှတ်ထားသည့်ဈေးနှုန်းအတိုင်း မရောင်းချနိုင်ပါက ဈေးသည်များစုပေါင်း၍ လေလံကြေးပေးသွင်းကာ ဆိုင်ခန်းများ ဆောက်လုပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

“ကျွန်တော်တို့ ကော်မတီဝင်တွေ ဆုံးဖြတ်ချက်အတိုင်း ဈေးသည်တွေကို ဦးစားပေးတဲ့အနေနဲ့ လေလံပေးတာ။ အခုဖြစ်တာက ဈေးသည်အချင်းချင်းဖြစ်တာ။ နောက်ပြီး လေလံမှာလည်း ဆိုင်ခန်းဈေး သတ်မှတ်ချက်ပါပြီးသား။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဈေးသည်တွေ တိုက်ရိုက်တိုင်ကြားတာလည်းမရှိဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုင်ကြားထားတယ်ဆိုတော့ မူလစည်းကမ်းအတိုင်း ရှင်းပေးပါလိမ့်မယ်” ဟု ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောကြားသည်။

အဆိုပါပွဲဈေးတွင် ဆိုင်ခန်းပေါင်း ၂၃၀ ကျော်ရှိပြီး ကျပ်သိန်း ၃၆၀ ဖြင့် ဆိုင်ခန်းများ တည်ဆောက်ခွင့်ပြုခဲ့ကြောင်း၊ ဆိုင်ခန်း တစ်ခန်းလျှင် ကျပ်ငါးသောင်းမှ တစ်သိန်းအတွင်း ဈေးသည်များကိုရောင်းချပေးရန် သတ်မှတ်ထားသော်လည်း လက်ရှိတွင် ဆိုင်ခန်းတစ်ခန်းလျှင် ကျပ်တစ်သိန်းသုံးသောင်း၊ တစ်သိန်းလေးသောင်းနှုန်းဖြင့် ရောင်းချနေကြောင်း၊ ယခင်နှစ်က ကျပ် ၃၀၅ သိန်းဖြင့် ဈေးဆိုင်ဆောက်ခွင့်ပြုခဲ့ပြီး ဆိုင်ခန်းတစ်ခန်းလျှင် ကျပ်ငါးသောင်းမှ တစ်သိန်းအကြား ရောင်းချခွင့်ပြုခဲ့ရာ လေလံအောင်မြင်သူက ကျပ်တစ်သိန်းနှစ်သောင်းမှ တစ်သိန်းခွဲအတွင်း ရောင်းချခဲ့ကြောင်း ဈေးသည်များနှင့် ဂေါပကအဖွဲ့ထံမှ သိရသည်။

ကုသိုလ်တော်ဘုရားနှင့် စန္ဒမုနိဘုရားတို့၏ ဘုရားပွဲတော်ကို နှစ်စဉ်အောက်တိုဘာလအတွင်း ကျင်းပလေ့ရှိသည်။ ■

# မန္တလေးမြို့တော် သာယာလှပရေး စစ်တမ်းကောက်

**မန္တလေး၊ စက်တင်ဘာ ၁၂**



ဓာတ်ပုံ-မောင်ရဲနွေ

မဟာအောင်မြေမြို့နယ်ကိုယ်စားပြုယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ဦးခင်မောင်ထွန်းမဲဆွယ်စည်းရုံးနေစဉ်

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်အဖြစ်ရွေးချယ်ခံမည့် မဟာအောင်မြေမြို့နယ်မှ ကိုယ်စားလှယ်လောင်း ဦးခင်မောင်ထွန်းက မန္တလေးမြို့တော် သာယာလှပရေးအတွက် စည်ပင်သာယာလှပရေးစစ်တမ်း ကောက်ယူထားကြောင်း ပြောကြားသည်။

ကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းမခံရပါကလည်း ကောက်ယူထားသော စစ်တမ်းပါအတိုင်း ကူညီဆောင်ရွက်ပေးမည်ဟု ၎င်းကပြောဆိုသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်အဖြစ် မဟာအောင်မြေမြို့နယ်ကိုယ်စားပြု ရွေးချယ်ခံမည့် ဦးခင်မောင်ထွန်းက မန္တလေးမြို့၃၅ လမ်း၊ ၇၅ လမ်းနှင့် ၇၆ လမ်းကြား ကီးမားတင်ဝင်းခန်းမ၌ စက်တင်ဘာလ ၁၂ ရက်က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ပြောကြားခဲ့ခြင်းဖြစ်သည်။

မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၈ ခုတွင် နေထိုင်သည့် အိမ်ထောင်စု ၃၈၁ ခုကိုအခြေခံကာ အဆိုပါစစ်တမ်းကောက်ယူထားခြင်း ဖြစ်ပြီး ၉၅ ရာခိုင်နှုန်းခန့် မှန်ကန်သည်ကို တွေ့ရကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။

မန္တလေးမြို့တော်တွင် အမှိုက်သိမ်းစနစ်နှင့်ပတ်သက်၍ ပြန်လည်ဆန်းစစ်သုံးသပ်ရန် လိုအပ်ကြောင်း၊ ၄၀ ရာခိုင်နှုန်းသော ဒေသခံများက ရေမြောင်းများအတွင်း အမှိုက်ပိတ်ဆို့နေမှု၊ ရေစီးရေလာမကောင်းမွန်ခြင်းနှင့် အနံ့အသက်ဆိုးရွားမှုဒဏ်များ ခံစားနေရကြောင်း၊ မိလ္လာပိုက်၊ ကန်ယိုစိမ့်ခြင်းများကြောင့် အနံ့အသက်မကောင်းခြင်း၊ ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် အခက်အခဲများကို ၅၃ ရာခိုင်နှုန်းသော မိသားစုများ ခံစားနေရကြောင်း၊ လမ်းဘေးဝဲယာရှိ ပလက်ဖောင်းများပေါ်ကျူးကျော်ထားသော ဆိုင်ခန်းများ၊ ပလက်ဖောင်းပျက်စီးနေခြင်းတို့ကြောင့် ၅၁ ရာခိုင်နှုန်းသော ရပ်ကွက်ဒေသခံများ အခက်အခဲဖြစ်နေကြောင်း၊ ၅၇ ရာခိုင်နှုန်းသောပြည်သူများက လမ်းဘေးဈေးဆိုင်များ ရှိသင့်သော်လည်း ၎င်းတို့ကို နေရာသတ်မှတ်ပေးခြင်းနှင့် ဆိုင်များမှထွက်ရှိသည့် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ကို ပြုလုပ်စေလိုကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြထားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်အဖြစ် ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးလျက်ရှိရာ မဟာအောင်မြေ မြို့နယ်မှ ပင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးကျော်ဇော အောင်က ကော်မတီဝင်အဖြစ် ရွေးချယ်ခံရပါက အဂတိတရားကင်းစွာ တာဝန်ထမ်းဆောင်မည်ဟု ကတိပေးပြောကြားသည်။

ကော်မတီဝင်အဖြစ် ရွေးချယ်ခံရပါက မဲဆွယ်စည်းရုံးစဉ်ကာလက ပြောကြားခဲ့သော ကတိစကားများအတိုက် ဆောင်ရွက်ရန်လိုကြောင်း မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်တွင် နေထိုင်သည့် ဦးကျော်ကျော်စိုးက ပြောဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရွေးချယ်ပွဲကို မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ အမရပူရနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ စက်တင်ဘာလ ၂၅ ရက်နေ့တွင် တစ်ပြိုင်နက် ကျင်းပမည် ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ရေး ကြီးကြပ်အဖွဲ့ထံမှ သိရသည်။ ■

# NEWS IN BRIEF

## ရွှေလျားစက်သုံးဆီဆိုင် နှစ်ဆိုင်ကို ဖမ်းဆီး

**မန္တလေး၊ စက်တင်ဘာ ၁၂**

မန္တလေးမြို့တော် မဟာအောင်မြေမြို့နယ်အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချနေသည့် စက်သုံးဆီဆိုင်နှစ်ဆိုင်ကို စက်တင်ဘာလ ၁၁ ရက်နေ့ ည ၉ နာရီခန့်က မြို့နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

မဟာအောင်မြေမြို့နယ် လမ်း ၄၀ နှင့် ၄၁ လမ်းကြား ၇၂ လမ်းနှင့် ၇၃ လမ်းကြားအတွင်း လှည့်လည်ရောင်းချနေသည့် ရွှေလျား စက်သုံးဆီဆိုင်နှစ်ခုကို မြို့နယ်ရဲတပ်ဖွဲ့က လုံခြုံရေးလှည့်လည်နေစဉ် တွေ့ရှိခဲ့သောကြောင့် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့နယ်ရဲစခန်း၏ ကနဦးစစ်ဆေးချက်များအရ သိရသည်။

လက်ရှိတွင် စက်သုံးဆီဆိုင်ပိုင်ရှင်များဖြစ်သည့် အသက် ၃၇ နှစ်အရွယ် ဦးဇော်မျိုးအောင်နှင့် အသက် ၂၃ နှစ်အရွယ် ဦးအာကာဦးလွင်တို့ကို ဆီရောင်းရာတွင်အသုံးပြုသည့် မော်တော်ယာဉ်၊ ပန့်စက်များနှင့်အတူ စည်ပင်သာယာရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ထားပြီး စည်ပင်သာယာရေးအက်ဥပဒေ ၁၀၉ (ဃ) ဖြင့် တရားရုံးတင်မည်ဖြစ်ကြောင်း ယင်းစစ်ဆေးချက်တွင် ဖော်ပြထားသည်။

## တရားမဝင်သယ်ဆောင်လာသည့် နွား ၇၁ ကောင် ဖမ်းမိ

**မန္တလေး၊ စက်တင်ဘာ ၁၂**

သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီးကားလမ်းပေါ်၌ နွားထီး ၇၁ ကောင်ကို တရားမဝင်သယ်ဆောင်လာသည့် မော်တော်ယာဉ်မောင်းအပါအဝင် အမျိုးသား ၁၂ ဦးကို စက်တင်ဘာလ ၁၁ ရက်နေ့ ညနေ ၅ နာရီခန့်က ဖမ်းဆီးရမိခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ယင်းမာပင်ကျေးရွာအထက် မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ် ၅၁/၆ အနီးတွင် ယာဉ်မောင်း သုံးဦးနှင့် နွားထိန်း ကိုးဦးတို့ကို တရားမဝင်သယ်ဆောင်လာသည့် နွားထီး ၇၁ ကောင်နှင့်အတူ တိုင်းမှူးခင်းအကူတပ်ဖွဲ့ခွဲကဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ထံတင်ပြသည့် ယင်းမာပင်ရဲစခန်း၏ ကြေးနန်းတွင် ဖော်ပြထားသည်။

အသက် ၄၁ နှစ်အရွယ် ယာဉ်မောင်းအေးကိုအပါအဝင် အမျိုးသား ၁၂ ဦးကို ယင်းမာပင်ကျေးရွာရဲစခန်းက (ပ)၅၃/၂၀၁၆၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့်အမှုဖွင့်ထားပြီး ဖမ်းမိသည့်နွားများကို ယင်းမာပင်ရဲစခန်း၌ပင် ထိန်းသိမ်းထားကြောင်း ယင်းကြေးနန်းအရ သိရသည်။ ■

# မော်တော်ဆိုင်ကယ်ဖြင့် မူးယစ်ဆေးများ သယ်ဆောင်လာသူကို သပိတ်ကျင်းတွင် ဖမ်းမိ

**သပိတ်ကျင်း၊ စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာအုပ်စု တောင်လယ်ကျေးရွာ သစ်ထုတ်လုပ်ရေးစခန်းအနီးတွင် စက်တင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲအချိန်က မူးယစ်ဆေးဝါးသယ်ဆောင်လာသူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ပြင်ဦးလွင်အခြေစိုက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး မူးယစ်တပ်ဖွဲ့ခွဲ ၁၆ မှ ရဲအုပ်အေးထွန်းက ပြောကြားသည်။

မိုးမိတ်-တွင်းငယ်သွားကားလမ်း မိုင်တိုင်အမှတ် (၁၀/၀) နှင့် (၁၁/၁) အကြားတွင် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါး ရှာဖွေစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေစဉ် မော်တော်ဆိုင်ကယ်မောင်းနှင်လာသော အသက် ၂၈ နှစ်အရွယ်ရှိ ဝင်းသိန်းထံမှ မူးယစ်ဆေးဝါးများ သိမ်းဆည်း ရမိခဲ့ခြင်းဖြစ်သည်ဟု ၎င်းကရှင်းပြသည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ဝင်းသိန်းထံမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၅၀၀၀၊ ဘိန်းဖြူဟု ယူဆရသည့် အဖြူမှုန့် ၃၉၆ ဂရမ် ဖမ်းဆီးရမိခဲ့ကြောင်း၊ မိုးမိတ်မြို့နယ်မှ သယ်ဆောင်လာခြင်းဖြစ်ပြီး ဇန်းမောက်မြို့နယ်သို့ ပို့ဆောင်ပေးရမည်ဟု ထွက်ဆိုထားကြောင်း ရဲအုပ်အေးထွန်းကဆက်လက်ပြောဆိုသည်။

“သယ်လာပေးသူကို ဖမ်းမိထားတယ်ဆိုတော့ ရောင်းပေးတဲ့သူနဲ့ လက်ခံမယ့်သူတွေကို ဖမ်းဆီးရမိရေး စစ်ဆေးနေပါတယ်။ အခုကိစ္စက တိုင်းခြားနယ်ခြားကိစ္စဆိုတော့ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့တွေနဲ့ ပူးပေါင်းဖော်ထုတ်ရမယ့် ကိစ္စပါ” ဟု တွင်းငယ်ကျေးရွာ ရဲစခန်းမှူး ရဲအုပ်အောင်ကျော်မိုးက ပြောကြားသည်။

လက်ရှိအချိန်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ဝင်းသိန်းကို သပိတ်ကျင်းမြို့မရဲစခန်းက မယ (ပ) ၁၈/၂၀၁၆ မူးစိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ တို့ဖြင့် အမှုဖွင့်ထားပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း ရဲအုပ်အောင်ကျော်မိုးက ပြောဆိုသည်။ ■

# ပြည်သူ့နီတိ (၅၂)

## လူမှုရေးလုပ်ငန်းနှင့် ကိုယ်ကျင့်တရား

လူမှုရေးလုပ်ငန်းဆိုသည်မှာ လူ့ဘောင်လောကကြီး အတွက် ကောင်းမှုမြတ်နိုး ကောင်းကျိုးဆောင်ရွက် အများ အတွက် လုပ်ဆောင်ရသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ လူ့ဘောင် လောကကြီးအတွင်း ဆင်းရဲသူများ၊ ဖိနှိပ်ခြင်း ခံနေရသူများ၊ အားနည်းသူပေါင်းများစွာ ရှိနေကြပါသည်။ လူမှုရေးလုပ်သား များဟုဆိုရမည့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်နေကြ သူများသည် အားနည်းသူကိုကယ်မ၊ အားငယ်သူကို အားပေး၊ ချို့ငဲ့သူကိုဖေးကူ၊ မလုပ်နိုင်သူကို လက်တွဲခေါ်ယူ မေတ္တာဖြင့် အားလုံးကို ငြိမ်းအေးချမ်းသာစေသူများဖြစ်သင့်ပါသည်။

လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်နေကြသူများ သည် တစ်ဦးချင်းလည်း ဖြစ်နိုင်သည်။ အုပ်စုလိုက်လည်း ဖြစ်နိုင် သည်။ မိသားစုလိုက်လည်း ဖြစ်နိုင်သလို အဖွဲ့အစည်းကြီးတစ်ခု အသွင်လည်း ဖြစ်နိုင်ပါသည်။ သို့ဖြစ်ရာ လူမှုလုပ်သားများ သည် ယဉ်ကျေးမှု၊ လူမျိုး၊ ဘာသာ၊ ဒေသ၊ နေရာ ဘာကိုမျှ ခွဲခြားလိုစိတ်မရှိသူများလည်း ဖြစ်ရန်လိုသည်။ အဘယ်ကြောင့် ဆိုသော် လူမျိုးရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ အသက်အရွယ်၊ ကျား၊မ၊ အဆင့်အတန်း ခွဲခြားသူများသည် မှန်ကန်သော အမြင်၊ ခံယူချက်၊ စိတ်ထားမျိုးရှိသူများဟု မသတ်မှတ်နိုင်သော ကြောင့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်မည့်သူများ ဟုလည်းမဆိုနိုင်ပေ။ လူမှုလုပ်သားများသည် ခွဲခြားစိတ်၊ ဖိနှိပ်မှု၊ ဆင်းရဲခြင်းစသည့် ကိစ္စရပ်များကို မျက်စိထဲတွင်မမြင်၊ ကူညီစိတ်ထားဖြင့် စာနာထောက်ထား သနားကြင်နာတတ်သူ များဆိုသည့် ချီးကျူးဂုဏ်ပြုမှုများနှင့် ထိုက်တန်သည့်သူများ ဖြစ်ရန် လိုအပ်သောကြောင့် ဖြစ်သည်။

လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်လိုသူများသည် အခြေခံအချက်ကြီး ၇ ချက်ကို လိုက်နာသင့်ပါသည်။ ယင်းတို့မှာ -

### (၁) ကိုယ်ပိုင်ပြတ်သားသော စိတ်ဆုံးဖြတ်ချက်ရှိရမည်

လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်မည့်သူများတွင် တစ်စုံတစ်ဦး၏ ကန့်သတ် ချုပ်ခြယ်မှုကို မခံရသော ကိုယ်ပိုင် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ဖြင့် လုပ်ဆောင်နိုင်သည့် စိတ်ဓာတ် မျိုး ရှိရန်လိုသည်။ မဖြစ်မနေ လုပ်ကိုလုပ်မည်ဆိုသည့် ဇွဲနှင့် သတ္တိတို့လည်းရှိရမည်။ လူမှုလုပ်သားတို့သည် ဆုံးဖြတ်ရဲ ရမည်၊ လုပ်ဆောင်ရဲရမည်၊ ဇွဲရှိရမည်၊ ကြံ့ကြံ့ခံရင်ဆိုင်ရဲ ရမည်၊ ကြိုတင်လာဘ်မြင်နိုင်စွမ်းရှိရမည်၊ ဖြစ်လာနိုင်သည့် အန္တရာယ်ကို ကြိုသိနိုင်စွမ်း ရှိရမည်၊ ကိုယ်တိုင်ဘေးမဖြစ်စေ ရန် စောင့်ရှောက်နိုင်စွမ်းရှိသလို၊ သူတစ်ပါး သို့မဟုတ် မိမိ အဖွဲ့ဝင်များကိုလည်း ဘေးအန္တရာယ်မရှိစေရန် စောင့်ရှောက် ကာကွယ်ပေးနိုင်စွမ်းရှိရမည်။

### (၂) ဘာသာစကား ကျွမ်းကျင်ရမည်

လူမှုလုပ်သားဆိုသည်မှာ အခက်အခဲ ပြဿနာရှိသော နေရာတိုင်းတွင် သွားရောက်လုပ်ကိုင်မည်ဆိုပါက ထိုဒေသ ၏ ဘာသာစကားများကို ကျွမ်းကျင်စွာပြောဆို ဆက်သွယ် နိုင်သူတစ်ဦးဖြစ်သင့်ပါသည်။ နိုင်ငံတကာအဖွဲ့ အစည်းများ နှင့်လည်း ဆက်သွယ်ကောင်း ဆက်သွယ်ရနိုင်သဖြင့် အနည်းဆုံး အင်္ဂလိပ်စကားလောက်တော့ ပြောနိုင်စေရန် လေ့ကျင့်ထား သင့်ပါသည်။

### (၃) ဗဟုသုတနှံ့စပ်ပြည့်စုံသူဖြစ်ရမည်

မိမိသွားရောက်လုပ်ကိုင်မည့် နေရာဒေသမှ လူမျိုး၊ ဓလေ့ထုံးစံများကို တီးခေါက်မိထားရန်လိုပါသည်။ ဗဟုသုတ အသိနည်းလျှင် ကူညီမှုသည် ကူညီရာမရောက် စော်ကား ရာ ရောက်နိုင်သည်။ သို့ဖြစ်ရာ အရေးကြီးသည့် ဒေသနှင့် လူမျိုးဆိုင်ရာ ထုံးဓလေ့များကို ဖတ်မှတ်လေ့လာထားသင့် သည်။

### (၄) ပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများလေးစားရမည်

ဒုက္ခရောက်နေသော လူသားတိုင်းတွင် သူတို့၏ ကိုယ်ရေး ကိုယ်တာ တန်ဖိုးထားရမည့် ကိစ္စများ ရှိနိုင်ပါသည်။ ဖြစ်နိုင် လျှင် အိမ်တွင်းရေး၊ မိသားစုအရေး၊ ကိုယ်ပိုင်အခွင့်အရေး များကို စပ်စုမေးမြန်းခြင်းများကို ရှောင်ရှားသင့် ပါသည်။ သူတို့ကို ကူညီချင်လျှင် သူတို့နှင့် ရင်းနှီးခင်မင်စွာ နေထိုင် ရမည်ကို လက်ခံနိုင်ပါသည်။ သို့သော် အတွင်းရေးကို မလိုအပ်ဘဲ ချိုးဖောက်ဝင်ရောက်ရန် ကြိုးစားသူများ မဖြစ် သင့်ပေ။

### (၅) ကိုယ်ကျင့်တရားကောင်းမွန်ရမည်

လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်လိုသူများသည် ကိုယ်ကျင့်တရားကောင်းမွန်ပြီး၊ သီလရှိသော စင်ကြယ်သည့် သူတော်စင်များပမာ မိမိကိုယ်မိမိ တန်ဖိုးထားလေးစား တတ်သူများဖြစ်ရန်လိုသည်။ ထို့ကြောင့် အချောင်ရယူလိုခြင်း၊ ခိုးယူခြင်း၊ အလွဲသုံးစားပြုမှုခြင်းများကို ရှောင်ရှားနိုင်ရမည်။ အရေးအကြီးဆုံး အချက်မှာ လိင်မှုဆိုင်ရာ မတရားကျူးလွန် ခြင်းများကို လုံးဝမပြုလုပ်မိစေရန် ရှောင်ရှားရမည်။ အများ က တန်ဖိုးထားလေးစားရမည့် စံပြ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်စေရန် အနေအထိုင်၊ အသွားအလာ၊ အပြုအမူ၊ အပြော အဆိုများကို ဆင်ခြင်ထိန်းသိမ်း နေထိုင်တတ်စေရန် အရေး ကြီးသည်။

### (၆) ရိုင်းစိုင်းသည့် အပြောအဆိုမျိုးကို ရှောင်ကြဉ်ရမည်

လူမှုလုပ်သားဆိုသည်မှာ အပြောအဆိုပိုင်းတွင်လည်း လိမ္မာယဉ်ကျေးသူများ ဖြစ်ရန်လိုသည်။ စာအရေးအသား တွင်ဖြစ်စေ၊ ပြောဆိုဆက်ဆံရာတွင်ဖြစ်စေ နူးညံ့သိမ်မွေ့ ယဉ်ကျေးစွာ ဆက်ဆံတတ်ခြင်းက ဒုက္ခရောက်နေသူများ အတွက် စိတ်ဓာတ်အားကိုဖြစ်စေပါသည်။ ထို့ကြောင့် အထက်တွင်ဆိုခဲ့သလို ဘာသာစကားများကို ကျွမ်းကျင်စွာ တတ်မြောက်ဆက်သွယ်နိုင်ရန် အရေးကြီးသည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

### (၇) လေးစားစိတ်ရှိရမည်

လူမှုလုပ်သားတိုင်းသည် လူအချင်းချင်း အထင်သေး ခြင်းစိတ်ဓာတ်မျိုးမှ ကင်းစင်သူများဖြစ်ရန်လိုပါသည်။ အားလုံးကို တန်းတူညီမျှစိတ်ထားဖြင့် ဆက်ဆံနိုင်စွမ်းရှိရ မည်။ နှိမ့်ချပြီး မာန်မာနကင်းသည့်သူမျိုးဖြစ်စေရန် လေ့ကျင့် အားထုတ်နေရမည်။ မည်သူ့ကိုမဆို ဆန့်ကျင်သည့် အမြင် များဖြင့် အဆိုးမြင်စိတ်ထားကာ ဆက်ဆံလျှင် မိမိလုပ်ငန်း တွင် အောင်မြင်မှုမရနိုင်ပါ။ လူမှုရေးလုပ်ငန်းဆိုသည်မှာ အများနှင့်ပူးပေါင်းလုပ်ဆောင်မှ အောင်မြင်ရသည်ကများ ပါသည်။ ထို့ကြောင့် တစ်ဦးကောင်း တစ်ယောက်ကောင်း တစ်ကိုယ်ကောင်းစိတ်နည်းပြီး အားလုံးအပေါ် လေးစား စိတ်ဖြင့် ကူညီလုပ်ဆောင်လိုသူများသာ အောင်မြင်စွာ လုပ်ဆောင်နိုင်ပါသည်။ ■

## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်ပရိသတ်တွေ ကုသိုလ်ပြုနိုင်ဖို့လမ်းညွှန်ပေးချင်တာကတော့ သွေးအလှူပြုနိုင်ဖို့ပါ။ အမျိုးသားသွေးဌာန ရန်ကုန်မှာ သွေးအုပ်စု A နဲ့ သွေးအုပ်စု AB သွေးတွေ ပြတ်လပ်နေတာမို့ လာရောက်လှူဒါန်းကြဖို့ ဌာနက ဖိတ်ခေါ်ထားတာ ဖြစ်ပြီး တခြားသွေးအုပ်စုတွေလည်း လာရောက်လှူဒါန်းနိုင် တယ်လို့ ဆိုပါတယ်။ ရုံးဖွင့်ရက်တွေမှာ မနက် ၉ နာရီကနေ ညနေ ၄ နာရီအထိ၊ ရုံးပိတ်ရက်တွေမှာ မနက် ၈ နာရီကနေ ၁၁ နာရီအထိ လာရောက်လှူဒါန်းနိုင်မှာဖြစ်ပြီး ရွှေတိဂုံဘုရားလမ်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့် လသာမြို့နယ်မှာရှိတဲ့ အမျိုးသားသွေးဌာန ရန်ကုန်မှာ သွားရောက်လှူဒါန်းနိုင်မှာပါ။ ■




## ဈေးဝယ်လမ်းညွှန်

### အမွေးတွေ ကပ်ကျန်မှာ စိတ်ပူဖို့မလိုတဲ့ ကားပေါ်သုံး အခင်း

ကိုယ့်ရဲ့ ချစ်စရာ အိမ်မွေးတိရစ္ဆာန်လေးတွေနဲ့ အပြင်ထွက်လည်တဲ့အခါ ကားထိုင်ခုံတွေပေါ်မှာ သူတို့လေးတွေရဲ့အမွေးတွေ ကပ်မကျန်ခဲ့စေဖို့ အသုံးဝင်မယ့် Car Pet Seat Cushion ကို ညွှန်ပေးချင်ပါတယ်။ ကားပေါ်သုံးအခင်းလေး က နောက်ခန်းတစ်ခန်းလုံးကို အပြည့်ဖုံးပေးထားတာမို့ အမွေးတွေ ကပ်ကျန်မှာ စိတ်ပူဖို့မလိုတဲ့အပြင် ရေစိုလည်း ခံနိုင်ရည်ရှိပါတယ်။ ကားနောက်ဖုံးဘက်မှာ ထားတဲ့အခါ၊ တခြားပစ္စည်းတွေ သယ်တဲ့အခါ အောက်ခံအခင်းအဖြစ်ပါ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်းက ၁၂,၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး ဝယ်လိုတယ်ဆိုရင် 8 Ray Shopping Center အမှတ် ၄၉ ၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မှာ သွားဝယ်နိုင်မှာ ဖြစ်ပြီး ဖုန်း ၀၉ ၄၅၀၁ ၂၇၃၀၃၊ ၀၉ ၄၅၀၁ ၂၇၃၀၄၊ ၀၉ ၄၅၀၁ ၂၇၃၀၅ ကို ဆက်သွယ်ပြီး အိမ်အရောက်ပို့ဝန်ဆောင်မှုနဲ့ မှာယူနိုင်ပါတယ်။ ■



ပုံမှန်ဆက်ဆံခြင်းသည်
ရေရှည်ခင်မင်မှုအတွက်
ဦးအိုက်စန် နှင့်သား နိုင်ပြိုးစံ
မြန်မာပြည်မှာ ဆန်းရှိုင်း
သားရေစစ်စစ်ပစ္စည်းအရောင်းဆိုင်

**တစ်**ကမ္ဘာလုံး ရွာကြီးတစ်ရွာသဖွယ် အနီးကပ်ကူးလူးဆက်ဆံနေကြသော ဤ Globalization ခေတ်ကြီးတွင် အင်္ဂလိပ်စာကို ပိုင်နိုင်ကျွမ်းကျင်မှုနှင့် သွက်လက်ချက်ချာ မှန်ကန်စွာပြောဆိုတတ်မှုသည် မည်မျှအရေးပါကြောင်း အထူးပြောနေစရာ မလိုပါ။ ဤအချက်ကို ကောင်းစွာသဘောပေါက်နားလည်သော လူငယ်နှင့်လူလတ်ပိုင်းအများစုကြီးသည် ယနေ့အင်္ဂလိပ်စကားကို မှန်မှန်ကန်ကန် သွက်သွက်လက်လက် ပြောဆိုနိုင်အောင် ကြိုးစားအားထုတ်လေ့လာနေကြပေသည်။ သို့သော် ရည်မှန်းသလောက် ခရီးမရောက်ကြသေးသည်ကို တွေ့နေရ၏။ ဤအခက်အခဲကို လွန်မြောက်စေမည့်နည်းလမ်းမှာ အင်္ဂလိပ်စာ များများဖတ်ရှုခြင်းနှင့် အင်္ဂလိပ်စကားပြော များများလေ့ကျင့်ခြင်းတို့ ဖြစ်ပါသည်။ ကြိုးစားသူ အင်္ဂလိပ်စာသင်သား အများအပြားသည် အင်္ဂလိပ်စာကို တတ်အားသမျှ များများဖတ်ဖြစ်ကြဟန်ရှိပါသည်။ ထိုသူများသည် လိုအပ်ချက်ထက်ဝက် ပြည့်စုံနေကြပေပြီ။ ကျန်လိုအပ်ချက်က ကြီးမားလှသော အခက်အခဲကြီး ဖြစ်နေပေသည်။

အင်္ဂလိပ်စကား သွက်လက်ချက်ချာစွာ ပြောနိုင်ရန် အဓိကလိုအပ်ချက်ကြီးမှာ အင်္ဂလိပ်စကားပြောသည့်အကျင့် ဖြစ်လေသည်။ ထိုအကျင့်ရဖို့က ပြောဘက်လိုသည်။ ပြောဘက်ရှိမှ များများပြောဖြစ်မှ အပြောသွက်လာမည်ဖြစ်သည်။ ထိုပြောဘက်ကို ဘယ်မှာတွေ့နိုင်လဲ။ အင်္ဂလိပ်စကားကို တူတူတန်တန်ပြောတတ်သူ မည်သူက မိမိနှင့်လာအပြောကျင့်ပေးနေပါ့မလဲ။ မလွယ်ပါ။ ထိုလိုအပ်ချက်ကြီးကို ဖြည့်ဆည်းဖို့နည်းလမ်းတစ်ရပ်ကတော့ အင်္ဂလိပ်စကားပြောအဖွဲ့ငယ် (English Speaking Club) များ ဖွဲ့စည်းခြင်းဖြစ်လေသည်။ အင်္ဂလိပ်စကားပြောတတ်လိုသူ၊ ဝါသနာတူမိတ်ဆွေ လေးငါးဆယ်ယောက် ပါဝင်သည့်အဖွဲ့ငယ်ကလေးတစ်ခု ဖွဲ့စည်းရေးမှာ ခက်ခဲလှမည်မဟုတ်ပါ။

အဖွဲ့ကလေးဖွဲ့ပြီးလျှင် အဆင်ပြေရာအဖွဲ့ဝင်တစ်ယောက်အိမ်၌ တစ်ပတ်တစ်ကြိမ်၊ နှစ်ကြိမ် တွေ့ဆုံလေ့ကျင့်နိုင်ကြပါသည်။ သူ့အိမ်တစ်လှည့်၊ ကိုယ့်အိမ်တစ်လှည့်လည်း ဖြစ်နိုင်ပါသည်။ တွေ့ဆုံကြရာတွင် မြန်မာလို လုံးဝမပြောကြေးဟု သတ်မှတ်ပြီး အင်္ဂလိပ်လိုသာပြောဆိုကြရန် လိုပါသည်။

ပြောစရာဆိုစရာအကြောင်းအရာတွေ အများကြီးရှိပါသည်။ ‘နေကောင်းရဲ့လား’ အစချီပြီး ရာသီဥတုအကြောင်း၊ ရန်ကုန်တွင်နေထိုင်သူများဖြစ်ပါက ကားကျပ်သည့်အကြောင်း၊ မီးပျက်သည့်အကြောင်း၊ မိမိမည်သည့်နေရာတို့သို့ သွားရောက်ခဲ့ကြောင်း၊ ဘာတွေမြင်ခဲ့ရကြောင်း၊ ဘာတွေကြားခဲ့ရကြောင်း စသည်တို့ကို ပြောပြနိုင်ပါသည်။ မိမိရင်ဆိုင်နေရသည့်အခက်အခဲတစ်ခုခု အကြောင်း တင်ပြနိုင်ပါသည်။ အကြံဉာဏ်များ တောင်းခံနိုင်ပါသည်။ မိမိကြည့်ခဲ့ရသည့် ရုပ်ရှင်တစ်ကားအကြောင်း၊ မိမိဖတ်ဖြစ်ခဲ့သည့်စာအုပ်တစ်အုပ်အကြောင်း စသည်တို့ကို တင်ပြနိုင်ပါသည်။ အိမ်တွင် အကြောင်းအရာတစ်ခုကို ဖတ်ရှုလေ့လာပြင်ဆင်လာပြီး ဒီနေ့ ဘာအကြောင်း တင်ပြချင်ပါတယ်ဟု ပြောပြနိုင်ပါသည်။ ဒီနေ့ ဘာအကြောင်းဆွေးနွေးကြစို့ဟု စကားစနိုင်ပါသည်။




အကြောင်းအရာတစ်ခု ရွေးချယ်ပြီး အချေအတင်ဆွေးနွေးပွဲတစ်ခု ပြုလုပ်နိုင်ပါသည်။ မိမိ ဘာတွေကြိုက်သည်၊ ဘာတွေမကြိုက်၊ မိမိ၏ မျှော်မှန်းချက် စသည်တို့ကိုပြောပြနိုင်ပါသည်။ မိမိ၏အိမ်သားများ၊ မိမိ၏ ဆွေမျိုးသားချင်းများ၊ မိမိ၏ boyfriend/girlfriend ၊ မိမိ၏အိမ်နီးချင်းများ၊ မိမိ၏လမ်း၊ မိမိ၏ရပ်ကွက်၊ မိမိ မကြာသေးခင်က သွားရောက်ခဲ့သည့် ခရီးစဉ်တစ်ခု စသည်တို့ကိုလည်း တင်ပြနိုင်ပါသည်။ မိမိ၏ ဝါသနာလုပ်ငန်း၊ ပွဲတော်များ၊ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ မိမိ၏ဇာတိမြို့၊ ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ အခြားဘုရားများ၊ ဗိုလ်ချုပ်ဈေး၊ တရုတ်တန်း၊ ကုန်တိုက်တစ်တိုက်သို့ ဈေးဝယ်သွားခြင်း၊ ပြီးခဲ့သည့်သင်္ကြန်ကို မိမိ မည်သို့ကုန်ဆုံးစေခဲ့ပုံ၊ မိမိပြုလုပ်ခဲ့သည့်ကောင်းမှုတစ်ခု၊ မိမိလုပ်ခဲ့မိသည့် အမှားတစ်ခု၊ အလွန်ပျော်ရွှင်ရသောနေ့တစ်နေ့၊ အလွန်စိတ်မကောင်းဖြစ်ရသည့်နေ့တစ်နေ့ စသဖြင့် ပြောစရာအကြောင်းအရာများ မကုန်မခန်းနိုင်အောင် ရှိနေပါသည်။

ထိုအကြောင်းအရာအမျိုးမျိုးကို သွက်လက်ချောမောစွာ ပြောဆိုနိုင်အောင်ပြင်ဆင်ဖို့ အထူးလိုအပ်ပါသည်။ ပထမလိုအပ်ချက်မှာ အင်္ဂလိပ်စကားလုံးအမျိုးမျိုး လေ့လာစုဆောင်းခြင်းဖြစ်ပါသည်။ စကားပြောခြင်း၊ စာရေးခြင်းတို့ကို စကားလုံးများဖြင့် တည်ဆောက်ရသည်မဟုတ်ပါလား။ စကားလုံးမကြွယ်ဝဘဲ အင်္ဂလိပ်စကား သွက်သွက်လက်လက်ပြောနိုင်ရန် မဖြစ်နိုင်ချေ။ မိမိပြောချင်သည့်စကားလုံးကို စဉ်းစားရှာဖွေနေရလျှင်၊ မသိလျှင် စကားပြော ထစ်ငေါ့နေချေတော့မည်။ အများသိကြသည့်အတိုင်း စကားလုံးများကို စာအုပ်များတွင် တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်စာအုပ်များများ၊ အကြောင်းအရာမျိုးစုံ ဖတ်ပေးဖို့လိုပါသည်။ များများဖတ်ပေးလေ ဝေါဟာရကြွယ်ဝလေဖြစ်လာပါမည်။ သို့သော် ဝေါဟာရကြွယ်ဝနေရုံနှင့်မပြီး။ ထိုစကားလုံးများကို မည်သို့သုံးစွဲရမည်၊ တစ်နည်းပြောရလျှင် ဝါကျများ မည်သို့တည်ဆောက်ရမည်ကို သိရှိရန် အထူးလိုအပ်ပါသည်။ ဝါကျများမတည်ဆောက်တတ်လျှင် အင်္ဂလိပ်အဘိဓာန်တစ်ခုလုံးမှ စကားလုံးများကို အာဂုံဆောင်နိုင်သော်လည်း အင်္ဂလိပ်စကားပြောတတ်မည် မဟုတ်ပါ။ အင်္ဂလိပ်စာအုပ်များဖတ်လျှင် အင်္ဂလိပ်စကားလုံးများ ကြွယ်ဝရုံသာမက ထိုစကားလုံးများကို ဝါကျများတွင် မည်သို့မည်ပုံ သုံးစွဲထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။ အင်္ဂလိပ်စာအုပ်များ ဖတ်ရှုခြင်းသည် အင်္ဂလိပ်စကားလုံးများလည်း စုမိ၊ အင်္ဂလိပ်ဝါကျများ တည်ဆောက်မှုကိုလည်း တတ်၊ ပညာဗဟုသုတလည်း ရ၊ တစ်ချက်ခုတ် သုံးချက်ပြတ် အလွန်အကျိုးရှိသော အလုပ်ဖြစ်ပါသည်။

ဒုတိယလိုအပ်ချက်မှာ အင်္ဂလိပ်စာအုပ်များကို အသံထွက်ဖတ်ရှုရန် ဖြစ်ပါသည်။ အသံထွက်ဖတ်ရှုခြင်းသည် အင်္ဂလိပ်စကားလုံးများ၊ ဝါကျများကို မိမိ၏လျှာ၊ အာတို့နှင့် ယဉ်ပါးစေပြီး ချောချောမောမောပြောတတ်အောင် ကြီးစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ စကားပြောဘက်မလိုဘဲ မိမိတစ်ဦးတည်း အားလပ်ချိန်တိုင်း၌ လုပ်ဆောင်နိုင်သောအလုပ်ဖြစ်၍ အလွန်အသုံးဝင်သည့်အကျင့်ဖြစ်ပါသည်။ အင်္ဂလိပ်စကားပြောစာအုပ်များ၊ ပြဇာတ်များ၊ ခေတ်ပေါ်အင်္ဂလိပ်ဝတ္ထုများကို အားထားဖတ်ရှုသင့်ပါသည်။ Comics ခေါ် ကာတွန်းစာစောင်များတွင်လည်းကောင်း၊ အင်္ဂလိပ်၊ အမေရိကန်သတင်းစာပါ အခန်းဆက်ကာတွန်းများတွင်လည်းကောင်း အလွန်ကောင်းမွန်ထိမိသောစကားပြောများကို တွေ့ရှိနိုင်ပါသည်။ နိုင်ငံခြားရုပ်ရှင်များ၊ ကိုရီးယားတီဗီဇာတ်လမ်းတွဲ များတွင်ပါရှိသော Subtitle စကားပြောစာတန်းများကလည်း လုလုပပ ခေတ်ပေါ်စကားပြောနည်းကို တင်ပြနေကြပါသည်။ အမေရိကန်ရုပ်ရှင်များမှ အင်္ဂလိပ်စကားပြော အသံထွက် လေယူလေသိမ်း၊ အဖြတ်အတောက်များကို လေ့လာနိုင်ပါသည်။ အင်္ဂလိပ်အဘိဓာန်ကောင်းကောင်းတစ်အုပ် ရှိသင့်ပြီး အသံထွက်များကို ဂရုပြုလေ့လာသင့်သည်။ အသံထွက်အဘိဓာန်ရှိလျှင် ပိုကောင်းသည်။

နောက်ထပ်လိုအပ်ချက်တစ်ခုမှာ အင်္ဂလိပ်စကားပြောရန် အခွင့်အရေးများကို မလွတ်တမ်းဖမ်းယူရန်ဖြစ်လေသည်။ နိုင်ငံခြားသားတွေ့

> **ယခုအခါ**
>
> **အင်္ဂလိပ်စကား ကောင်းကောင်း**
>
> **ပြောတတ်သော လူငယ်များ၊ လူလတ်များ**
>
> **အများအပြား ထွက်ပေါ်လာရေးသည်**
>
> **နိုင်ငံ၏ အဓိကကျသော**
>
> **လိုအပ်ချက်ကြီးတစ်ရပ် ဖြစ်လာနေသည်။**

လျှင် အခြေအနေပေးပါက မိတ်ဆက်ပြီး ကြိုဆိုစကားပြောသင့်သည်။ အကူအညီပေးရန် ကမ်းလှမ်းသင့်သည်။ စကားစမြည်ပြောသင့်သည်။ တက္ကစီသမားများနှင့် တိုးရစ်များ စကားပြောနေသည်ကိုတွေ့လျှင် လိုအပ်ပါက ဝင်ပြောပေးသင့်သည်။ အင်္ဂလိပ်လိုဟောပြောပွဲများ ကြုံပါက မလွတ်တမ်း တက်ရောက်နားထောင်သင့်သည်။ ပြောခွင့်ရပါက ဝင်ပြောသင့်သည်။ ပြောရမှာရှက်နေ၍မဖြစ်။ အမှားပြောမိမှာ ကြောက်နေ၍မရ။ မှန်မှန်ပြောတတ်ရန် ပြင်ဆင်မှုနှင့် အလေ့အကျင့်သာလိုသည်။ အထက်တွင် ဖော်ပြခဲ့သည့်ပြင်ဆင်မှုများကို များများလုပ်ဆောင်နိုင်လေ များများကောင်းကောင်းပြောတတ်လေ ဖြစ်လာမည်။ ယနေ့ကမ္ဘာပေါ်တွင် အင်္ဂလိပ်စကားပြောနေကြသူအားလုံးသည် မှန်မှန်ကန်ကန်ပြောတတ်သူများ မဟုတ်ကြချေ။ အများစုကြီးက ပြောတတ်ပါသည်။ သို့သော် မမှန်တမှန်တွေ ပြောနေကြသူများ အများကြီးရှိသည်။ အမေရိကားတွင် အင်္ဂလန်တွင် သဒ္ဒါမှန်အောင် မပြောတတ်သူများ ရှိနေကြသည်။ အလုပ်ဖြစ်ရင်ပြီးရော ပြောနေကြသည်။ အင်္ဂလိပ်တစ်ယောက်၊ အမေရိကန်တစ်ယောက် မြန်မာစကားပြောရာတွင် အမှားပါလျှင် ရှက်စရာမဟုတ်။ ထို့အတူ မြန်မာတစ်ယောက် အင်္ဂလိပ်စကားပြောရာတွင် အမှားပါလျှင် ရှက်စရာမဟုတ်။ လေ့လာပြင်ဆင်မှုများလာလျှင် ပြောပါများလျှင် သွက်လက်ချောမောမှန်ကန်လာမည်ဖြစ်သည်။ ကောင်းကောင်းပြောတတ်လာမည်ဖြစ်သည်။

ယခုအခါ အင်္ဂလိပ်စကား ကောင်းကောင်းပြောတတ်သော လူငယ်များ၊ လူလတ်များ၊ အများအပြား ထွက်ပေါ်လာရေးသည် နိုင်ငံ၏ အဓိကကျသော လိုအပ်ချက်ကြီးတစ်ရပ် ဖြစ်လာနေသည်။ English Speaking Club များ ဖွဲ့စည်းကာ ထိုလိုအပ်ချက်ကြီးကို ဖြည့်ဆည်းနိုင်ကြပါစေ။

**ဘဝသစ်ဦးအောင်ကျော်**

The VOICE Daily

CARTOON



စက်တင်ဘာ ၁၂ ရက်နေ့တွင်ကျင်းပသည့်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က တရားဥပဒေစိုးမိုးရေးဟူသည့်အဓိပ္ပာယ်ကို လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် အများပြည်သူများသိရှိစေရန် ရှင်းလင်းတင်ပြခဲ့သည်ကိုတွေ့ရှိခဲ့ရသည်။ သို့ရာတွင်လည်း ထိုတရားဥပဒေစိုးမိုးရေး (The Rule of Law) ဆိုသည့်အဓိပ္ပာယ်ကို နိုင်ငံတကာနှင့် ပြည်တွင်း ဥပဒေပညာရှင်များက အမျိုးမျိုးဖွင့်ဆိုကြသည်ကို တွေ့ရသည်။ သည့်အတွက် ကျွန်ုပ်အနေနှင့်လည်း ယခုဆောင်းပါးတွင် ထိုတရားဥပဒေစိုးမိုးရေး၏အဓိပ္ပာယ်ဆိုလိုရင်းကို အများပြည်သူများ ရှင်းရှင်းလင်းလင်း နားလည်လွယ်ရန်အတွက် ရှင်းလင်းသည့်အသုံးအနှုန်းများဖြင့်သာ အကျယ်တဝင့် ရေးသားတင်ပြသွားရန် ရည်ရွယ်မိရင်း ဤဆောင်းပါးလေး ရေးသားဖြစ်ရန် အကြောင်းဖန်လာခြင်းဖြစ်သည်။

ထိုတရားဥပဒေစိုးမိုးရေး ဆိုသည့်အဓိပ္ပာယ်အတွက် အနီးစပ်ဆုံးနှင့် အမှန်ကန်ဆုံးသောအဖြေမှာမူ အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော တရားမျှတမှုရှိသည့် ဥပဒေများ ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် ယင်းဥပဒေများကို ပြည်သူအားလုံးက လိုက်နာကျင့်သုံးရေးကို ဆိုသည်ဟု ဥပဒေပညာရှင်များက ဆိုထားသည်။ ဆိုလိုသည်မှာ ဥပဒေကို တာဝန်ယူ အကောင်အထည်ဖော်သူများကိုယ်တိုင် ဥပဒေနှင့်အညီ လိုက်နာအကောင်အထည်ဖော် ကျင့်သုံးလေးစားကြရပြီး

**ဆိုလိုသည်မှာ**

**ဥပဒေကို တာဝန်ယူ**

**အကောင်အထည်ဖော်သူများကိုယ်တိုင်**

**ဥပဒေနှင့်အညီ လိုက်နာအကောင်အထည်ဖော်**

**ကျင့်သုံးလေးစားကြရပြီး**

**ပြည်သူအားလုံးက လိုက်နာကျင့်သုံးစေရန်**

**ဆောင်ရွက်ခြင်းပင်ဖြစ်လေသည်။**

ပြည်သူအားလုံးက လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်ခြင်းပင်ဖြစ်လေသည်။ တရားဥပဒေစိုးမိုးမှုရှိစေရန် ဆောင်ရွက်သည့်နေရာတွင်လည်း ဥပဒေဖောက်ဖျက်ကျူးလွန်သူ ပြည်သူ့ဝန်ထမ်းများနှင့် ကျန်သည့်မည်သူများကိုမဆို မျက်နှာစိမ်းကျက်မရွေး၊ ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီ မှန်ကန်ဖြောင့်မတ်စွာ အရေးယူဆောင်ရွက်ခြင်းနှင့် ထိုလုပ်ဆောင်ချက်အပေါ် ပြည်သူတစ်ရပ်လုံးက လက်ကမ်းကြိုဆိုကာ ပါဝင်ပူးပေါင်းဆောင်ရွက်စေခြင်းပင် ဖြစ်သည်။

အထက်တွင် ကျွန်ုပ်ဆိုခဲ့သည့် တရားဥပဒေစိုးမိုးရေးဟူသည့် အနက်အဓိပ္ပာယ်နှင့် ဆောင်ရွက်ကြရမည့် နည်းလမ်းများမှာကား နိုင်ငံပေါင်းစုံ စုဖွဲ့စည်းထားသည့် ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ နယ်ပယ်အသီးသီးရှိ ပညာရှင်များက လက်ခံထားသည့်သဘောတရားများပင်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်ကို ပုံပေါ်စေရန် အမျိုးမျိုးဖွင့်ဆိုခဲ့ကြရာတွင် များစွာကွာခြားခြင်းမရှိဘဲ အဓိကသဘောတရားမှာ အထက်ပါအတိုင်း အတူတူပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့နိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိရေးနှင့် နိုင်ငံတော်တိုးတက်ရေးအတွက် အဓိကကျသည့်အရာမှာလည်း ထိုတရားဥပဒေစိုးမိုးရေးပင် ဖြစ်သည်။ နေရာတိုင်း ဒေသတိုင်းတွင် တရားဥပဒေစိုးမိုးမှုရှိမှသာ စည်းကမ်းစနစ်ရှိမည်။ သတ်မှတ်ထားသည့် စည်းမျဉ်းများကို လိုက်နာကြပြီး တိုးတက်မှု၊ စည်ပင်မှုရှိလာနိုင်မည်။ ထိုသို့ဖြစ်စေရေးအတွက်ဆိုလျှင်လည်း ပြဋ္ဌာန်းထားသည့်ဥပဒေများကလည်း တရားမျှတမှု (Justice) ဖြစ်ဖို့ အရေးကြီးသည်။ အစိုးရဘက်၊ ပြည်သူများဘက်၊




သူ့ဘက်ကိုယ့်ဘက်မျှတဖို့ ညီမျှဖို့ (Equality) ဖြစ်ဖို့လိုလာသည်။ လူသားများလိုက်နာဆောင်ရွက်ကြရမည့် ဥပဒေ၊ စည်းမျဉ်းများ **အချက်များဖြစ်**နေသည့်အတွက် လူသားများ၏ ကိုယ်ကျင့်တရား (Moral)နှင့် လူ့အခွင့်အရေး (Human Right) များ၊ ရှေးရိုးအစဉ်အလာထုံးများ (Customary) များ၊ လူ့ကျင့်ဝတ်သိက္ခာများ (Ethic)နှင့် လူသားပီသသည့်ခံစားချက် (Feeling) များအပေါ် အားလုံးထည့်သွင်းတွက်ချက်ကာ အပြန်ပြန်အလှန်လှန် သုံးသပ်စဉ်းစား ရေးဆွဲထားကြရန်လိုလာသည်။ လူမျိုး၊ ဘာသာမခွဲခြားသော တိုင်းရင်းသားအားလုံး လိုက်နာနိုင်သည့်အချက်များ၊ တောင်တန်း၊ မြေပြန့် မခွဲခြားဘဲ လိုက်နာနိုင်သည့်သဘောတရားများ၊ ရာသီဥတုမရွေး မတူညီသည့် အချိန်အခါ ဒေသအလိုက် လိုက်ပါကျင့်သုံးနိုင်သည့် အမိန့်များဖြင့် ထုံမွမ်းထားရမည်။

ဆိုလိုသည်မှာ လူမျိုး ဘာသာအားလုံးအတွက်၊ ဒေသအားလုံးအတွက် အကောင်အထည်ဖော်နိုင်သည့်၊ လူထုလူတန်းစား၊ တိုင်းရင်းသားလူမျိုးအသီးသီးအတွက် လိုက်နာနိုင်သည့် တရားမျှတသည့် စည်းမျဉ်းများ စည်းကမ်းချက်များ ပါဝင်လွှမ်းခြုံထားသည့်ဥပဒေ ဖြစ်ရန်လိုသည်။ အဆိုပါဥပဒေများတွင် ပါဝင်သည့်ပြဋ္ဌာန်းချက်များတွင် လိုရာဆွဲပုံဖော်၍ရနိုင်သည့် မျှော့ကွင်းလိုမဖြစ်ရန် အရေးကြီးသည်။ လိုသည့်အခါတွင် တင်းပြီး မလိုသည့်အခါတွင် လျှော့၍ရနိုင်မည့်ဥပဒေမျိုး မဖြစ်စေရ။ စည်းနှောင်အား (Binding Force) အလွန်ကောင်းရမည်။ ဥပဒေတွင် ပါဝင်သည့် စကားလုံးတိုင်းအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် တိကျမှုရှိရမည်။ သေချာရမည်။ အဓိပ္ပာယ်နှစ်ခွ မဖြစ်စေရပေ။ (Do.and. Don’t) ဆောင်ရန်၊ ရှောင်ရန်အချက်များ တိကျစွာပါရှိရမည့်အပြင် ပြစ်မှုနှင့် ပြစ်ဒဏ်အပိုင်းသည် တိကျပြတ်သားကြရမည်။ မလိုသည့် အချိန်ကုန်ငွေကုန်ဖြစ်စေမည့် ဗဟိုချုပ်ကိုင်မှုစနစ်များ (Decentralization) များကို လျှော့ချရမည်။

ဤနေရာတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ သုံးသပ်ရေးကော်မရှင်က ပြုစုထားသော တရားဥပဒေစိုးမိုးရေးဟူသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်စာတမ်းတွင် ပါရှိသည့်စာသားကို ကိုးကား၍ပြောရလျှင် ‘တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအရအုပ်ချုပ်ရေး (The Rule by Law) သည် ခြားနားမှုရှိသော်လည်း ဆက်စပ်မှုလည်းရှိပါသည်။ ဥပဒေအရ အုပ်ချုပ်ရေးဆိုသည်မှာ အုပ်ချုပ်သူအာဏာပိုင်က တရားမျှတမှု ရှိခြင်း မရှိခြင်း၊ အများအကျိုးစီးပွားကို ဖော်ဆောင်မှု ရှိခြင်း မရှိခြင်း၊ ရှင်းလင်းလွယ်ကူမှု ရှိခြင်း မရှိခြင်း စသည့်အချက်များကိုအဓိကမထားဘဲ ၎င်း၏အလိုကျရေးဆွဲထားသည့်ဥပဒေများဖြင့် ကျင့်သုံးအုပ်ချုပ်ခြင်း ဖြစ်ပါသည်’ ဟု ဆိုထားသည်။ ထိုသဘောတရားမှာ အထက်တွင်ဆိုခဲ့သည်နှင့် ညီမျှသည်။ ဥပဒေအားလုံးသည် ထိုအတိုင်းသာဖြစ်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။

အထက်တွင်ဆိုခဲ့သည့် တရားဥပဒေစိုးမိုးခြင်းရှိမရှိဟူသည့် သဘောတရားတစ်ရပ်ကို အနီးစပ်ဆုံးဥပမာဖြင့် တင်ပြရလျှင် နိုင်ငံတစ်ခုသည် အိမ်ကြီးတစ်လုံးနှင့်တူသည်။ အိမ်ကြီးကို ဖခင်ဖြစ်သူက အုပ်ချုပ်နေပြီး အိမ်အတွင်း သားသမီးမြေးမြစ်တစ်စု နေထိုင်ကြသည်။ အိမ်တွင်းစည်းကမ်းများကို ဖခင်ဖြစ်သူက ချမှတ်သည်။ ထိုသို့ဖခင်က ချမှတ်သည့်စည်းကမ်းများသည် သားကြီး၊ သားငယ်၊ သားလတ်များနှင့် ကျန်သားသမီးမြေးမြစ်အားလုံးက လက်ခံကျေနပ်ကြသည့် စည်းကမ်းများဖြစ်ရန်လိုသည်။ သားကြီးဘက် မျက်နှာလိုက်ပြီး သားငယ်ကို ပစားပေးကာချမှတ်ထားသည့် စည်းကမ်းများမဖြစ်ဖို့လိုမည်။ ထိုသို့ဖြစ်ပါက ကျန်သားသမီးများကလိုက်နာရန် ခက်ခဲကြမည်။ ဖခင်က ထိုစည်းကမ်းများကိုပြုလုပ်ရာတွင်လည်း နာခံမှုရှိကြမည်မဟုတ်ပေ။ သူတစ်လူ ငါတစ်မင်ဖြင့် လမ်းသစ်ထွင်ကြတော့မည်။ အိမ်မှခွဲထွက်ဖို့ချည်းသာ တွေးနေကြတော့မည်။ မိသားစုအတွက် ပေါင်းစည်းပြီး ကြီးပွားတိုးတက်အောင်လုပ်မည့် အတွေးမျိုးဝင်လာကြမည်မဟုတ်တော့ပေ။ သည့်အတွက် မိသားစုသည်လည်း စိတ်ဝမ်းကွဲလျက် သူများတကာထက် ဆင်းရဲနေကြရမည်။ ထို့အတွက် ဖခင်ချမှတ်သည့်စည်းမျဉ်းများအားလုံးအတွက် ညီမျှမှုရှိရမည်။ သို့မှသာ လိုက်နာကြမည်။ စည်းမျဉ်းချမှတ်သူ၊ အကောင်အထည်ဖော်သူ၊ လိုက်နာသူများအကြား ညီညွတ်ကြမည်။ စည်းလုံးကြမည်ဟုဆိုလိုခဲ့ခြင်း ဖြစ်သည်။

ထို့အတွက် ကောက်ချက်ချရလျှင် နိုင်ငံတစ်ခုအတွင်းရှိ မဏ္ဍိုင်ကြီးငါးရပ်အတွက် ဤဥပဒေများသည် အဓိကအခရာကျလှသည်။ ဥပဒေပြုရေးမဏ္ဍိုင်မှ လွှတ်တော်များက တရားမျှတမှုရှိသည့်ဥပဒေများကို ပြဋ္ဌာန်းပေးရမည်။ ထိုအတိုင်းပြဋ္ဌာန်းချက်များအတိုင်း တိတိကျကျ အုပ်ချုပ်ရေးမဏ္ဍိုင်မှအဖွဲ့များက အကောင်အထည်ဖော်ကြရမည်။ ထိုအတိုင်း ပြည်သူ့မဏ္ဍိုင်က လိုက်နာကြရမည်။ အုပ်ချုပ်သူအစိုးရနှင့် ပြည်သူများအကြား ဥပဒေမဲ့ဆောင်ရွက်မှုများ၊ ဥပဒေကိုလက်တစ်လုံးခြားပြုလုပ်ကာ အကျင့်ပျက်ခြစားမှုများ၊ ဘက်လိုက်မှုများကို မီဒီယာမဏ္ဍိုင်ကစောင့်ကြည့်ပြီး ကြားကျကျ ဖော်ထုတ်တင်ပြပေးရမည်။ ထိုအပေါ် တရားရေးမဏ္ဍိုင်က ပြစ်မှုပြစ်ဒဏ်များကို တိတိကျကျ စစ်ဆေးစီရင်ချမှတ်ကြရမည်။ သို့မှသာ တရားဥပဒေစိုးမိုးရေး (The Rule of Law) ဖြစ်လာမည်။ တိုင်းပြည်တိုးတက်လာမည်။ စည်ပင်ဝပြောလာမည်ဖြစ်သည်။

ဤနေရာတွင် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတကာစံနှုန်းများ၊ နိုင်ငံတော်၏လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းကို ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာကော်မရှင်က အဓိကကျသည့်အချက်များကိုလေ့လာဖော်ထုတ်ထားသည်ကိုလည်း တွေ့ရှိရသည်။ ထိုအချက်များမှာ နိုင်ငံတော်တွင် ပြဋ္ဌာန်းသော ဥပဒေများသည် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပြုပြီး တရားမျှတမှုရှိခြင်း၊ ရှင်းလင်းလွယ်ကူခြင်းနှင့် အများပြည်သူသိရှိစေခြင်း၊ အုပ်ချုပ်ရေးအဖွဲ့များအနေနှင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ တိကျစွာ လိုက်နာကျင့်သုံးဆောင်ရွက်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ လွတ်လပ်စွာ တရားစီရင်ခွင့်ရှိခြင်း၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်း၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရှိခြင်း၊ အမှုများကို မှန်မှန်နှင့်မြန်မြန် ပြီးစီးစေရန်ဆောင်ရွက်ခြင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍအသီးသီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ ပိုင်းခြားသတ်မှတ်ပြဋ္ဌာန်းထားရှိခြင်း၊ ယင်းကဏ္ဍများ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်ခြင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် ပါဝင်ပတ်သက်ဆက်နွှယ်ဆောင်ရွက်သူအားလုံးက တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း၊ သက်ဆိုင်ရာကိစ္စရပ်များကို မှန်ကန်မြန်ဆန်စွာ အရေးယူဆောင်ရွက်ခြင်း၊ ဆောင်ရွက်ချက်များကို အဆင့်ဆင့်ထိရောက်စွာ ကြပ်မတ်စစ်ဆေးခြင်းနှင့် စည်းကမ်းမကျမှု၊ တာဝန်မကျေပွန်မှု၊ အကျင့်ပျက်မှုများကို တိကျမှန်ကန်စွာ အရေးယူခြင်းနှင့် ပြည်သူအားလုံးတည်ဆဲဥပဒေများကို သိရှိနားလည် လိုက်နာနိုင်ကြစေရန် အသိပညာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ပင် ဖြစ်ကြသည်။

အချုပ်အားဖြင့်တင်ပြရလျှင် နိုင်ငံတိုင်း၊ အဖွဲ့အစည်းတိုင်းတွင် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ်လိုအပ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာတည်ငြိမ်ရေးနှင့် ပြည်သူများ ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာရေးတို့သည် အထက်ပါအချက်များကိုအလေးထားဆက်စပ်အကောင်အထည်ဖော်နိုင်မှုအပေါ် တည်မှီလျက်ရှိပြီး တရားဥပဒေစိုးမိုးမှုရှိလျှင် ပြည်သူတို့၏ ဘဝလုံခြုံစိတ်ချမှုရှိခြင်း၊ လူမှုစီးပွားရေး တိုးတက်ကောင်းမွန်လာခြင်းနှင့် နိုင်ငံတော်သည်လည်း အချိန်တိုအတွင်း တည်ငြိမ်အေးချမ်းပြီး ဥပဒေရှုထောင့်မှကြည့်ကာ တိုက်တွန်းရေးသားလိုက်ရပါသည်။

**ရန်ကြီးအောင်**

# အခြေခံပညာအဆင့် လုပ်ငန်းကော်မတီလေးရပ်ဖွဲ့စည်းရန် ဥပဒေမူကြမ်းတွင်ဖော်ပြ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

အခြေခံပညာအဆင့်လုပ်ငန်းတာဝန်များ ကြီးကြပ်ဆောင်ရွက်နိုင်ရန် ကနဦးအဆင့်အနေနှင့် အခြေခံပညာရေးကော်မတီကို ဖွဲ့စည်းမည်ဖြစ်ပြီး ယင်းနောက် လုပ်ငန်းကော်မတီလေးရပ် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာရေးဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်လုပ်ငန်းကော်မတီ၊ လုပ်ငန်းခွင်စွမ်းရည်မြှင့်တင်ရေး၊ အရည်အသွေးအကဲဖြတ်ရေးနှင့် အာမခံရေးလုပ်ငန်းကော်မတီ၊ အခမဲ့မသင်မနေရပညာရေး အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးလုပ်ငန်းကော်မတီများကို ဖွဲ့စည်းရမည်ဖြစ်ကြောင်း အဆိုပါဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

ယင်းအခြေခံပညာရေးဥပဒေမူကြမ်းကို သမ္မတဟောင်း ဦးသိန်းစိန် လက်ထက်ကတည်းက ရေးဆွဲခဲ့သော်လည်း ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ အစိုးရလက်ထက်တွင် ယင်းပါတီ၏ ပညာရေးမူဝါဒအချို့ကို ဖြည့်စွက်ထည့်သွင်းပြင်ဆင်ထားကြောင်း ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက The Voice သို့ ပြောကြားသည်။

လက်ရှိပညာရေးဝန်ကြီးဌာန ထုတ်ပြန်ထားသည့် အခြေခံပညာရေး ဥပဒေမူကြမ်း၌ ကမ္ဘာ့ပညာရေးညီလာခံသဘောတူညီချက်များဖြစ်သည့် အင်ချွန်းကြေညာစာတမ်းပါမူဝါဒများ၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ပညာရေးဆိုင်ရာမူဝါဒများနှင့် ချိန်ညှိ၍ ပြင်ဆင်၊ ဖြည့်စွက်ခြင်းများ ပြုလုပ်ထားကြောင်း အဆိုပါတာဝန်ရှိသူက ဆိုသည်။

အခမဲ့မသင်မနေရပညာရေးကို မူလတန်းအဆင့်ပညာရေးတွင် စတင်အကောင်အထည်ဖော်ပြီး အလယ်တန်းအဆင့်ပညာရေး သင်ယူပြီးသည်အထိ တိုးချဲ့ဆောင်ရွက်နိုင်ရန် စီမံချက်များ ရေးဆွဲရမည်ဖြစ်သည်။

အကောင်အထည်ဖော်မှုနှင့် အောင်မြင်မှုကိုကြီးကြပ် အကဲဖြတ်၍ အစီရင်ခံစာကို အခြေခံပညာရေး ကော်မတီထံ တင်ပြရမည်ဖြစ်ကြောင်း အဆိုပါ ဥပဒေမူကြမ်းတွင် ဖော်ပြပါရှိသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်းကော်မတီအနေနှင့် ရပ်ရွာလူထုဘဝ ဖွံ့ဖြိုးရေးအတွက် အခြေခံသက်မွေးပညာရေးအပါအဝင် ဝင်ငွေတိုးပွားရေး၊ ဘဝအရည်အသွေးမြှင့်တင်ရေး၊ စာတတ်မြောက်ရေးအတွက် ပညာပေးအစီအစဉ်များပြုလုပ်ရမည်ဖြစ်ကြောင်း၊ တန်းညှိ ပညာရေးအစီအစဉ်ကို အခြေခံပညာရေးကော်မတီ၊ သက်ဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းရမည်ဖြစ်ကြောင်း ယင်းဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

ဥပဒေမူကြမ်းနှင့်ပတ်သက်၍ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ပညာရေးဝန်ထမ်းအချို့က မူလအခြေအနေထက် သိသိသာသာပြောင်းလဲမည့် အချက်များပါရှိမှုနည်းကြောင်း၊ ဆရာများ၏ သုတေသနဆောင်ရွက်ခွင့်များ၊ စာမေးပွဲစစ်ဆေးမှု မူဝါဒများ မပါဝင်သေးကြောင်း ထောက်ပြပြောဆိုသည်။

ဥပဒေကြမ်းပါ အခန်း (၁၁) ဆရာများ၏ တာဝန်နှင့် အခွင့်အရေးများအခန်းတွင် ဆရာများသည် ပညာသင်ကြားရာတွင် အပြုသဘောဆောင်သော ဆရာ၊ ကျောင်းသားဆက်ဆံရေးဖြင့် ကျောင်းသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်မှုမရှိစေဘဲ သင်ကြားရန်၊ ကျောင်းသားများ အမှန်တကယ် တတ်မြောက်စေရန် ကျောင်းစာသင်ချိန်အတွင်း သတ်မှတ်ထားသည့် သင်ရိုးပြီးဆုံးသည်အထိ သင်ကြားရန်ပါရှိသည်။

ထို့ပြင် ဆရာများသည်ကျောင်းသားများ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူတို့ထံမှ အခကြေးငွေယူ၍ဖြစ်စေ၊ တံစိုးလက်ဆောင်ယူ၍ဖြစ်စေ မည်သည့်ကျောင်းသားကိုမျှ သင်ကြားခြင်းမပြုရန်၊ ဆရာများသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်နှင့် အခွင့်အရေးများရှိကြောင်း၊ သင်ယူမှုဝန်းကျင်ကောင်းဖန်တီးနိုင်ရေး၊ ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဆရာများ၏ လူမှုဘဝတိုးတက်ရေးအတွက် ဆရာအဖွဲ့အစည်းကို တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ကြောင်း ယင်းဥပဒေကြမ်းတွင် ဖော်ပြပါရှိသည်။ ■



ဓာတ်ပုံ-The Voice

ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် Mini Bus ယာဉ်အချို့

# မထသထောက်ခံချက်ဖြင့် လိုက်ထရပ်ယာဉ်အပ်လျှင် မီနီဘတ်စ်ယာဉ် တင်သွင်းခွင့်ပြုဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မထသ(ဗဟို) ကော်မတီ၏ထောက်ခံချက်ဖြင့် လိုက်ထရပ်ယာဉ်အပ်နှံပါက Mini Bus ယာဉ်ကို တင်သွင်းခွင့်ပြုထားကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနထံမှ သိရှိရသည်။

လက်ရှိပြည်တွင်းမော်တော်ယာဉ်မူဝါဒအရ လိုက်ထရပ်နှင့်Pick up ယာဉ်အမျိုးအစားအပ်နှံပါက အမျိုးအစားတူလိုက်ထရပ်နှင့် Pick up အမျိုးအစားတူယာဉ်သာ တင်သွင်းခွင့်ရှိသော်လည်း မထသ၏ ထောက်ခံချက်ပါလျှင် Mini Bus ယာဉ်အမျိုးအစားကို တင်သွင်းခွင့်ပြုထားကြောင်း က.ည.နမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ရန်ကုန်လိုင်စင်က ပိတ်ထားတော့ Mini Bus ယာဉ် တင်သွင်းချင်သူတွေအနေနဲ့ လိုက်ထရပ်ယာဉ်အပ်နှံတဲ့အခါ မထသထောက်ခံချက်ပါရင် ခရီးသည်ယာဉ် Mini Bus တင်သွင်းခွင့်ပြုပါတယ်" ဟု ၎င်းက ဆိုသည်။

ယခုဘဏ္ဍာနှစ်တွင် Mini Bus ယာဉ်တင်သွင်းလိုသူများမှာလည်း ရန်ကုန်လိုင်စင်ဖြင့် ယာဉ်တင်သွင်းခွင့်ပါမစ်ပိတ်ထားခြင်းကြောင့်တင်သွင်းခွင့်ပါမစ်လျှောက်ထားမှုလျော့နည်းလာသောကြောင့် ယခုကဲ့သို့ လိုက်ထရပ်ယာဉ်အပ်နှံလျှင် Mini Bus ယာဉ် တင်သွင်းခွဲပြုခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ဆိုသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လကုန်အထိ စက်မှုဇုန်ထုတ်ပစ်ကပ်နှင့်လိုက်ထရပ်ယာဉ်စီးရေ တစ်သိန်းတစ်သောင်းကျော် အပ်နှံခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနထံမှ သိရှိရသည်။

"မူဝါဒတွေ ပြောင်းတော့ ပစ်ကပ်နဲ့လိုက်ထရပ်ယာဉ်တွေကို အိမ်စီးကားစလစ်မထုတ်ပေးတော့ တိုက်ကြေဖန်တီးအပ်နှံတာတွေ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုတွေ နည်းလာတာကောင်းပါတယ်။ လိုက်ထရပ်ယာဉ်အပ်နှံရင် Mini Bus ခရီးသည်ယာဉ်တင်သွင်းခွင့်ပေးတဲ့အတွက် ခရီးသည်ယာဉ်ပိုင်ရှင်အုံနာတွေအတွက်တော့ အဆင်ပြေမှာပါ" ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုနိုင်လင်းကဆိုသည်။ ■

# ပွင့်လင်းရာသီတွင် ရန်ကုန်တိုင်းလျှပ်စစ်ကဏ္ဍ ကျပ်သန်း ၁၇ ဒသမ ၅၁၃ ဘီလီယံသုံးမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လာမည့်ပွင့်လင်းရာသီ နွေကာလ၌ လျှပ်စစ်ဓာတ်အားပေးဝေမှု ပိုမိုကောင်းမွန်စေရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနှင့် ကျပ်သန်း ၁၇ ဒသမ ၅၁၃ ဘီလီယံကို အသုံးပြုမည်ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနထံမှသိရသည်။

"လက်ရှိ ပြင်ဆင်တာက နေရာအားလုံး ဖြန့်ပြီးဆောင်ရွက်တာပါ။ လာမယ့်နွေရာသီမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းအောင် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်နေပါတယ်" ဟု ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အထွေထွေမန်နေဂျာ ဦးသန့်စင်က ဆိုသည်။

ပြည်ထောင်စုအစိုးရထံမှရရှိသည့် အဆိုပါရန်ပုံငွေကို ဓာတ်အားပေးဝေရာတွင် ပိုမိုကောင်းမွန်စေရန် ရန်ကုန်တိုင်းတွင် ၁၁ ကေဗီဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ၆၆ ကေဗီဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်မှုများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းထံမှသိရသည်။

ရန်ကုန်မြို့၏ ဓာတ်အားဖြန့်ဖြူးမှုစနစ် ပိုမိုကောင်းမွန်စေရန် လျှပ်စစ်သွယ်တန်းမှုစနစ်များနှင့်မြေအောက် ဓာတ်အားလိုင်းကြိုးများကို ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေကြောင်းကိုလည်း ရန်ကုန်တိုင်းဝန်ကြီးချုပ်က ပြောဆိုထားသည်။

ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံတော်ဓာတ်အားစနစ်၏ ၅၀ ရာခိုင်နှုန်းကျော်ကို သုံးစွဲလျက်ရှိပြီး ယခုနှစ်နွေကာလအတွင်း အမြင့်ဆုံး လျှပ်စစ်မီးသုံးစွဲမှု ၁၁၈၀ မဂ္ဂါဝပ်အထိရှိခဲ့သည်။ ■

# ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်၊ ကမ်းရိုးတန်းဒေသများ မိုးကြီးမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်နေပြီး ယင်းအရှိန်ကြောင့် ကမ်းရိုးတန်းဒေသများတွင် မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောကြားသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် စက်တင်ဘာလ ၁၂ ရက်နေ့ တိုင်းထွာချက်များအရ တိမ်ထုနှင့် လေဖိအားနည်း Circulation မှာ တစ်ထပ်တည်းကျရောက်နေခြင်းမရှိဘဲ ကွာဟနေကြောင်း၊ လေဖိအားနည်းရပ်ဝန်းမှာ ပင်လယ်ထဲတွင် ဖြစ်ပေါ်နေသည့်အတွက် ပိုမိုအားကောင်းလာနိုင်ခြေရှိရာ စောင့်ကြည့်ရန်လိုအပ်ကြောင်း ၎င်းကပြောဆိုသည်။

"အိန္ဒိယကိုဦးတည်မယ်ဆိုပေမယ့် ပိုမိုအားကောင်းမယ့် အနေအထားရှိနေတဲ့အတွက် သတိထားဖို့လိုပါတယ်" ဟု ဒေါက်တာကျော်မိုးဦးက ဆိုသည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျရောက်စဉ် လေတိုက်နှုန်း ၃၅ မိုင်အထိရှိနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးအားပိုလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ခန့်မှန်းချက်ထုတ်ပြန်သည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် ကမ်းရိုးတန်းဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းနှင့် မိုးသက်လေပြင်း ကျရောက်နိုင်ခြင်းတို့ကြောင့် ကမ်းနီး ကမ်းဝေးငါးဖမ်းရေယာဉ်များသည် ဂရုပြုထွက်ခွာရန် လိုအပ်ကြောင်း ဒေါက်တာကျော်မိုးဦးက သတိပေးပြောဆိုသည်။ ■

# အသုံးဝင်မယ့် ကွန်ပျူတာ Shortcut Key များ

**ကွန်ပျူတာအသုံးပြုမှုက ၂၀၀၀ ခုနှစ်လွန်ကာ လတွေကနေပြီး အများအပြားမြင့်တက်လာနေပါပြီ။ အင်တာနက်အသုံးပြုမှုကလည်း မိုဘိုင်းလ်ဖုန်းကနေ အင်တာနက်အသုံးပြုနိုင်လာပြီ ဖြစ်တဲ့အတွက် အဆများစွာ မြင့်တက်လာခဲ့ပါတယ်။**

**ကွန်ပျူတာအသုံးပြုမှု များပြားလာပေမယ့် အသုံးပြုတွေရဲ့ရာခိုင်နှုန်း တော်တော်များများက ကွန်ပျူတာရဲ့ Shortcut Key တွေကိုအသုံးမပြုကြ၊ မသိကြတာမျိုးတွေ ရှိကြပါတယ်။ ကွန်ပျူတာ စတင်လေ့လာသူတွေအတွက် အသုံးဝင်မယ့် Shortcut Key တွေကို ဖော်ပြပေးလိုက်ပါတယ်။**

(၁) Space Bar ဟာ ဝက်ဘ်ဆိုက်စာမျက်နှာ တွေကို ကြည့်နေစဉ်မှာ အောက်ကိုဆင်းသွားစေပါတယ်။ အပေါ်ကို ပြန်တက်ချင်ရင်တော့ Shift + Space Bar ကို တွဲနှိပ်ပါ။

(၂) ဝက်ဘ်ဆိုက်စာမျက်နှာတွေမှာ ကိုယ့်ရဲ့ အချက်အလက်တွေကို ဖြည့်တာမျိုး၊ အသုံးပြုသူအမည်၊ လျှို့ဝှက်ကုတ် ထည့်တာမျိုးတွေမှာဆိုရင် ကွက်လပ် တစ်ခုကနေတစ်ခုကို ပြောင်းဖို့ TAB Key ကို နှိပ်ပြီး ရွှေ့နိုင်ပါတယ်။ နောက်ပြန်ရွှေ့ချင်ရင်တော့ Shift + TAB ကို တွဲနှိပ်ပါ။

(၃) တစ်ပြိုင်နက် ကိုယ်ဖွင့်ထားတဲ့ ပရိုဂရမ်တွေကို တစ်ခုကနေတစ်ခု ပြောင်းချင်တယ်ဆိုရင်တော့ Alt + TAB ကို တွဲနှိပ်နိုင်ပါတယ်။

(၄) ကိုယ့်ရဲ့ကွန်ပျူတာမှာ Password ခံထား တယ်ဆိုရင်တော့ အရေးပေါ် ထွက်သွားချင်တဲ့အခါ၊ လုပ်လက်စတွေကိုပိတ်ဖို့အားတဲ့အခါမျိုးမှာ Windows Key + L ကို နှိပ်ပြီး ကွန်ပျူတာကို Lock လုပ်လို့ရပါတယ်။

(၅) ပရိုဂရမ်တွေ အများအပြားဖွင့်ထားရာက ကိုယ့်ရဲ့ Desktop မျက်နှာပြင်ကို တန်းပြီးမြင်ချင်တယ်ဆိုရင်တော့ Windows Key + D ကို နှိပ်နိုင်ပါတယ်။

(၆) ဝက်ဘ်ဆိုက်စာမျက်နှာမှာ ကိုယ်မြင်နေရ တဲ့ စာလုံးတွေကို အကြီးအသေး ချိန်ညှိချင်ရင်တော့ Ctrl Key + ' + ' သို့မဟုတ် Ctrl Key + ' - ' ကို နှိပ်ပြီးချိန်ညှိနိုင်ပါတယ်။

(၇) Browser မှာ Tab တစ်ခုကို အသစ်ဖွင့် ချင်ရင် Ctrl + T ကို နှိပ်ပြီးဖွင့်နိုင်ပါတယ်။ နောက်ဆုံး ဖွင့်ထားတဲ့ Tab ကို ပိတ်ချင်ရင်တော့ Ctrl + W ပါ။ နောက်ဆုံးပိတ်ခဲ့တဲ့ Tab ကို ပြန်ပြီးဖွင့်ချင်ရင်တော့ Ctrl + Shift + W ကို နှိပ်ပြီးပြန်ဖွင့်နိုင်ပါတယ်။

ဒီ Shortcut Key တွေက ကွန်ပျူတာစတင် လေ့လာသူတွေအတွက် အသုံးဝင်မှာ ဖြစ်တဲ့အတွက် ဒီတစ်ပတ်အတွက် ဖော်ပြပေးလိုက်ပါတယ်။



ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## NEW PRODUC

# ပြည်တွင်းဈေးကွက်ထဲက GSM နှစ်ကတ်

**ပြည်တွင်းဈေးကွက်ထဲမှာ ရောင်းချနေတဲ့ စမတ်ဖုန်းတွေထဲက ဒီတစ်ပတ်မှာတော့ MEIZU ရဲ့ M3s ကို ဖော်ပြ ထားပါတယ်။ GSM ဆင်းမ်ကတ်နှစ်ကတ်အသုံးပြုနိုင်မှာဖြစ်တဲ့အပြင် ဒီ ဖုန်းက 4G ကွန်ရက်ကိုလည်း အ ပေးနိုင်မှာ ဖြစ်ပါတယ်။**

**အရွယ်အစား အရမ်းမကြီးမားသလို သင့်တော်တဲ့ဈေးနှုန်းနဲ့ ကောင်းမွန်တဲ့စွမ်းဆောင်ရည်တွေ ရရှိနိုင်မှာဖြစ် ဒီတစ်ပတ်အတွက် ရွေးချယ်ထားတာပါ။**

**MEIZU ရဲ့ စမတ်ဖုန်းတွေက ပြည်တွင်းဈေးကွက်ကို ဘယ်လိုရယူဖို့ ပြင်ဆင်ထားသလဲဆိုတာ လေ့လာကြည့်**

### မျက်နှာပြင်အရွယ်အစားနဲ့ အရည်အသွေး

မျက်နှာပြင်အရွယ်အစားက ၅ လက်မ ရှိပါတယ်။ IPS LCD capacitive touchscreen မျက်နှာပြင်ကို ထားပါတယ်။ မျက်နှာပြင်အရည်အသွေးက 720 x 1280 pixels အရည်အသွေးရှိပါတယ်။ ပုံရိပ်အရည်အသွေးက ရှိပါတယ်။

### ကင်မရာအရည်အသွေး

စမတ်ဖုန်းတစ်လုံးကို ရွေးချယ်ဖို့အတွက်ဆိုရင် ကင်မရာအရည်အသွေးကိုလည်း မဖြစ်မနေထည့်ပြီး စဉ်းစားရမှာ MEIZU M3s မှာ ကင်မရာ အရည်အသွေး 13MP ရှိပါတယ်။ ရှေ့ကင်မရာက 5MP ရှိပါတယ်။ Geo-tagging, touc face detection စတဲ့ ကင်မရာစွမ်းဆောင်ချက်တွေ ပါဝင်ပါတယ်။ အရည်အသွေးမြင့် ဗီဒီယိုတွေ ရိုက်ကူးနိုင်ပါတယ်

### ဘက်ထရီ အရည်အသွေး

ဘက်ထရီအနေနဲ့ Li-Po 3020 mAh ဘက်ထရီကို တပ်ဆင်ထားပါတယ်။ တစ်နေ့တာအသုံးပြုမှုအတွက် လုံ ပမာဏဖြစ်ပါတယ်။ ဘက်ထရီကိုတော့ ဖြုတ်လို့ရမှာမဟုတ်ပါဘူး။

### အခြားစွမ်းဆောင်ရည်များ

Android ဗားရှင်း 5.1.1 (Lollipop) ကို အသုံးပြုထားပါတယ်။ CPU က Octa-core 1.5 GHz Cortex- ပါတယ်။ ဖုန်းအတွင်း သိုမှီးနိုင်မှု ပမာဏက 32 GB ဖြစ်ပြီး 256 GB အထိ မြှင့်တင်အသုံးပြုနိုင်ပါတယ်။ RAM ဖြစ်ပါတယ်။ accelerometer, gyro, proximity, compass စတဲ့ အာရုံခံစနစ်တွေ ပါဝင်ပါတယ်။

လက်ဗွေလုံခြုံရေးစနစ် ထည့်သွင်းပေးထားပါတယ်။

ဈေးနှုန်းအနေနဲ့ ကျပ် ၁၆၈,၀၀၀ သတ်မှတ်ထားပါတယ်။ ပြည်တွင်းဈေးကွက်ထဲက ပေးရတဲ့ တန်ဖိုး အပေါ် စွမ်းဆောင်ရည်အမြင့်စား ဖုန်းတစ်လုံးဖြစ်တဲ့အတွက် ဒီတစ်ပတ်အတွက် ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။

## SMARTPHO



### HTC One A9

Size – 5.0"
CPU – 1.5 GHz + 1.2 GHz Octa Core
Camera – 13 MP & 4 MP
RAM – 2GB
Storage – 16GB(Up to 256GB)
Battery – Li-Po 2150 mAh
Price – 469,000 Ks

### Asus Zenfone Max

Size – 5.0"
CPU – 1.2 GHz Quad Core
Camera – 13 MP & 5 MP
RAM – 2GB
Storage – 16GB (Up to 64 GB)
Battery – Li-Po 5000 mAh
Price – 229,000 Ks



T

## ...သုံး MEIZU M3S

...ဖို့ ရွေးချယ်
...သာက်အပ့်

...တဲ့အတွက်

...ရှိရအောင်။

...အသုံးပြု
294 ppi

...ဖြစ်ပါတယ်။
...ch focus,
...ပ်။

...လာက်တဲ့

...A53 ပါဝင်
...က 3 GB

...ပြန်ရတဲ့




## ...NE CHOICE



## Huawei P9 Lite

Size – 5.2"
CPU –2.0 GHz Octa Core
Camera – 13MP & 8 MP
RAM – 3GB
Storage – 16 GB(Up to 256 GB)
Battery – Li-Po 3000 mAh
Price – 279,000 Ks

## Lenovo K4 Note

Size – 5.5"
CPU – 1.3GHz Octa Core
Camera – 13MP & 5 MP
RAM – 3GB
Storage – 16GB(Up to 200 GB)
Battery – Li-Po 3300 mAh
Price – 319,000Ks



# Android Game

## Trollface boy quest TV Games



တတိယမြောက် စီးရီးတစ်ခုပါ။ သာမန်စဉ်းစားတာမျိုးကနေ ခွဲထွက်စဉ်းစားရမယ့် ဂိမ်းအမျိုးအစားပါ။ အဆုံးသတ်ဖို့ မလွယ်ကူပါဘူး။ ရှေ့စီးရီးတွေဆော့ဖူးရင် စဉ်းစားရတာနည်းနည်းတော့ လွယ်ရင်လွယ်မယ်။ ခက်တာက ဒီဂိမ်းက တော်တော်ဦးနှောက်စားတဲ့အပြင် ခေတ်စကားနဲ့ပြောရရင် ဆေး အကြီးကြီးထိုးထားတဲ့ ဂိမ်းပါ။ သူငယ်ချင်းတွေ ထိုင်ဆော့ပြီး ဘယ်သူ ဘယ်အခန်းအောင်မလဲ ကြည့်ကြတာပေါ့။

တကယ်လို့ ဒီဂိမ်းကို ဆော့ပြီးတဲ့အချိန် ဂိမ်းရေးဆွဲတဲ့သူကိုသာသိရင် ဘာလုပ်မိမယ်ထင်လဲ။ ဆော့ကြည့်ပါ။ အဲ့ဒီဂိမ်းရေးတဲ့သူကို ပြစ်တင်ကြိမ်းမောင်းမိမှာ အမှန်ပါပဲ။ တကယ့်ဆေး။

## King Fighting-Street Combat

စည်းမျဉ်းမရှိဘူး။ အဆင့်သတ်မှတ်ချက်မရှိဘူး။ သေသူလား၊ သတ်သူလား။ ရှင်သန်ကျန်ရစ်ခဲ့သူက သူရဲကောင်းပဲ။ နည်းပေါင်းစုံနဲ့ တိုက်ခိုက်နိုင်ပါတယ်။ နိုင်ဖို့ အဓိကပါ။

ကျွမ်းကျင်မှုနဲ့အတူ တိုက်ခိုက်မှု နည်းစနစ်တွေကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ရုပ်ပုံထွက်ကောင်းမွန်တယ်။ နောက်ခံအသံလည်းကောင်းတယ်။ တိုက်ပွဲတွေကြားထဲမှာ ရှင်သန်ဖို့ ကြိုးစားရုန်းကန်နေရမှာပါ။

စိတ်လှုပ်ရှားဖို့ကောင်းတဲ့ ဂိမ်းတစ်ခုပဲ။



## Zombie Girl 2




ဆေးရုံတစ်ခုပေါ်မှာ ကိုယ့်ချစ်သူကောင်မလေးရှိနေတယ်။ သူက Zombie ဖြစ်တော့မယ့်သူ။ မဖြစ်အောင် ကာကွယ်ပေးရမယ်။ နောက်ဆုံးအချိန်အထိ ချစ်နေနိုင်မှာလား။ ဒီမေးခွန်းက တကယ်ကောင်းပါတယ်။ ဂိမ်းကို စပြီးဆော့မိတဲ့အခါ မသိစိတ်မှာ ကိုယ့်ရဲ့သစ္စာတရားကို သက်သေပြဖို့ ဆက်ပြီးဆော့မိနေအောင် ဆွဲဆောင်နိုင်ပါတယ်။ အပြင်မှာဆိုရင်ရော။ Zombie တွေ ပတ်လည်ဝိုင်းနေတဲ့ မလုံခြုံတော့တဲ့ ဆေးရုံကြီးထဲမှာ Zombie ဖြစ်တော့မယ့် ချစ်သူကို ကာကွယ်ပေးမှာလား။ ဘယ်အချိန်အထိလဲ။

သစ္စာတရားနဲ့ ချစ်ခြင်းမေတ္တာကို ပြသဖို့ ဒီဂိမ်းကို ဆော့ပါ။

## Extreme Army Commando Missions

ပြင်းထန်တဲ့ အနီးကပ်တိုက်ပွဲတွေပဲ ဖြစ်ပါတယ်။ ရန်သူ့တပ်တွေကို ပစ်ခတ်တိုက်ခိုက်ရမယ်။ ပြဿနာက ကျည်ဆန်ပြန်ဖြည့်ရတဲ့အချိန်ပါ။ အဲ့ဒီအချိန်ကာလ နည်းနည်းလေးကပဲ အဆုံးအဖြတ်ဖြစ်သွားနိုင်တယ်။ လက်နက်အမျိုးမျိုးကို ပြောင်းလဲအသုံးပြုနိုင်တယ်။

ရုပ်ပုံထွက်နဲ့ နောက်ခံအသံက တကယ့်ကို ဆွဲဆောင်မှုရှိတယ်။ တိုက်ပွဲကြားမှာ ရှင်သန်နိုင်ဖို့ ကြိုးစားပါ။

ရန်သူကို ချေမှုန်းနေခြင်းက ကိုယ့်ရဲ့တပ်ဖွဲ့ဝင်တွေကို ကာကွယ်နေတာပါ။ ထပ်ပြီးပြောမယ်။ ဒီဂိမ်းထဲမှာ တွေ့ရမှာက တကယ့်ကိုပြင်းထန်တဲ့ တိုက်ပွဲတွေ။



# “ဒီနိုင်ငံမှာ ဂိမ်းလုပ်ရင် Mobile App Store တွေတို့၊ Steam တို့မှာ မတင်ရင်တော့ အကျိုးအမြတ်ရဖို့ မလွယ်သေးပါဘူး”

## Drive ကွန်ပျူတာဂိမ်းကို ဖန်တီးရေးဆွဲသူ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စတုတ္ထနှစ်ကျောင်းသား မောင်ရဲမြင့်သူနှင့် တွေ့ဆုံခြင်း

မောင်မန်း

**ပြည်တွင်း၌ နည်းပညာရှင်လူငယ်များက မိုဘိုင်းလ် App များ၊ ဂိမ်းများကို ရေးဆွဲထုတ်လုပ်နေကြသည်။ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့တွင်လည်း ပြိုင်ပွဲများ ပြုလုပ်ပေးနေသည်။ ယင်းပြိုင်ပွဲများမှတစ်ဆင့် ကျောင်းသားလူငယ်များ၏ ဖန်တီးမှုများ ပေါ်ထွက်လာစေရန်အတွက် အထောက်အပံ့ရရှိနိုင်ပေသည်။**

**မိုဘိုင်းလ် App များ၊ မိုဘိုင်းလ်ဂိမ်းများအပြင် ကွန်ပျူတာဂိမ်းများကိုလည်း ရေးဆွဲဖန်တီးလာကြသည်။ ယင်းတို့အနက်မှ ကားတစ်စီးကိုကိုယ်တိုင်မောင်းနှင်သကဲ့သို့ ထိန်းချုပ်ရနိုင်မည့် ကွန်ပျူတာဂိမ်းတစ်ခုဖြစ်သည့် Drive ဂိမ်းကို ဖန်တီးရေးဆွဲသူ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စတုတ္ထနှစ်ကျောင်းသား မောင်ရဲမြင့်သူနှင့် တွေ့ဆုံမေးမြန်းပြီး ပြန်လည်ဖော်ပြအပ်ပါသည်။**

**Voice ႏ Drive က ဘယ်လိုဂိမ်းမျိုးလဲ။ ဘယ် Platform မှာ ကစားနိုင်မှာလဲ။**

**MYMT ႏ** Drive ကတော့ Simulator တစ်ခုပါ လက်ရှိတော့ ဂိမ်းအဆင့်မရောက်သေးပါဘူး။ Drive ကို ကားမောင်းသင်ပေးလို့ရနိုင်တဲ့အထိ ကားတစ်စီးနဲ့တူအောင် ရေးဆွဲပေးထားတာပါ။ ကားနောက်ကြည့်မှန် ၃ ချပ်လုံးပါအောင် ရေးဆွဲပေးထားပါတယ်။ လက်ရှိ Beta ရဲ့လမ်းကတော့ ကတ္တရာနဲ့ မြေလမ်းကို တစ်ဆက်တည်း ဆွဲပေးထားပါတယ်။ လမ်းရဲ့မျက်နှာပြင်၊ ကားရဲ့အရှိန်အပေါ်မူတည်ပြီး Steering Wheel ပေါ်မှာ ဖြစ်တဲ့ ထိတွေ့ခံစားမှုလေးတွေကို တတ်နိုင်သမျှထည့်ပြီး ရေးပေးထားပါတယ်။ လောလောဆယ်တော့ Windows မှာပဲ ရပါသေးတယ်။ Logitech က သူ့ Racing Wheel တွေကို Macintosh အတွက်ပါ Driver ရေးပေးလာရင်တော့ Macintosh မှာပါရမှာပါ။

**Voice ႏ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က လုပ်တဲ့ ပြိုင်ပွဲမှာ ဝင်ပြိုင်ခဲ့ပေမယ့် ဆုကိုတော့ လက်မခံခဲ့ဘူးလို့ ကြားရတယ်။ ဘာကြောင့်လဲ။**

**MYMT ႏ** ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှာ ပြုလုပ်ခဲ့တဲ့ပြိုင်ပွဲက အချိန်အတိုင်းအတာ ၂ လ သတ်မှတ်ပေးပြီး သတ်မှတ်ချိန်အတွင်း အင်တိုက်အားတိုက် ရေးဆွဲထားတဲ့ App တွေ Game တွေ ပြိုင်တာပါ။ ကျွန်တော်က ကျောင်းပိတ်တဲ့အချိန်လေးတွေမှာ နည်းနည်းစီ စိတ်ပါရင်ရေးလိုက် စိတ်မပါရင်ထားလိုက် လုပ်ထားတာနဲ့ ပြိုင်တော့ ဘယ်တရားမျှတမလဲဗျ။

**Voice ႏ ဒီဂိမ်းရေးဆွဲတဲ့အပိုင်းကို ဘယ်နေရာတွေကနေ လေ့လာခဲ့သလဲ။ ဘယ်လိုလေ့လာခဲ့ရသလဲ။**

**MYMT ႏ** ကျွန်တော့်ဝါသနာက Mechanic ဖြစ်ချင်တာပါ။ ကျွန်တော့်ဘဝတစ်လျှောက် လေ့လာခဲ့သမျှ စက်တွေရဲ့အကြောင်းရယ် ကျွန်တော့်ကို Code ပိပိရိရိရေးနိုင်အောင် သင်ပေးခဲ့တဲ့ဆရာ ပေးခဲ့တဲ့ ပညာရယ်နဲ့ အတတ်နိုင်ဆုံး ရေးဆွဲထားတာပါ။ Game Engine ကိုင်ဖို့တော့ သူ့ Documentation ကနေ လေ့လာပါတယ်။ လိုအပ်ရင် လိုအပ်သလို Google ကနေ ရှာဖွေပါတယ်။

**Voice ႏ ဒီဂိမ်းကို စလုပ်တဲ့အချိန်က ဘယ်အချိန်လောက်ဖြစ်မလဲ။ ဂိမ်းက ထွက်နေပြီလား။ ဘယ်လိုအခြေအနေမှာရှိသလဲ။**

**MYMT ႏ** ကျွန်တော်ဆွဲနေတာ တစ်နှစ်ခွဲလောက်ကြာပါပြီ။ ခက်တာက ကျောင်းပိတ်ရင် ဆက်မဆွဲဖြစ်တော့တာပါ။ ကျောင်းက ၄ လဖွင့် ၂ လခွဲလောက်ပိတ်ဆိုတော့ တကယ်တွက်ရင်တော့ ၆ လ ၇ လလောက်လို့ ပြောလို့တော့ရတယ်။ ဂိမ်းအခြေအနေကတော့ လိုသေးတယ်ပြောရမယ်။ ကျွန်တော်က အတတ်နိုင်ဆုံး ကားကို သဘာဝကျစေချင်တယ်။ အဲ့ဒါကြောင့်လဲ အချိန်အားလုံးရဲ့ ၈၀ ရာခိုင်နှုန်းကလည်း ကားရဲ့ Behavior တွက်တဲ့ထဲမှာပဲ ကုန်ခဲ့ပါတယ်။ အခုထိလည်း ဘဝင်မကျသေးပါဘူး။ ပိုပြီး ကားအစစ်နဲ့တူအောင်ကြိုးစားဦးမှာပါ။

**Voice ႏ ပြည်တွင်းက ဂိမ်းတွေ ရေးဆွဲကြတာတွေ တော်တော်များများ တွေ့လာရတယ်။ ဒီဟာကို လူတွေ ပိုပြီးစိတ်ဝင်စားလာအောင် ဘယ်လိုဆွဲဆောင်နိုင်မလဲ။**

**MYMT ႏ** အဓိကကတော့ ကြော်ငြာတတ်ဖို့လို့ပဲ မြင်ပါတယ်။ Developer တွေအနေနဲ့လည်း ထူးခြားမှုလေးတွေ လုပ်ပေးနိုင်ဖို့တော့ လိုတော့ပေါ့ ။

**Voice ႏ ဂိမ်းကို ရေးဆွဲနေတဲ့အချိန်မှာ ဘယ်လို အခက်အခဲတွေ ကြုံခဲ့ရသလဲ။ ဘယ်လိုကျော်ဖြတ်ခဲ့သလဲ။**

**MYMT ႏ** အေးအေးဆေးဆေး ရေးထားတာဆိုတော့ အခက်အခဲရယ်လို့တော့ သိပ်မရှိပါဘူး။ Behavior ကို အပြင်နဲ့တူအောင် ဘယ်လိုရေးရမလဲလို့ အကြာကြီး ထိုင်စဉ်းစားခဲ့ရတာလေးတွေတော့ ရှိတာပေါ့ ။

**Voice ႏ လက်ရှိ ကျောင်းတက်နေတုန်းလား။ ကျောင်းတစ်ဖက်နဲ့ဆိုတော့ ဒီလိုရေးဆွဲနေရတာ ဘယ်လောက်အတားအဆီး ဖြစ်စေသလဲ။**

**MYMT ႏ** ကျွန်တော် ကွန်ပျူတာတက္ကသိုလ် စတုတ္ထနှစ်မှာပါ။ အတားအဆီးကတော့ ကျောင်းဖွင့်ရင် ဂိမ်းရေးတာ ရပ်ရပ်သွားတာလေးတစ်ခုပါပဲ။



ဓာတ်ပုံ - SMM

**Voice ႏ ဒီဂိမ်းကို ရေးဆွဲဖို့ ငွေကြေးလိုအပ်ချက်တွေတော့ရှိခဲ့မှာပေါ့။ ဒီလိုအပ်ချက်ကို ဘယ်လိုဖြေရှင်းခဲ့သလဲ။**

**MYMT ႏ** ပြောရရင် လောလောဆယ် အလကားရတာလေးတွေပဲ ထည့်ထားပါသေးတယ်။ Racing Wheel ကတော့ ခြွင်းချက်ပေါ့။ Wheel တင်တဲ့ စင်လည်း ငါးထပ်သားပြားနဲ့ သစ် ၂ ချောင်းသုံးပြီးပဲ ရိုက်လိုက်တယ် ။ ထိုင်ခုံအဟောင်းကို Gear Shifter တင်လို့ရအောင် နည်းနည်းပြင်လိုက်ပါတယ်။

**Voice ႏ တကယ်တမ်းပြန်ကြည့်ရင် ဒီနိုင်ငံမှာ ဂိမ်းတစ်ခုထုတ်တယ်ဆိုပါတော့ဗျာ။ အကျိုးအမြတ်အနေနဲ့ ပြန်ရဖို့ကျတော့ ခက်ခဲနေဦးမလား။**

**MYMT ႏ** ဒီနိုင်ငံမှာ ဂိမ်းလုပ်ရင် Mobile App Store တွေတို့၊ Steam တို့မှာမတင်ရင်တော့ အကျိုးအမြတ်ရဖို့ မလွယ်သေးပါဘူး။

**Voice ႏ အကျိုးအမြတ်မရခဲ့ရင် ဒီနယ်ပယ်မှာ ရပ်တည်ဖို့က မလွယ်ကူနိုင်ဘူးလေ။ ဒီတော့ ရပ်တည်မှုတစ်ခုအတွက်တောင် မရေရာတဲ့အခြေအနေမျိုး ဖြစ်နေမလား။ ဒါကိုကျော်ဖြတ်ဖို့ဘယ်လိုစဉ်းစားထားလဲ။**

**MYMT ႏ** ကျွန်တော် ဒီဂိမ်းကိုဆွဲတာကလည်း ပညာလေ့လာတာတစ်ခုပါပဲ။ Technology တွေ ဘယ်လိုပဲပြောင်းတယ် ဆိုဦးတော့ Theory က ပြောင်းလေ့မရှိပါဘူး။ နည်းပညာနယ်ပယ်မှာ ပတ်ဝန်းကျင်ရဲ့ Demand က ပြောင်းလဲတာလည်း အရမ်းကိုမြန်ပါတယ်။ အဲ့လိုပြောင်းလဲတတ်လို့လည်း တတ်နိုင်သမျှထောင့်စုံအောင် ကျောင်းတက်နေတဲ့အချိန်မှာ လိုက်ပြီး ပညာစုစည်းတာပါ။

■ မောင်မန်း



ဓာတ်ပုံ - SMM

# မူးယစ်စစ်ပွဲနှင့် လူကြမ်းသမ္မတ

**ကျော်ဇလ**

သုံးထပ်တိုက်ပေါ်မှ ပြုတ်ကျလာသည့် အဲရစ် ဆစ်ဆန်တစ်ယောက် မသေကောင်း မပျောက်ကောင်း အသက်ရှင်နေသည်။ အောက်ထပ်မှ ပြတင်းတံခါးနှင့် ဘောင်းဘီချိတ်မိပြီး မျက်နှာချင်းဆိုင်အိမ်ခေါင်မိုး ပေါ်ကျသောကြောင့် ဖြစ်သည်။

ရဲတွေက ပြုတ်ကျလာသည့်အိမ်ရှင် မာရီယာ ဆိုသူ၏ တဲအတွင်း သေနတ်တွေကိုင်ပြီး ဝင်လာကြသည်။ သူမက -

"ချမ်းသာပေးပါရှင်၊ မပစ်ပါနဲ့၊ အဲဒီလူကို ကျွန်မတို့ မသိပါဘူး" ဟုအော်လိုက်သည်။ ရဲတွေက မာရီယာနှင့် မိသားစုကိုအိမ်ထဲတွင် နေရန်ပြောလိုက်ပြီး ထွက်ပြေးသူနောက် လိုက်သွားသည်။ ပြုတ်ကျသူထံမှ တောင်းပန်သံတွေ ကြားနေရသည်။ သို့သော် မကြာမီ သေနတ်သံတွေကိုလည်း ကြားလိုက်ရသည်။

အပေါ်ထပ်မှ ပြုတ်ကျလာသည့် ဆစ်ဆန်သည် ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၅ ရက်နေ့အတွင်း သမ္မတ ဒူတာတေတစ်ယောက် တက်လာပြီးနောက် အသတ်ခံလိုက်ရသည့် လူပေါင်း ၂၅၀၀ ထဲမှ တစ်ဦး ဖြစ်သည်။ သမ္မတသစ်က မူးယစ်စစ်ပွဲအသွင်ဆင်နွှဲနေသည့် ဖိလစ်ပိုင်နိုင်ငံအတွင်း တစ်ရက်လျှင် ပျမ်းမျှ လူပေါင်း ၃၅ ဦးခန့် သေဆုံးနေကြရသည့်သဘောဖြစ်သည်။

ဆစ်ဆန်အမှုကို ရဲတွေကပြန်ပြီး အစီရင်ခံသည့်အခါ ရဲအရာရှိများကို ပြန်လည်ပစ်ခတ်သဖြင့် ပစ်သတ်လိုက် ရသည်ဟူ၏။ အိမ်နီးချင်းတစ်ဦးကအိမ်ထဲမှ ဖုန်းဖြင့်ခိုးရိုက်ထားသော ဗီဒီယိုတွင် ဆစ်ဆန်က လက်နက်ချပြီး လက်မြှောက်ထားစဉ် ပစ်သတ်ခံလိုက်ရခြင်း ဖြစ်သည်။

ရဲအရာရှိများက ဆစ်ဆန်၏အိမ်ကို ဝင်ရှာသည့်အခါ ရှာဘူးဟုခေါ်သည့် မက်သမ်ဖက်တမင်းဆေးပြား ပလတ်စတစ်အိတ်နှစ်ထုပ်၊ ဆေးခြောက်ထုပ်များ၊ ဆေးခြောက်ပါသည့် ဖန်ပုလင်းတစ်လုံးနှင့် ပွိုင့် ၃၈ ကာလီဘာ ခြောက်လုံးပြူးသေနတ်တစ်လက်တွေ့ရှိသည့်အပြင် တရားခံသည် ပြန်လှန်ပစ်ခတ်သောကြောင့် ရဲများက ပစ်သတ်လိုက်ရသည်ဟူ၍ အစီရင်ခံထားသည်။ ဆစ်ဆန်နှင့် အတူနေသူ အမျိုးသမီးက -

"သူတို့က ကျွန်မယောက်ျားကို သေနတ်ကိုင်ထားတယ်။ မူးယစ်ဆေးသုံးတယ်လို့ ပြောကြတယ်။ ကျွန်မယောက်ျားက အဲဒီလိုလူမဟုတ်ဘူး။ သူက အိမ်ခေါင်မိုးပေါ်က ပြုတ်ကျတော့ အင်္ကျီကပြတင်းပေါက်နဲ့ငြိပြီး ကျန်ခဲ့တော့ အပေါ်ပိုင်းဗလာဖြစ်နေတာ။ တကယ်လို့ သူ့မှာ သေနတ်ပါသွားတယ်ဆိုရင်တောင် ပြုတ်ကျခဲ့မှာ။ သေနတ်ကို ရဲတွေက ကောက်သွားတာ" ဟုပြောကြားသည်။

**အလောင်းတွေတောင်လိုပုံ**

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲကာလတွင် သမ္မတလောင်း ရော်ဒရီဂို ဒူတာတေတစ်ယောက် ရာဇဝတ်မှုများကို ထိရောက်စွာ နှိမ်နင်းမည်ဖြစ် ကြောင်း ကတိတွေပေးကာ တက်လာခြင်းဖြစ်သည်။ ကတိပေးထားသည့်အတိုင်း သူတက်လာပြီး ပထမသုံးလမှ ခြောက်လအတွင်း မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း ကိစ္စများနှင့် လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ခြစားခြင်း ကိစ္စများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းတော့သည်။ မူးယစ်ဆေးသမားတွေကို ပစ်သာသတ် အရေးမယူဘူးဟုဆိုလိုက်သောကြောင့် ထိုကာလအတွင်း မနီလာပင်လယ် အော်တွင်း အလောင်း



Martin San Diego

တွေ သိန်းချီကာစုပုံနေကြောင်း ငါးဖမ်းသမားတွေက ဆိုကြသည်။

ဒူတာတေက သူမြို့တော်ဝန်အဖြစ် နှစ်ပေါင်း ၂၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သည့် ဒါဗာအိုမြို့တော်တွင် ရွေးကောက်ပွဲအနိုင်ရသည့်အတွက် အောင်ပွဲအနေနှင့် ပါတီပွဲတစ်ခု ကျင်းပသည်။ ထိုပွဲတွင် ဒူတာတေက မူးယစ်ဆေးရောင်းဝယ်ဖောက်ကားသူများကို သတ်ဖြတ်နှိမ်နင်းရန် အရပ်သား လက်နက်ကိုင်အဖွဲ့များဖွဲ့စည်း ကြပါ၊ မိမိကိုယ်တိုင် အကူအညီပေးမည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

သမ္မတသစ်အဖွင့်မိန့်ခွန်းတွင်လည်း ဒူတာတေက မူးယစ်ဆေးသုံးစွဲနေသူများကို ပစ်သတ်ရန်နှင့် မိဘများ၊ လူ့အခွင့်အရေးဆိုသည့်ကိစ္စများကို ဂရုမစိုက်ရန် ပြောကြားခဲ့သည်။ ထို့ပြင်သူက မူးယစ်ရာဇာများနှင့် ငွေကြေးထောက်ပံ့သူများကို နောက်ဆုံးအချိန်ဒူးထောက်အညံ့ခံသည်အထိ သို့မဟုတ် ထောင်ထဲပို့လျှင်ပို့ မြေအောက်သို့ ပို့နိုင်သည့်အချိန်အထိ မူးယစ်စစ်ပွဲကို ဆက်လက်ဆင်နွှဲသွားမည်ဟုလည်း ပြောကြားခဲ့သည်။

ဥပဒေမဲ့ သတ်ဖြတ်စီရင်မှုများသည် ဖိလစ်ပိုင်နိုင်ငံတွင် သိပ်ပြီးတော့ အဆန်းမဟုတ်ဟုဆိုရမည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အစီရင်ခံစာတစ်ခုတွင် အာဏာရှင် ဖာဒီနန်မားကို့စ်လက်ထက်ကလည်း သေဆုံးခဲ့ရ သူပေါင်း ၃၂၄၀ ခန့်ရှိသည်ဟုဆိုထားသည်။ ရဲတပ်ဖွဲ့၏ ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၅ ရက်နေ့အထိ အစီရင်ခံစာတွင်လည်း စစ်ဆင်ရေးကာလအတွင်း မသင်္ကာမှုဖြင့် သတ်ဖြတ်ခံရသူပေါင်း ၁,၀၂၇ ဦးရှိသည်ဟု ဆိုထားသည်။ ဖမ်းဆီးထားသူပေါင်း ၁၅,၀၅၅ ဦးသည် လာရောက်အဖမ်းခံကြပြီး စုစုပေါင်း ထောင်ထဲထည့်ထားသူပေါင်းမှာ ၆၈၆,၀၀၀ ဦးရှိသည်။

ဆင်းရဲသားရပ်ကွက်များအတွင်းနှင့် မာလာဘုံမြို့သချိုင်းတွင် လာပစ်ထားသည့် အလောင်းတွေကလည်း မနည်းဖြစ်လာသည်။ များသောအားဖြင့် မူးယစ်ဆေးဂိုဏ်းအချင်းချင်း ပစ်ခတ်သတ်ဖြတ်ပြီး အလောင်းများကို လာပစ်ထားကြဟန်တူသည်။ အချို့သော အလောင်းများတွင် တိပ်များဖြင့် ပတ်ထားကြောင်း တွေ့ရပြီး လည်ပင်း၌ "ကျွန်တော်ဟာ မူးယစ်ဆေးရောင်းသူတစ်ယောက်ပါ။ ကျွန်တော့်လိုမဖြစ်ပါစေနှင့်" ဆိုသည့် စာချိတ်ဆွဲ ထားသည်ကိုပင်တွေ့ကြရသည်။ ရဲတပ်ဖွဲ့ကမဟုတ်ဘဲ သမ္မတမြှောက်ပေးသောကြောင့် ကိုယ့်ဘာသာကိုယ် ဖွဲ့စည်းထားသည့် အသေခံတပ်တွေကလည်း မထင်လျှင် မထင်သလို အိမ်တွေကိုဝင်စီးရှာဖွေမှုတွေ လုပ်နေကြသည်။

**မလုံခြုံသည့်ဘဝများ**

ဆစ်ဆန်သေဆုံးပြီး အသုဘအိမ်တွင် သူ၏ မိတ်ဆွေများက ဘီယာသောက်ရင်း ဖဲရိုက်ကာ အလောင်းစောင့်နေကြသည်။ သေဆုံးသူ၏ အဖော်ဖြစ်သူ ဘာမ္ဘိုင်းကလည်း အခေါင်းဘေးနားထိုင်ကာ ဆုတောင်းပေးနေသည်။ သူ့ကိုသတ်သွားသူများအတွက် ဥပဒေအရအမှန်အကန်ဖြစ်စေရေး ဆုတောင်းနေပုံရသည်။

ဆစ်ဆန်ကို ဖမ်းစဉ်က ရိုက်ကူးထားသည့် ဗီဒီယိုတွင် ရဲအရာရှိသုံးဦးနှင့် သူတို့ကို အုပ်ချုပ်သူအရာရှိတစ်ဦးက ပါဝင်ပတ်သက်နေကြောင်းတွေ့ကြရသည်။ သို့သော် တရားဥပဒေအရ အမှန်အကန်ဖြစ်ရေးကို ဆစ်ဆန်၏ မိတ်ဆွေများအနေနှင့် မမျှော်လင့်ရဲပေ။ စမတ်ဖုန်းဖြင့် ဗီဒီယိုရိုက်ကူးထားသူကိုပင် "နောက်တစ်ခါ မင်းအလှည့်" ဆိုသည့် ခြိမ်းခြောက်စာကိုပေးပို့မှုအား လက်ခံရရှိထားသည်။ ထိုစာကို ရဲများကပေးသလား၊ တစ်ဦးတစ်ယောက်ကပေးသလား၊ မသေချာသော်လည်း သက်သေခံရိုက်ကူးထားသည့် ဗီဒီယိုကြောင့် ဒုက္ခရောက်ရမည့်သူများက လက်စဖျောက်ချင်သောကြောင့်ဖြစ်ကြောင်းမှာ သေချာလှသည်။

ဗီဒီယိုရိုက်သည့်ကောင်လေးကို ခြိမ်းခြောက်ကြောင်း သတင်းများ ပျံ့နှံ့သွားသည့်အခါတွင် ထိုတစ်ရပ်ကွက်လုံး သာမက တစ်နိုင်ငံလုံးသည် မူးယစ်စစ်ပွဲအပေါ် သံသယရှိလာကြသည်။ သမ္မတသစ် ဒူတာတေကို သူတို့ ရွေးကောက်စဉ်က တစ်နိုင်ငံလုံး၏ ၉၁ ရာခိုင်နှုန်းခန့်သည် သမ္မတသစ်ကို ထောက်ခံခဲ့ကြကြောင်း Pulse Asia အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခင် ဖိလစ်ပိုင်နိုင်ငံ တရားရေးဌာနတွင် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ လွှတ်တော်အမတ် ဒီလိုင်မာဆိုသူသည် ဒူတာတေ၏ ဥပဒေမဲ့ လုပ်ရပ်များအပေါ်တွင် အမြဲဝေဖန်နေခဲ့သူဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဒါဗာအိုမြို့တွင် ဒူတာတေက သေမင်းတပ်ဆိုပြီး အထူးတပ်ဖွဲ့ကာ လုပ်ဆောင်ခဲ့မှုများကို တရားရေးဝန်ကြီးသည် စုံစမ်းစစ်ဆေးခဲ့ဖူးသည်။ ယခုလည်း တစ်ကြိမ် ဒူတာတေ၏ သေမင်းတပ်ဖွဲ့များဖွဲ့ကာ အကြမ်းဖက်နှိမ်နင်းနေမှုများကို ဒီလိုင်မာက ဆန့်ကျင်ခဲ့သည်။

**မူးယစ်ဆေးနဲ့ ဖိလစ်ပိုင်ပြဿနာ**

ဖိလစ်ပိုင်နိုင်ငံတွင် မက်သမ်ဖက်တမင်း ဆေးဝါးများ သုံးစွဲနေမှုသည် ပျံ့နှံ့နေပြီး အလွန်စိုးရိမ်ရသည့် အနေအထား ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများထဲတွင်လည်း မူးယစ်ဆေးသုံးစွဲမှု အလွန်အမင်းထိပ်တန်းရောက်နေသည့် နိုင်ငံဘဝရောက်နေသည်။

၂၀၁၅ ခုနှစ် DDB (Dangerous Drugs Board) အဖွဲ့၏ အစီရင်ခံစာအရ ဖိလစ်ပိုင်နိုင်ငံတွင် မူးယစ်ဆေးသုံးစွဲ နေသူပေါင်း ၁ ဒသမ ၈ သန်းခန့်ရှိနေသည်ဟုသိရသည်။

ဒူတာတေက နိုင်ငံတော်သို့ ပြောကြားသည့် မိန့်ခွန်းတွင် DEA (Drug Enforcement Agency) အဖွဲ့၏ စာရင်းဇယားကို ကိုးကားပြီး မိမိတို့နိုင်ငံတွင် မူးယစ်ဆေးစွဲနေသူ ၃ သန်းခန့်ရှိနေကြောင်း ပြောသွားသည်။ လွှတ်တော်အမတ် အယ်လန် ကာရီတာနိုကမူ ဖိလစ်ပိုင်နိုင်ငံတွင် ၃ သန်းမှ ၇ သန်းအတွင်း မူးယစ်ဆေးများကို သုံးစွဲနေကြသည်ဟုဆိုသည်။

DDB အစီရင်ခံစာအရ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၀၄ ခုနှစ်ကတည်းက တရားမဝင် မူးယစ်ဆေးသုံးစွဲနေသူပေါင်း ၆ ဒသမ ၇သန်းရှိပြီး၊ ၂၀၁၅ ခုနှစ်တွင် သုံးစွဲသူ ၄ ဒသမ ၉ သန်းခန့်သာရှိတော့သဖြင့် ၇၃ ရာခိုင်နှုန်းခန့် လျော့နည်း သွားသည်ဟုသိရသည်။

ဒူတာတေကလည်း ပြီးခဲ့သည့် လွှတ်တော်တွင် ဆင်းရဲမှုလျှော့ချရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်၊ အလုပ်သမားတို့အပေါ် ထောက်ပံ့နေသည့် စရိတ်များကို လျှော့ချပြီး သူ၏ မူးယစ်စစ်ပွဲအတွက် စရိတ်ငွေများကို တိုးမြှင့် အသုံးပြုမည့်ကိစ္စများကို ထုတ်ပြန်ကြေညာသွားခဲ့သည်။

"ခင်ဗျား ဆင်းရဲလို့ဆိုပြီး အပြစ်ကနေ ခွင့်လွှတ်ဖို့ မဖြစ်နိုင်ဘူး။ ဆင်းရဲရဲ ချမ်းသာသာ ခွင့်လွှတ်စရာအကြောင်း မရှိဘူး။ ကျုပ်အမိန့်ပေးတယ် သတ်ပစ်လိုက်"

ယင်းစကားမှ ဒူတာတေ၏ ရင့်သီးပြတ်သားသော စကားဖြစ်သည်။ ဖိလစ်ပိုင်ရဲတွေ၏ လုပ်ရပ်ကလည်း တစ်ခါ တစ်ရံတွင် စောင့်ကြည့်အဆင့်ရှိနေသူများကို လက်စွမ်းပြကာ သတ်လိုက်ကြမှုများရှိနေသည်။

ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနှင့် မက္ကဆီကိုနိုင်ငံများတွင်လည်း ဒူတာတေလုပ်သလို မူးယစ်ဆေးစစ်ပွဲကြီးများကို တိုက်ပွဲအသွင်ဖြင့် နှိမ်နင်းခဲ့ဖူးပါသည်။ သို့သော် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည့် ရလဒ်သာ အဖတ်တင်ခဲ့ပြီး ငွေပေါင်းများစွာ ကုန်သာကုန် လုံးဝချုပ်ငြိမ်းပျောက်ကွယ်သွားခဲ့သည်တော့ မဟုတ်ပေ။

ဖိလစ်ပိုင်နိုင်ငံတွင် ဆင်နွှဲနေသည့် မူးယစ်စစ်ပွဲသည် နိုင်ငံသူနိုင်ငံသားများကို ဆိုးရွားသည့် အနေအထားတစ်ခုသို့ မရောက်ရောက်အောင် တွန်းပို့ခြင်းတစ်ခုဖြစ်ပြီး သမ္မတတစ်ဦး၏ ရက်စက်သော စတန့်ထွင်မှုတစ်ခုအဖြစ် ပြည်သူတွေကလည်း ကန့်ကွက်လာကြသည်။

ပြည်သူ့အသံကတော့ ရှင်းသည် "မူးယစ်ဆေးကိုသတ်ပါ၊ ပြည်သူတွေကို မသတ်ပါနှင့်တော့" ဖြစ်သည်။ သမ္မတသစ် ဒူတာတေတစ်ယောက် သူ၏ အာဏာတည်မြဲရေးနှင့် မူးယစ်စစ်ပွဲတွင် နောက်ထပ်လူဘယ်နှယောက် ထပ်သေပေးရဦးမည်နည်းဆိုခြင်းကို ပြည်သူများကလည်း သူ့ကို တင်မြှောက်ရွေးကောက်စဉ်ကထက် ပိုပြီး သံသယဖြစ်လာကြသည်။ ■

**(Ref : Philippines: Inside Duterte's killer drug war, Joseph Hincks)**



## ခြောက်ကြိမ်မြောက် ဝသန်ရုပ်ရှင်ပွဲတော်တွင် အရှေ့တောင်အာရှ အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ဆု မြန်မာနိုင်ငံမှ တစ်မိုးအောက် ဇာတ်ကားရရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံမှာ ခြောက်ကြိမ်မြောက်အဖြစ် ကျင်းပတဲ့ ဝသန်ရုပ်ရှင်ပွဲတော်မှာ အရှေ့တောင်အာရှ အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ဆုကို ဒါရိုက်တာ မီမီလွင်ရဲ့ တစ်မိုးအောက် ဇာတ်ကားက ရရှိသွားခဲ့ကြောင်း ယင်းရုပ်ရှင် ပွဲတော်ရဲ့ စီစဉ်သူတစ်ဦးဖြစ်တဲ့ ဦးသိဒ္ဓိက The Voice ကို ပြောကြားပါတယ်။

"ဒီနှစ်ကတော့ ဆုအရေအတွက်တွေလည်း ထပ်တိုးပြီးတော့ ကျွန်တော်တို့ ချီးမြှင့်ခဲ့ပါတယ်။ စုစုပေါင်း ဆုက ၆ ဆု ဖြစ်သွားတာပေါ့။ ဒီနှစ်မှာ ဒိုင်တွေက ပင်မရေစီးကြောင်းကနေ ခွဲထွက်ရိုက်ကူးထားတဲ့ ဇာတ်ကား တွေကို ဆုရွေးချယ်ချီးမြှင့်ပေးတာကို တွေ့ရပါတယ်။ ပြိုင်ပွဲဝင်ဇာတ်ကားတွေအားလုံးရဲ့ အရည်အသွေးကိုတော့ ကျွန်တော်တို့ ကျေနပ်အားရပါတယ်" လို့ ယခုနှစ် ဝသန်ရုပ်ရှင်ပွဲတော်နဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယခုနှစ် ဝသန်ရုပ်ရှင်ပွဲတော်မှာတော့ Best Cinematography Award ဆုကို မြစ်လေကိုဆန်၍ ဇာတ်ကားမှ မိုးသွန်း၊ Best Acting Award ဆုကို Book Lover ဇာတ်ကားမှ မွန်သီရိုင်၊ Best Short Film Award ဆုကို Period ဇာတ်ကားမှ ဒါရိုက်တာ နှင်းအိလှိုင်၊ Best Documentary Film Award ဆုကို Move ဇာတ်ကားမှ ခွန်စိုးမိုးအောင်၊ Special Mention ဆုကို Mother ဇာတ်ကားမှ ဒါရိုက်တာ ရှုန်းဝင့်အောင်နဲ့ Best South East Asia Documentary Award ဆုကို တစ်မိုးအောက် ဇာတ်ကားမှ ဒါရိုက်တာ မီမီလွင်တို့က ရရှိခဲ့ပါတယ်။

"ဒီဇာတ်ကားနဲ့ ဆုရလိမ့်မယ်လို့ မှန်းမထားခဲ့ပါဘူး။ အခုလို ဆုရခဲ့တဲ့အတွက် အရမ်းပျော်ပါတယ်။ ဒါရိုက်တာ၊ အယ်ဒီတာအနေနဲ့ ပထမဆုံးရိုက်တဲ့ ဇာတ်ကားနဲ့ ဆုရခဲ့တဲ့အတွက်လည်း ရှေ့ဆက်မယ့် ခြေလှမ်း တွေအတွက် အားတွေ ပိုရှိလာပါတယ်။ ဒီဆုက ကျွန်မအတွက် ခွန်အားတစ်ခုပါပဲ" လို့ အရှေ့တောင်အာရှ အကောင်းဆုံးမှတ်တမ်း ရုပ်ရှင်ဆုကို ရရှိခဲ့တဲ့ ဒါရိုက်တာ မီမီလွင်က ပြောကြားပါတယ်။

အရှေ့တောင်အာရှ အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ဆုကို ရရှိခဲ့တဲ့ ဒါရိုက်တာ မီမီလွင်ရဲ့ တစ်မိုးအောက် ဇာတ်ကားကတော့ မြန်မာနိုင်ငံအလယ်ပိုင်းရှိအပူပိုင်းဒေသမှာ ထန်းလျက်ချက်တဲ့ လုပ်ငန်းနဲ့ အသက်မွေးတဲ့ မိသားစုတစ်စုအတွင်းမှာ စာဖတ် ဝါသနာပါတဲ့ ဖခင်နဲ့ စာဖတ်ခြင်းကို သိပ်ပြီး အားမပေးတဲ့ မိခင်ဖြစ်သူတို့ကြားမှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေနဲ့ စာဖတ်ခြင်းရဲ့ အရေးပါပုံကို မီးမောင်းထိုးပြထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။

ယခုနှစ် ဝသန်ရုပ်ရှင်ပွဲတော်ကိုတော့ စက်တင်ဘာလ ၇ ရက်နေ့ကနေ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ ဝဇီရာ ရုပ်ရှင်ရုံမှာ ကျင်းပခဲ့တာဖြစ်ပြီး ပြည်တွင်းပြိုင်ပွဲကဏ္ဍအတွက် ဇာတ်လမ်းတိုနဲ့ မှတ်တမ်းရုပ်ရှင် ၁၅ ကား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၊ ယခုနှစ်မှာ ပထမဆုံးအကြိမ် ထည့်သွင်းတဲ့ အရှေ့တောင်အာရှ မှတ်တမ်းရုပ်ရှင် ပြိုင်ပွဲကဏ္ဍမှာတော့ ပြိုင်ပွဲဝင်ဇာတ်ကား ၉ ကား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

## FOUR ဒီဗီဒီမှာ သီချင်းအားလုံးကို ကိုယ်တိုင် သရုပ်ဆောင်ထားတယ်ဆိုတဲ့ ရွှေထူး

**ရန်ကုန်၊ စက်တင်ဘာ ၁၂**



ဓာတ်ပုံ- ရွှေထူး Facebook Page

လူငယ်ပရိသတ်တွေရဲ့ လက်ခံအားပေးမှုကို ရရှိလာတဲ့ တေးသံရှင် ရွှေထူးက စက်တင်ဘာလ ၁၈ ရက်နေ့မှာ စတင်ဖြန့်ချိပေးတော့မယ့် FOUR ဒီဗီဒီမှာ သူသီဆိုထားတဲ့ သီချင်းအားလုံးကို ကိုယ်တိုင်ပါဝင် သရုပ်ဆောင်ထားပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ကျွန်တော်က စီဒီမှာတုန်းက Anniversary ၊ Crush ၊ ရှစ်ရက်ရှစ်လ ရှစ်နာရီ နဲ့ မင်းရဲ့ပရိသတ် သီချင်း ၄ ပုဒ်ဆိုခဲ့တာပါ။ ဒီဗီဒီမှာတော့ Anniversary သီချင်းကိုဖြုတ်ပြီး Underground တုန်းက ကျွန်တော့်ကို ပရိ သတ်တွေသိသွားတဲ့ မမျှော်လင့်တော့ ပါဘူး သီချင်းကို ပြန်ထည့်ထားပါတယ်။ သီချင်း၄ ပုဒ်လုံးမှာ တော့ ကျွန်တော် ကိုယ်တိုင်ပဲ သရုပ်ဆောင်ထားပါ တယ်" လို့ ယင်းဒီဗီဒီနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါ တယ်။

ယင်းသီချင်း ၄ ပုဒ်မှာတော့ Crush သီချင်းမှာ အမရာငြိမ်း၊ မမျှော်လင့်တော့ပါဘူးမှာ မိုးစက်ဝိုင်၊ ရှစ်ရက် ရှစ်လ ရှစ်နာရီမှာ မာရီကိုးလ်၊ မင်းရဲ့ပရိသတ်မှာ မိုးယုစံတို့နဲ့ တွဲဖက်သရုပ်ဆောင်ထားပြီး၊ အကောင်းဆုံးဖြစ်အောင် ပုံဖော် ရိုက်ကူးထားတဲ့အတွက် ပရိသတ်တွေလည်း နှစ်သက်ကြလိမ့်မယ် လို့ ယုံကြည်ကြောင်း ရွှေထူးက ပြောကြားပါတယ်။

"စီဒီနဲ့ ဒီဗီဒီက ကြားထဲမှာ ၂ နှစ်လောက်တော့ ကွာသွား တယ်။ စီဒီထွက်ကတည်းက ကျွန်တော်တို့လေး ယောက်ရဲ့ သီချင်းပုံစံ တွေကလည်း မတူကြတော့ ပရိသတ်တွေက ကြိုက်ကြတယ်။ MTV ထွက်လာရင်လည်း ကျွန်တော်တို့ လေးယောက်လုံး သီချင်းတွေကို ပုံစံမတူအောင် ရိုက်ထားတာကို တွေ့ရမှာပါ။ ကျွန်တော်တို့ လေးယောက်ရဲ့ ပထမဆုံးဂီတခြေလှမ်းလေးကို လာရောက်အားပေးကြဖို့ ပရိသတ်တွေကို ဖိတ်ခေါ်ချင်ပါတယ်" လို့ ၎င်းကဆိုပါတယ်။

တေးသံရှင် ရွှေထူး၊ ထက်ယံ၊ Lil'Z၊ X Box တို့ ပါဝင်သီဆိုထားကြတဲ့ FOUR ဒီဗီဒီခွေကိုတော့ စက်တင်ဘာလ ၁၈ ရက်နေ့မှာ စတင်ဖြန့်ချိပေးသွားမှာဖြစ်ပြီး ယင်းနေ့ ညနေ ၃ နာရီမှာတော့ လှည်းတန်း စင်တာမှာ ပရိသတ်တွေကို အမှတ်တရ လက်မှတ်ရေးထိုးပေးသွားမှာ ဖြစ်သလို၊ သီချင်းတွေနဲ့လည်း သီဆိုဖျော်ဖြေပေးသွားမှာပါ။




## အယ်လ်ဘမ်သစ် Gentleman's Gameကို စက်တင်ဘာလ ၁၃ ရက်နေ့မှာ ဖြန့်ချိပေးမယ့် 2PM

**ဆိုးလ်၊ စက်တင်ဘာ ၁၂**

တောင်ကိုရီးယား နိုင်ငံရဲ့ နာမည်ကျော် K Pop ဂီတအဖွဲ့ 2PM က Gentleman's Game လို့အမည်ရတဲ့ အယ်လ်ဘမ်သစ်ကို စက်တင်ဘာလ ၁၃ ရက်နေ့မှာ စတင်ဖြန့်ချိပေးတော့မှာ ဖြစ်ပါတယ်။

Gentleman's Game အယ်လ်ဘမ်အတွက် ကြော်ငြာပိုစတာတွေမှာတော့ 2PM အဖွဲ့ဝင်တွေရဲ့ ရင့်ကျက်ပြီး လူကြီးလူကောင်းဆန်တဲ့ ပုံရိပ်တွေကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒီအယ်လ်ဘမ်မှာတော့ 2PM အဖွဲ့ဝင်တွေ ကိုယ်တိုင်ရေးသားထားတဲ့ သီချင်းအများစု ပါဝင်မှာ ဖြစ်ပြီး၊ သီချင်း ၁၁ ပုဒ်မှာ ၇ ပုဒ်က 2PM အဖွဲ့သားတွေရဲ့ လက်ရာဖြစ်ပါတယ်။

အဖွဲ့ဝင် ခြောက်ဦးပါဝင်တဲ့ 2PM အဖွဲ့က တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် အမျိုးသား ဂီတအဖွဲ့ တစ်ဖွဲ့အဖြစ် ရပ်တည်နေရုံသာမက၊ ဂျပန်နိုင်ငံမှာပါ အောင်မြင်မှု ရရှိနေပါတယ်။



## ဂျက်စတင် တင်းဘားလိတ်၏ စင်မြင့်ဖျော်ဖြေပွဲကို ဗီဒီယိုဖြန့်ချိမည်

ဂျက်စတင်တင်းဘားလိတ်ရဲ့ ကမ္ဘာပတ်လည်ဖျော်ဖြေမှု ခရီးစဉ်ရဲ့ ဗီဒီယိုကို အောက်တိုဘာလ ၁၆ ရက်နေ့မှာ စတင်ဖြန့်ချိတော့မှာ ဖြစ်ပါတယ်။

ဂျက်စတင်တင်းဘားလိတ်ရဲ့ လက်စ်ဗီးဂတ်စ်ပွဲကို အော်စကာဆုရှင် ဒါရိုက်တာ ဂျိုနသန်ဒမ်မီ က ရိုက်ကူးထားတာ ဖြစ်ပါတယ်။

၂၀၁၃ မှသည် ၂၀၁၅ အထိ ကမ္ဘာပတ်လည်ဖျော်ဖြေခဲ့တဲ့ ဂျက်စတင် တင်းဘားလိတ်ရဲ့ ခရီးစဉ်အတွင်းမှာ လက်မှတ် အမေရိကန်ဒေါ်လာ ၂၃၂ သန်းဖိုး ရောင်းရခဲ့ပါတယ်။

တိုရွန်တို နိုင်ငံတကာ ရုပ်ရှင်ပွဲတော်မှာ အဆိုပါ စင်မြင့်ဖျော်ဖြေပွဲများ ဗီဒီယိုရုပ်ရှင်ကားကို ပြသသွားမှာ ဖြစ်တယ်လို့ သတင်းများက ဆိုပါတယ်။

ပြီးခဲ့တဲ့နှစ်က အဲဒီရုပ်ရှင်ထုတ်လုပ်နေတုန်းမှာပဲ အလွန်စိတ်ခံစားမှုများပါဝင်ပြီး စိတ်လှုပ်ရှား စရာ ဖြစ်ပါတယ်လို့ ဒါရိုက်တာ ဒမ်မီက ပြောကြားခဲ့ပါတယ်။

"ကခုန်မှုတွေ များများစားစားပါတဲ့ အပိုင်းတွေဖြစ်ပါတယ်။ ထူးရှယ်တေးဂီတဝိုင်း The Tennessee Kids ကိုလည်း သူက ရထားပါတယ်" လို့ ဒါရိုက်တာက ဆိုပါတယ်။

အသက် ၇၂ နှစ်ရှိပြီဖြစ်တဲ့ ဒါရိုက်တာကြီးဟာ ဂန္တဝင်တွေရဲ့ သရုပ်ဖော်တွေကို ရိုက်ကူးရာမှာ ထူးချွန်တယ်လို့ ကျော်ကြားသူ ဖြစ်ပါတယ်။


ဓာတ်ပုံ- ဖြိုးငွေစိုး Facebook Page

# "ကျွန်တော်ပြောချင်တာက ဘယ်အချိန် ထလုပ် ထလုပ်ရတယ်ဆိုတဲ့အထဲမှာ လူရွှင်တော်အလုပ် မပါဘူးလေ"

## ဖြိုးငွေစိုးနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**သရုပ်ဆောင် ဖြိုးငွေစိုးနဲ့ တွေ့ဆုံပြီး စက်တင်ဘာလ ၉ ရက်နေ့က ရန်ကုန်မြို့ အမျိုးသား ဇာတ်ရုံမှာ တင်ဆက်ခဲ့တဲ့ ခေတ်သစ်ကေရီ အနုပညာကပွဲမှာ လူရွှင်တော်အဖြစ် ကပြတင်ဆက်ခဲ့တဲ့ လူငယ်အမျိုးသမီး သရုပ်ဆောင်တွေကို သူ့ရဲ့ Facebook Page ကတစ်ဆင့် အကြံပြုစကား ဆိုဖြစ်တဲ့ အကြောင်းရင်း၊ အငြိမ့်သဘင်နဲ့ ပတ်သက်ပြီး စွဲလမ်းမြတ်နိုးတန်ဖိုးထားခဲ့ရတဲ့အကြောင်းတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: ခေတ်သစ်ကေရီ အနုပညာကပွဲမှာ လူရွှင်တော်အဖြစ် ကပြခဲ့တဲ့ လူငယ်အမျိုးသမီး သရုပ်ဆောင်တွေနဲ့ ပတ်သက်ပြီး ကိုဖြိုးရဲ့ Facebook Page မှာ အကြံပြုစကားလေးတွေ ရေးဖြစ်တာ တွေ့ပါတယ်။ ဘယ်လိုစိတ်ကူးနဲ့ ရေးဖြစ်ခဲ့တာလဲ။**

**PNS:** ကျွန်တော်ရေးတဲ့စာက သူတို့တွေကို ရည်ရွယ်တာမဟုတ်ပါဘူး။ သူတို့တွေလည်း မသိလို့ လုပ်ကြတာပဲလေ။ ကျွန်တော်က အငြိမ့်ကို ကြိုက်တယ်။ ကျွန်တော်တို့ဆီမှာ ကိုယ်တိုင်ဖန်တီးထားတဲ့ မူပိုင်ပစ္စည်းစစ်စစ်ဆိုလို့ အငြိမ့်လောက်ပဲ ကျန်တော့တာလေ။ ဇာတ်သဘင်ဆိုရင်တောင် စတိတ်ရှိုးတွေ ဘာတွေပါနေသေးတာလေ။ အငြိမ့်ကိုတော့ သွားမလုပ်စေချင်ဘူး။ နောက်တစ်ခုက မင်းသားတွေ လူရွှင်တော်လုပ်တာကိုကျတော့ ထောက်ခံတယ်၊ ကောင်းတယ်လို့ ကျွန်တော်မပြောပေမယ့် ယောကျ်ားလေးတွေဖြစ်တဲ့အတွက်ကြောင့် အမြင်တင့်သေးတယ် ။ မိန်းကလေးတွေ တောင်ရှည်ဝတ်ပြီး၊ ပတ်ပေါင်းပေါင်းတာကျတော့ မကောင်းဘူး။ တောင်ရှည်နဲ့ ပတ်ပေါင်းဆိုတာက အမျိုးသားတွေ ဝတ်ရမယ့် ဝတ်စုံဆိုပြီး ပြောထားတာကိုး။ မင်းသမီးတွေက အငြိမ့်မင်းသမီးအနေနဲ့ ကရင် လက်ခံတယ်။ တကယ်သင်ပြီးတော့ ကပေါ့နော်။ လူရွှင်တော် လုပ်တာကျတော့ ဒီပညာသည်တွေကို ဂရုမစိုက်သလို၊ စော်ကားသလို ဖြစ်သွားမှာလည်း စိုးလို့ပါ။

**Voice: အဲ့ဒီပွဲညက ဖျော်ဖြေတင်ဆက်မှုတွေကိုရော ကိုဖြိုး ကြည့်ဖြစ်ခဲ့သေးလား။ ဘယ်လိုမြင်မိလဲ။**

**PNS:** သူတို့ ကတာလေးတွေကိုလည်း ကျွန်တော် ကြည့်လိုက်ပါတယ်။ သူတို့ ခွန်းထောက်ဆိုတာတို့ ဘာတို့က အစ အဆင်မပြေဘူးဖြစ်နေတယ်။ ဒါကကျတော့ သမားစဉ်လည်း ရှိတယ်ဗျာ။ ဘုရင်လက်ထက်ကတည်းက ရှိခဲ့တဲ့အစဉ်အလာတစ်ခုကို ကျွန်တော်တို့က သွားနောက်သလို ဖြစ်မှာလည်း စိုးတယ်။ နောင်ကို ဒီလိုမျိုး မလုပ်စေချင်တာကြောင့် သူတို့ကို ပြောပြပေးတာပါ။ ဒီလိုပြောလို့ ကျွန်တော်နာမည်ကြီးချင်တာလည်း မဟုတ်ဘူး။ ဒီကလေးတွေနဲ့ ကျွန်တော်နဲ့ကြားမှာ ရန်ငြိုးရန်စမရှိဘူး။ သူတို့ကို ဒီတိုင်းဖုန်းဆက်ပြီး ပြောရင်လည်းရတယ်။ ကျွန်တော် ရည်ရွယ်တာက သူတို့ကို နောက်မလုပ်စေချင်တာတစ်ခုရယ်၊ စီစဉ်တဲ့သူတွေကိုလည်း တောင်းပန်ချင်တာပါ။ ဥပမာ - သူတို့လုပ်ချင်တယ်ဆိုလည်း ဟာသပြဇာတ်ကတာတို့ လုပ်လိုက်ပေါ့နော်။ အငြိမ့်ပုံစံကတော့ ကြည့်တဲ့လူတွေကိုလည်း နောက်သလိုဖြစ်နေတယ်။ ဥပမာ - ကျွန်တော်နယ်မှာ သီချင်း လိုက်ဆိုရင် ပိုက်ဆံအများကြီးရတာပေါ့ဗျာ။ ဒါပေမဲ့ သီချင်းမဆိုတတ်တဲ့အတွက် လိုက်မဆိုဘူး။ စင်ပေါ်မှာ စီဒီဖွင့်ပြီးတော့ ပါးစပ်လိုက်လှုပ်ပြရင် ပရိသတ်ကိုလိမ်သလိုဖြစ်နေမယ်။ အဲ့ဒီသဘောထားပါပဲ။ ကျွန်တော် သူတို့ကိုပြောချင်တာပါ။

**Voice: ကိုယ်တိုင်ကရော မြန်မာ့အငြိမ့်သဘင်ကို ဘယ်လောက်အထိ တန်ဖိုးထားလေးစား မြတ်နိုးခဲ့ဖူးလဲ။**

**PNS:** ကျွန်တော်က အငြိမ့်ကို ကြိုက်တယ်။ မြတ်နိုးတယ်။ တန်ဖိုးထားတယ်။ အဲ့ဒါကြောင့်မို့ အငြိမ့်နဲ့ ပတ်သက်လာရင် လုပ်ကို မလုပ်ဘူး။ ဒါရိုက်တာတစ်ယောက် ပြောတဲ့စကားကို ကျွန်တော် ဖတ်ဖူးတယ်။ သူငယ်ငယ်တုန်းက ရုပ်ရှင်အရမ်းကြည့်တယ်တဲ့။ ရုပ်ရှင်နဲ့ပတ်သက်တာတွေမှန်သမျှ လေ့လာတယ်။ ဒါပေမဲ့ ဒါရိုက်တာလုပ်ဖို့ လုံးဝမစဉ်းစားဘူးတဲ့။ ရုပ်ရှင်ရိုက်တဲ့ပညာကို မြတ်နိုးလွန်းအားကြီးလို့လို့ သူပြောတယ်။ ကျွန်တော်လည်း အဲ့ဒီသဘောပါပဲ။ ကျွန်တော် လူရွှင်တော်လုပ်ဖို့ မစဉ်းစားရဲပါဘူး။ ဘဝမှာ မှတ်မှတ်ရရ လူရွှင်တော်တစ်ခါလုပ်ဖူးတယ်။ အဲ့ဒါ ဘာလို့လုပ်လဲဆိုတော့ လူရွှင်တော်အဝတ်အစားနဲ့ စင်ပေါ် တစ်ခါတက်ဖူးချင်လို့ပါ။ ဒါပေမဲ့ ကျွန်တော်က ဟန်လည်းမကောင်းပါဘူး။ လူရွှင်တော်တစ်ယောက်လိုလည်း မလုပ်တတ်ပါဘူး။ လူရွှင်တော်အဝတ်အစားကို ဘဝမှာ တစ်ခါတော့ ဝတ်ဖူးချင်တဲ့အတွက် လုပ်ကြည့်တာပါ။ အဲ့ဒီနောက်ပိုင်းမှာ လူရွှင်တော်တစ်ခါမှ မလုပ်ဘူး။ လူရွှင်တော်ပညာက သင်လို့ရတဲ့ကိစ္စလည်းမဟုတ်ဘူး။ ကျောင်းလည်းတက်လို့ မရဘူး။ လူရွှင်တော်ကြီးတွေရဲ့ ခြေကြားလက်ကြားမှာ အောက်ခြေသိမ်းလုပ်ပေး၊ အနီးကပ်နေပြီး သင်ယူမှ တတ်တဲ့ပညာပါ။ အရင်တုန်းကဆိုရင် မန္တလေးကို တစ်နှစ်တစ်ခါသွားပြီး လူရွှင်တော်ကြီးတွေကို သွားကန်တော့တယ်။ ဒီနေ့အထိ ကျွန်တော် မန္တလေးရောက်သွားရင် လူရွှင်တော်ဦးချစ်စရာတို့၊ ဦးထင်ပေါ်တို့ကအစ ကျွန်တော့်ကို ချစ်ကြတယ်။ အဲ့ဒါက ကျွန်တော် မင်းသားဖြစ်နေလို့မဟုတ်ဘူး။ သူတို့ပညာကို ကျွန်တော်လေးစားတယ်ဆိုတာကို ယုံကြည်ကြလို့ပါ။

**Voice: လူရွှင်တော်ကြီးတွေရဲ့အကြောင်းနဲ့ သူတို့ရဲ့ ပညာတွေကို စနစ်တကျ လေ့လာပြီးတော့မှ အငြိမ့်ကရင်တော့ ပိုကောင်းမှာပေါ့နော်။**

**PNS:** ကျွန်တော့်ညီမအရွယ် မင်းသမီးတွေကို ဖြစ်စေချင်တာက လူရွှင်တော်ကြီးတွေကို အရင်လေးစားလိုက်ဦး၊ လေ့လာလိုက်ဦး၊ ဒီသမိုင်းကြောင်းလေးကို အရင်သိအောင် လုပ်လိုက်ပါဦး။ ပြီးတော့မှ ဒါနဲ့ပတ်သက်တာတွေကို ခံစားပြီးလုပ်ပေါ့။ ကျွန်တော်ပြောချင်တာက ဘယ်အချိန်ထလုပ်ထလုပ်ရတယ်ဆိုတဲ့အထဲမှာ လူရွှင်တော်အလုပ် မပါဘူးလေ။ ဟာသဆိုတဲ့ကိစ္စက နားထောင်ရတာ လွယ်တယ်။ ရယ်ရတာလည်း လွယ်တယ်။ ဒါပေမဲ့ အဲ့ဒါကို ဖန်တီးရတာခက်တယ်။ သူတို့ဒီလိုမျိုး လွယ်လွယ်ကူကူ ပေါပေါပဲပဲ လုပ်လိုက်ရင် နောက်ပိုင်းမှာ ဟာသဆိုတာက ပေါတောတော ဖြစ်သွားလိမ့်မယ်။ ဟာသထဲမှာမှ လူရွှင်တော်ပညာဆိုတာက ပိုဆိုးတယ်။ သူ့မှာ သမားစဉ်နဲ့ သတ် မှတ်ချက်တွေအများကြီးရှိတယ်။ သူတို့ကို အဲ့ဒါလေးတွေ အရင်လေ့လာစေချင်တယ်။ သူတို့လည်း ဒါတွေကို တကယ်သာ လေ့လာဖြစ်ခဲ့ရင် သူတို့ဒါမျိုး မလုပ်ပါဘူး။ ကျွန်တော် သိပါတယ်။

**Voice: ခေတ်သစ်ကေရီပွဲလိုပဲ ရှေ့မှာလည်း အမျိုးသမီးရေးရာပွဲတုန်းက မင်းသမီးတွေ လူရွှင်တော်လုပ်တယ်။ အဲ့ဒီမှာ မိန်းကလေးတွေအနေနဲ့ကြည့်ရင် သူတို့ပြောရတဲ့ ပြက်လုံးတွေက နည်းနည်းကြမ်းတာတွေ ပါနေတယ်နော်။**

**PNS:** ရှေ့မှာ မင်းသမီးတွေကတဲ့ ပွဲတုန်းကလည်း ကျွန်တော်ကြည့်လိုက်ပါတယ်။ အဲ့ဒီတုန်းက မပြောဖြစ်ပေမယ့် စိတ်ထဲမှာတော့ မကောင်းဘူး။ မပြောဘူးဆိုတာက အဲ့ဒီတုန်းက လုပ်တဲ့လူတွေက ကျွန်တော့်ထက် စီနီယာကျတဲ့ သူတွေချည်းပဲ။ ကျွန်တော့်ထက် ပိုသိတဲ့လူတွေလေ။ အခုကလေးတွေကျတော့ မသိတာ တကယ်ဖြစ်နိုင်တယ်လေ။ အဲ့ဒါကြောင့်မို့ ကျွန်တော်ပြောတာပါ။ ရှေ့ကလုပ်သွားတဲ့ မင်းသမီးတွေကိုကျတော့ ကျွန်တော်ပြောရလောက်တဲ့ လူတွေမဟုတ်ဘူး ကျွန်တော့်အဆင့်က သူတို့ကိုသွားပြောရမယ့် အနေအထားမရှိပါဘူး။ ဒီကလေးတွေကျတော့ ကိုယ့်ထက် အငယ်တွေလည်း ဖြစ်တယ်။ ကိုယ့်ညီမတွေလိုလည်း ဖြစ်နေတယ်။ ဒီလိုပြောလိုက်လို့ ကျွန်တော့်ကို မုန်းမယ်ဆိုတာလည်း သိတယ်။ မုန်းလည်း လေးငါးယောက်ပေါ့လေ။ ဒီလိုပုံစံမျိုးကို နောက်ပိုင်းမှာ ခဏခဏ လုပ်နေမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ရိုးရာအနုပညာတစ်ခု ပျောက်သွားမှာစိုးလို့ပါ။ အဲ့ဒါကြောင့် အမုန်းခံပြီး ပြောခဲ့တာပါ။ ပြက်လုံးလေးတွေကလည်း သူတို့ကို သင်ပေးတာကို ရုပ်ရှင်ရိုက်သလိုပဲ အလွတ်ကျက်ပြီး ပြောသွားတဲ့ သဘောပဲ ရှိတာပါ။ သူတို့ တကယ်ပြက်လုံးပြက်သွားတယ်လို့ ကျွန်တော်မမြင်ဘူး။ ပြက်လုံးဆိုတာက အအုပ်နဲ့ အခံနဲ့ အများကြီးရှိတယ်လေ။ အဲ့ဒီလိုသဘောတရားနဲ့ ပြက်လုံးပြက်သွားတာလည်း မဟုတ်ဘူး။ ကျက်ထားတဲ့ စကားကို စင်ပေါ်မှာ တက်ပြီးတော့ လူရွှင်တော်အဝတ်အစားဝတ်ပြီး ပြောသွားတာပဲရှိတယ်။ အဲ့ဒါကြောင့် ရိုင်းတယ်လို့လည်း မမြင်ဘူး။ အဲ့ဒီလောက်အထိလည်း လိုက်မစဉ်းစားတော့ဘူး။ ကျွန်တော့်ထက် နားလည်တဲ့သူတွေ အများကြီးရှိပါတယ်။ သူတို့တွေကျတော့ မပြောချင်လို့ ကြည့်နေတာပဲရှိတယ်။ ကျွန်တော်တောင် ရေးပြီးတော့မှ စဉ်းစားမိသေးတယ်။ ကိုယ့်ထက် နားလည်တဲ့သူတွေရှိရဲ့သားနဲ့ ခွင်ကျော်ပြီး ပြောမိသလိုများ ဖြစ်နေလားလို့ တွေးမိသေးတယ်။ ဒါပေမဲ့ မပြောမဖြစ်လို့ ပြောရတာပါ။


ဓာတ်ပုံ- သန့်ဇင်ဦး

စက်တင်ဘာလ ၁၁ ရက်နေ့က ရန်ကုန်မြို့ လှည်းတန်းစင်တာတွင် ပြုလုပ်ခဲ့သည့် ဆံပင်ဒီဇိုင်းပညာရှင် OMEGA MEE MEE ၏ Hair Show

# နျူကလီးယားစမ်းသပ်မှုကြောင့် တောင်ကိုရီးယားက မြောက်ကိုရီးယားကို ပြာပုံဖြစ်အောင် ဖျက်ဆီးမည်ဟုဆို

**ပဲရစ်၊ စက်တင်ဘာ ၁၂**

နျူကလီးယားတိုက်ခိုက်မှု ပြုလုပ်မည့် မည်သည့်လက္ခဏာကိုမဆို ပြသနေပါက ပြုံယမ်းကို ပျက်သုဉ်းအောင် ပြုလုပ်မည့်အစီအစဉ် တောင်ကိုရီးယားတွင် ရှိသည်ဟု ဆိုးလ်မှလာသော သတင်းများအရ သိရှိရကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ပြုံယမ်း၏နေရာတိုင်းကို ပဲ့ထိန်းဒုံးကျည်များ၊ ပြင်းအားကြီးအမြောက်ဆန်များဖြင့် လုံးဝဥဿုံ ဖျက်ဆီးပစ်မည်ဟု တောင်ကိုရီးယားစစ်ဘက်က yonhap သတင်းဌာနကို ပြောကြားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားသည် ငါးကြိမ်မြောက်နှင့် အကြီးမားဆုံး နျူကလီးယားစမ်းသပ်မှုကို သောကြာနေ့က ပြုလုပ်ခဲ့သည်။

ထို့ကြောင့် ကုလလုံခြုံရေးကောင်စီ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့၏ အရေးယူမှုများအပြင် ကိုယ်ပိုင်ပိတ်ဆို့မှု အစီအစဉ်များ ချမှတ်ရန် စဉ်းစားနေသည်ဟု အမေရိကန်ကပြောကြားသည်။

၎င်းအရေးယူမှုများသည် အဓိပ္ပာယ်မရှိကြောင်းနှင့် ရယ်စရာကောင်းကြောင်း ပြုံယမ်းက တနင်္ဂနွေနေ့က လှောင်ပြောင်ခဲ့သည်။

တောင်ကိုရီးယားစစ်ဘက်က ပြုံယမ်းတွင် မြောက်ကိုရီးယားခေါင်းဆောင်ပိုင်းပုန်းအောင်းနေသော နေရာမှန်သမျှကို တိုက်ခိုက်မှုတိုင်းတွင် ပစ်မှတ်ထားမည်ဖြစ်ပြီး ပြာပုံဖြစ်ကာ မြေပုံပေါ်မှ ပျောက်သွားအောင်ပြုလုပ်မည်ဟုတောင်ကိုရီးယားစစ်ဘက်က တရားဝင် ထုတ်ပြန်ပြောကြားသည်။

တောင်ကိုရီးယားသည် မြောက်ကိုရီးယားတို့ သုံးစွဲလေ့ရှိသော ခြောက်လုံးလှန့်လုံးများကို တုံ့ပြန်အသုံးပြုခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား အစိုးရသည် ပြုံယမ်းကို ခွဲခြားပစ်ပယ်ထားရန် ကြိုးစားခဲ့သော်လည်း နျူကလီးယားစမ်းသပ်မှုများကို ဟန့်တားနိုင်ခြင်း မရှိသဖြင့် ပြည်တွင်းတွင် ဝေဖန်မှုနှင့် ရင်ဆိုင်နေရသည်ဟု သိရှိရသည်။



**တောင်နှင့်မြောက် ကိုရီးယားအကြား ဆက်ဆံရေး အလွန်အမင်း တင်းမာလျက်ရှိသည်**

ဒုံးကျည်နှင့်နျူကလီးယားစမ်းသပ်မှုများ မပြုလုပ်ရန် ကုလသမဂ္ဂ၏ တားမြစ်ခြင်းခံထားရသော်လည်း အာခံကာ နျူကလီးယားစမ်းသပ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သော မြောက်ကိုရီးယားက သောကြာနေ့က နောက်ဆုံးစမ်းသပ်ခဲ့သော နျူထိပ်ဖူးသည် မဟာဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များတွင် တပ်ဆင်နိုင်သည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

ပြုံယမ်း၏ နောက်ဆုံးနျူစမ်းသပ်မှုအပေါ် ခန့်မှန်းမှုများသည် အမျိုးမျိုးကွဲပြားလျက်ရှိသည်။

၎င်းစမ်းသပ်မှု၏ ပေါက်ကွဲအားသည် ကီလိုတန် ၂၀ ရှိသည်ဟု ကျွမ်းကျင်သူများက အစပိုင်းများတွင်ပြောကြားခဲ့သည်။

တောင်ကိုရီးယားစစ်ဘက်ကမူ ပြုံယမ်းစမ်းသပ်ခဲ့သမျှအနက် အပြင်းထန်ဆုံးဖြစ်ပြီး ပေါက်ကွဲအား ၁၀ ကီလိုတန်ခန့်ရှိသည်ဟု သုံးသပ်ပြောကြားသည်။

၁၉၄၅ ခုနှစ်က ဟီရိုရှီးမားတွင် ကြဲချခဲ့သော ဗုံးမှာ ပေါက်ကွဲအား ၁၅ ကီလိုတန်ရှိသည်ဟု ဆိုသည်။ ■

# CARTOON




**စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ၁၅ နှစ်ပြည့်ခဲ့လေပြီ..။**

# ဟီလာရီကလင်တန် အဆုတ်ရောင်ရောဂါ ကုသမှုခံယူ

**နယူးယောက်၊ စက်တင်ဘာ ၁၂**

ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်သည် ၉/၁၁ အောက်မေ့ဖွယ် အခမ်းအနားတွင် ဖျားနာခဲ့ပြီးနောက် အဆုတ်ရောင် နမိုးနီးယားရောဂါ ကုသမှုခံယူနေသည်ဟု သူမ၏ ဆရာဝန်များက ပြောကြားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ဟီလာရီသည် နယူးယောက်အခမ်းအနားတွင် ရေဓာတ်ခန်းခြောက်ခဲ့ပြီးနောက် နမိုးနီးယားရောဂါကုသမှုခံယူနေပြီး ပဋိဇီဝဆေးများ ပေးထားသည်ဟု ဒေါက်တာလီဆာဘားဒက်က ဆိုသည်။

သမ္မတလောင်း ကလင်တန်သည် ရေဓာတ်ခန်းခြောက်မှု ခံစားနေရသော်လည်း နေကောင်းကာ နာလန်ထလာပြီဟု ဆရာဝန်များက ပြောကြားသည်။

သို့သော် ဖျားနာမှုကြောင့် ကယ်လီဖိုးနီးယားတွင် နှစ်ရက်ကြာ မဲဆွယ်မည့် ခရီးစဉ်ကို ဖျက်သိမ်းလိုက်သည်ဟု တာဝန်ရှိသူများက ဆိုသည်။

ဟီလာရီ၏ပြိုင်ဘက် ရီပတ်ဘလစ်ကန်များက သူမ၏ ကိုယ်ကာယကြံ့ခိုင်မှုကို ဝေဖန်မှုပြုလုပ်လျက်ရှိသည်။

ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရမ့်က ဟီလာရီသည် သမ္မတအဖြစ် တာဝန်ယူရန်နှင့် IS စစ်သွေးကြွများကို တိုက်ခိုက်ရန် ကြံ့ခိုင်မှုပြည့်ဝခြင်း မရှိဟု ယခင်လက ၎င်း၏ထောက်ခံသူများကို ပြောကြားခဲ့သည်။

ဒေါက်တာလီဆာဘားဒက်ကမူ ဟီလာရီသည် အမေရိကန်သမ္မတအဖြစ် တာဝန်ယူရန် ကြံ့ခိုင်မှုပြည့်ဝပြီး ကျန်းမာရေးအခြေအနေ အကောင်းဆုံးဖြစ်နေသည်ဟု ယခင်လက ပြောကြားထားသည်။

ရီပတ်ဘလစ်ကန်ပြိုင်ဘက်များသည် ဟီလာရီကလင်တန်၏ ကျန်းမာရေးကို အပုပ်ချရန် ကြံစည်နေကြသည်ဟု ကလင်တန်၏ အဖွဲ့က စွပ်စွဲပြောဆိုထားသည်။

တနင်္ဂနွေနေ့က နယူးယောက်ရှိ သမီး၏အိမ်တွင် ရောက်ရှိနေသော ဟီလာရီက သူမနေကောင်းနေပြီဖြစ်ကြောင်းနှင့် နယူးယောက်၏ လှပသောနေ့ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် နယူးယောက် ချက်ပါကွာအရပ်ရှိ သူမ၏ နေအိမ်သို့ ပြန်သွားခဲ့ပြီး၊ ထို့နောက်တွင် ဒေါက်တာဘားဒက်က နောက်ဆုံးကျန်းမာရေးအခြေအနေကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဟီလာရီသည် ၉/၁၁ အောက်မေ့ဖွယ် အခမ်းအနားတွင် အပူဒဏ်လွန်ကဲမှုကို ခံစားခဲ့ရခြင်းဖြစ်သည်ဟု သူမ၏ အဖွဲ့က တနင်္ဂနွေနေ့ အစောပိုင်းတွင် ရှင်းလင်းပြောကြားခဲ့သည်။

ဟီလာရီကလင်တန်သည် ထရမ့်၏ ထောက်ခံသူထက်ဝက်ခန့်မှာ လက်သင့်ခံနိုင်ဖွယ်မရှိဟု ပြောကြားခဲ့ခြင်းကြောင့် ပြစ်တင်ဝေဖန်မှုများကို ရင်ဆိုင်ခဲ့ရပြီးနောက် စနေနေ့က ပြန်လည်တောင်းပန်မှုများ ပြုလုပ်ခဲ့ရသည်။

တနင်္ဂနွေနေ့က ကျန်းမာရေးချို့ယွင်းမှုကိစ္စသည် မဲဆွယ်မည့်ခရီးစဉ် ရက်အနည်းငယ် နှောင့်နှေးပြီးနောက်တွင် မေ့မှိန်သွားမည်ဖြစ်သည်။

သို့ရာတွင် သူမ၏ ကျန်းမာရေးကောလာဟလများကို ပြောဆိုခဲ့သူများက သူမအား ပိုမိုတက်ကြွစွာ အနီးကပ်စောင့်ကြည့်လာကြမည်ဖြစ်သည်။

အမှန်တကယ်တွင် ဒေါ်နယ်ထရမ့် (၇၀ နှစ်)၏ ကျန်းမာရေး အခြေအနေနှင့် ပတ်သက်၍မူ ၎င်း၏ဆရာဝန်က အစီအစဉ်တကျမဟုတ်ဘဲ ထုတ်နုတ်ရေးသားထားသော မှတ်စုအကျဉ်းမျှသာ သိရှိကြရသည်။

ယခုအချိန်သည် စက်တင်ဘာ ၂၆ ရက်တွင် မစ္စကလင်တန်နှင့် ဒေါ်နယ်ထရမ့်တို့အကြား ပထမဆုံး ရွေးကောက်ပွဲစကားစစ်ထိုးပွဲ ကျင်းပရန် သီတင်းနှစ်ပတ်မျှသာ လိုတော့သောကြောင့် အမေရိကန်ပြည်ထောင်စုတစ်လွှားတွင် စိတ်လှုပ်ရှားတက်ကြွမှုများ မြင့်တက်လျက်ရှိသည်။ ■

# ဆီးရီးယားရှိ IS အဖွဲ့ကို နှိမ်နင်းရေးမှာ တူရကီ၏တာဝန်ဖြစ်သည်ဟု သမ္မတအာဒိုဂန်ပြောကြား


တူရကီသမ္မတ အာဒိုဂန်
BBC

**အန်ကာရာ၊ စက်တင်ဘာ ၁၁**

အိမ်နီးချင်းဆီးရီးယားမှ IS အမည်ခံ အဖွဲ့ကို နှိမ်နင်းရေးမှာ တူရကီအပေါ် နှောင်ဖွဲ့ထားသော တာဝန်တစ်ရပ်ဖြစ်သည်ဟု တူရကီသမ္မတ ရီဆက်တာယစ်အာဒိုဂန်က ပြောကြားခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

IS အကြမ်းဖက်သမားများ တူရကီနိုင်ငံတွင်းသို့ဝင်ရောက်ပြီး အကြမ်းမဖက်နိုင်ရေးသေချာစေရန်အတွက် လုပ်ဆောင်ရသည့် တာဝန်ဝတ္တရားတစ်ရပ်ဖြစ်သည်ဟု အာဒိုဂန်က ဆိုသည်။

စက်တင်ဘာလ ၁၀ ရက်နေ့က တူရကီစစ်လေယာဉ်များ ဆီးရီးယားတွင် လေကြောင်းထိုးစစ်ဆင်ခဲ့ရာ IS တိုက်ခိုက်ရေးသမား ၂၀ ဦး သေဆုံးခဲ့ကြောင်း တူရကီစစ်ဘက်က ထုတ်ပြန်သည်။

ဆီးရီးယားပြည်တွင်းစစ် ၁၀ ရက်ကြာ အပစ်အခတ်ရပ်စဲမှုမှာ စက်တင်ဘာလ ၁၂ ရက်နေ့တွင် စတင်မည်ဖြစ်ပြီး ဂျီဟတ်ဝါဒီစစ်သွေးကြွများမှာ အကျုံးမဝင်ဘဲ ၎င်းတို့ကို ပူးတွဲနှိမ်နင်းသွားမည်ဖြစ်သည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်၏မဟာမိတ်ဖြစ်သော ရုရှားနှင့် သူပုန်အဖွဲ့အချို့ကို ထောက်ပံ့ပေးနေသော အမေရိကန်တို့၏ကြားဝင်မှုဖြင့် အပစ်ရပ်ရန် သဘောတူနိုင်ခဲ့ခြင်းဖြစ်သည်။

တူရကီသမ္မတ အာဒိုဂန်ကမူ ဆီးရီးယားရှိ ယူဖရေးတီးစ်ဒိုင်းအမည်ရ တူရကီစစ်ဆင်ရေးမှာ ယခုမှ ပထမခြေလှမ်းသာ ရှိသေးသည်ဟု ပြောကြားခဲ့သည်။

"ဆီးရီးယားက ဒါအက်ရှ် (IS ကို နှိမ်ချခေါ်ဝေါ်သော အတိုကောက်စကားလုံး) ကို အဆုံးသတ်ပြီး သူတို့တစ်တွေ ကျုပ်တို့တိုင်းပြည်ကို လာမတိုက်နိုင်တဲ့ အခြေအနေအထိ ရောက်အောင်လုပ်ပေးဖို့က ကျုပ်တို့ပြည်သူတွေအတွက် ကျုပ်တို့(အစိုးရ)မှာ တာဝန်ရှိတယ်"ဟု အာဒိုဂန်၏ကြေညာချက်တွင် ပါရှိသည်။

အဆိုပါကြေညာချက်တွင်ပင် တူရကီအစိုးရသည် မတရားသင်းအဖြစ်သတ်မှတ်ထားသော ကာ့ဒ်အလုပ်သမားပါတီ(PKK) နှင့် အမေရိကန်အခြေစိုက် မွတ်ဆလင်ဘာသာရေးခေါင်းဆောင် ဖက်သူလာဂူလမ်၏အုပ်စုများကိုပါ နှိမ်နင်းသွားမည်ဟု ဖော်ပြထားသည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်းက မအောင်မြင်သော အာဏာသိမ်းမှုနောက်ကွယ်တွင် ဂူလန် ကြိုးကိုင်ခဲ့ခြင်းဖြစ်သည်ဟု အာဒိုဂန်က စွပ်စွဲထားသည်။

အပစ်အခတ်ရပ်စဲရေးမှာ စက်တင်ဘာလ ၁၂ ရက်နေ့ နေဝင်ချိန်မှ စတင်မည်ဖြစ်ရာ အပစ်မရပ်မီ အစိုးရတပ်များက သူပုန်များထိန်းချုပ်ထားသည့် ဧရိယာများကို လေကြောင်းမှ အကြီးအကျယ်တိုက်ခိုက်ခဲ့ရာ လူ ၁၀၀ ကျော် သေဆုံးခဲ့ရသည်။

ရုရှားစစ်လေယာဉ်များလည်း ပါဝင်တိုက်ခိုက်ခဲ့သည်ဟု ဆီးရီးယားအခွင့်အရေးလှုပ်ရှားသူများက ထုတ်ပြန်သည်။ ■

---

**ကျော်ဖုံး - ၉/၁၁ အောက်မေ့ဖွယ် အခမ်းအနားများ နယူးယောက်၊ ဝါရှင်တန်နှင့် ပင်ဆယ်လ်ဗေးနီးယားတွင် ကျင်းပ မှအဆက်**

လူအများအပြားက ကျွန်တော်တို့ ကူညီခဲ့ကြသလို အခြားသူတွေကို ကူညီပေးဖို့ဆိုတဲ့ လမ်းကြောင်းပေါ့"ဟု ဒီအမာဒီယိုက ဆိုသည်။

ဒီအမာဒီယိုက အနမ်းတစ်ချက်ကို လေထဲလွှင့်လိုက်ပြီး ကောင်းကင်ကို မျှော်ကြည့်ရင်း "အဖေ့ကိုချစ်တယ်"ဟု ပြောလိုက်သည်။

ထိုနေ့ တိုက်ခိုက်မှုများတွင် သေဆုံးခဲ့သော အမျိုးသား၊ အမျိုးသမီး ၂၉၇၇ ဦးကို အောက်မေ့သောအားဖြင့် ယခုတစ်ပတ်အကုန်တွင် နိုင်ငံတစ်လွှား စီတန်းလှည့်လည်ပွဲများ၊ အောက်မေ့ဖွယ်အခမ်းအနားများ ကျင်းပခဲ့သည်။ လေယာဉ်ပျံများ ပျက်ကျခဲ့သည့်နေရာများတွင်မူ အထူးအစီအစဉ်များ ပြုလုပ်ခဲ့သည်။

အောက်မင်ဟက်တန်တွင် တိတ်ဆိတ်ငြိမ်သက်ပေးပါရန် ခေါင်းလောင်းသံခြောက်ကြိမ်တီးခတ်ခဲ့သည်။

မြောက်ဘက်တာဝါသို့ အမေရိကန်အဲလိုင်းပျံသန်းမှုအမှတ်စဉ် ၁၁ က ဝင်တိုက်ခဲ့သည့် နံနက် ၈ နာရီ ၄၆ မိနစ်၊ တောင်ဘက်တာဝါသို့ယူနိုက်တက်အဲလိုင်း ပျံသန်းမှုအမှတ်စဉ် ၁၇၅ က ဝင်တိုက်ခဲ့သည့် နံနက် ၉ နာရီ ၃၇ မိနစ်၊ ပင်တဂွန်စစ်ဌာနချုပ်သို့ အမေရိကန်အဲလိုင်း ပျံသန်းမှုအမှတ်စဉ် ၇၇ က ဝင်တိုက်ခဲ့သည့် နံနက် ၉ နာရီ ၅၉ မိနစ်၊ တောင်ဘက်တာဝါ ပြိုကျသွားသည့် နံနက် ၁၀ နာရီ ၃ မိနစ်၊ ပင်ဆယ်လ်ဗေးနီးယားတွင် ယူနိုက်တက်အဲလိုင်း ပျံသန်းမှုအမှတ်စဉ် ၉ ၃ ပျက်ကျသွားသည့် နံနက် ၁၀ နာရီ ၃ မိနစ်၊ မြောက်ဘက်တာဝါ ပြိုယိုင်သွားသည့် နံနက် ၁၀ နာရီ ၂၈ မိနစ်တို့အတွက်ဖြစ်သည်။

နယူးယောက်တစ်လွှားမှ ဘာသာရေးအဆောက်အအုံများကလည်း ခေါင်းလောင်းများ တီးခတ်ပြီး ဆုတောင်းပေးကြသည်။

၂၀၀၁ ခုနှစ် တိုက်ခိုက်မှုမှာ သေဆုံးခဲ့ရသူများအတွက်သာမဟုတ်ဘဲ ၁၉၉၃ ခုနှစ်က ဝေါထရိတ်စင်တာကိုပင် ဗုံးခွဲတိုက်ခိုက်ခံရစဉ်က သေဆုံးရသူများအတွက်ပါ အောက်မေ့ဖွယ် အခမ်းအနားများ ပြုလုပ်ပေးခဲ့သည်။

သမ္မတလောင်းများဖြစ်ကြသည့် ဟီလာရီကလင်တန်နှင့် ဒေါ်နယ်ထရမ့်တို့လည်း Grond Zero ဟုခေါ်သော ကမ္ဘာ့ကုန်သွယ်ရေးစင်တာ ညီနောင် ပြိုကျရာ နေရာသို့လာရောက်ခဲ့သည်။

ကလင်တန်ကတော့ ကျန်းမာရေးအခြေအနေအရ ရုတ်တရက် စော၍ပြန်သွားခဲ့သည်။

ဝါရှင်တန်တွင်တော့ သမ္မတဘားရက်အိုဘားမား၊ ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် စစ်ဦးစီးချုပ်များပူးတွဲအဖွဲ့ ဥက္ကဋ္ဌ၊ မရိန်းတပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီး ဂျွန်ဒန်းဖို့ဒ်တို့က ပင်တဂွန်စစ်ဌာနချုပ်ကို ဝင်တိုက်သည့် လေယာဉ်ကြောင့် သေဆုံးခဲ့ရသူများအတွက် ပြုလုပ်သည့် အောက်မေ့ဖွယ်အခမ်းအနား တက်ရောက်ပြီး ကျန်ရစ်သူမိသားစုများ၊ မိတ်ဆွေများနှင့် တွေ့ဆုံခဲ့သည်။

## လှပတဲ့ အသက်ပေါင်း ၃၀၀၀

"၁၅ နှစ်ဆိုတာ အကြာကြီးဆိုပေမယ့် သူတို့နှလုံးသား တစ်စိတ်တစ်ဒေသ ဆုံးရှုံးလိုက်ရတဲ့ မိသားစုဝင်တွေအတွက်တော့ မနေ့တစ်နေ့ကလိုပဲ ဆိုတာ ကျွန်တော်ခံစားမိပါတယ်"ဟု အိုဘားမားက ပြောကြားခဲ့သည်။

"အိမ်ထောင်ဖက်ကို ပေးခဲ့တဲ့ နောက်ဆုံးအနမ်း၊ အဖေ၊ အမေ၊ အစ်ကို၊ အစ်မ တစ်ယောက်ကိုပြောခဲ့တဲ့ နောက်ဆုံးနှုတ်ဆက်စကားလို အမှတ်တရတွေပေါ့။ (မသေဆုံးခဲ့ကြရင်) သူတို့ရဲ့ဘဝတွေ ဘယ်လိုဆက်ဖြစ်မယ်၊ သူတို့အိပ်မက်တွေ ဘယ်လိုဆက် ပုံဖော်ကြလေမလဲဆိုတာ တွေးကြည့်မိတယ်။ သူတို့တွေမရှိတော့တဲ့ နာကျင်မှုကို ကျွန်တော်တို့ပြောတဲ့စကားတွေ၊ ကျွန်တော်တို့ လုပ်ပေးနိုင်တာတွေနဲ့ ချေဖျက်လို့မရဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားတို့တစ်တွေ၊ ၉ /၁၁ မှာရှင်ကျန်ရစ်သူတွေနဲ့ မိသားစုတွေရဲ့ ခိုင်မာတဲ့ ချစ်ခြင်းတရားတွေနဲ့ ယုံကြည်ချက်တွေက ကျွန်တော်နဲ့ ကျွန်တော်တို့တစ်နိုင်ငံလုံးအတွက် ခွန်အားဖြစ်စေခဲ့ပါတယ်"ဟု အိုဘားမားက ပြောကြားသည်။

ထိုနေ့တွင် ဆုံးရှုံးခဲ့ရသော "လှပတဲ့ အသက်ပေါင်း ၃၀၀၀" ကို မည်သည့်အခါမျှ မေ့လျော့သွားမည်မဟုတ်ဟုလည်း သမ္မတအိုဘားမားက ပြောကြားခဲ့သည်။

အမေရိကန်သားများသည် မည်သည့်အရာကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်သည်ဆိုခြင်းကို ရှင်ကျန်ရစ်သူများနှင့် သေဆုံးသူများ၏မိသားစုဝင်များက သက်သေပြနေသည်ဟုလည်း အိုဘားမားက ပြောကြားခဲ့သည်။


Reuters

အမေရိကန်အဲလိုင်း ပျံသန်းမှုအမှတ်စဉ် ၇၇ ကို ပြန်ပေးဆွဲပြီး ပင်တဂွန်ကို ဝင်တိုက်ခဲ့သောကြောင့် လူ ၁၈၄ ဦးသေဆုံးခဲ့သည်။

ပြန်ပေးဆွဲခံခဲ့ရသည့် လေယာဉ်များထဲတွင် တစ်စင်းမှာ အကြမ်းဖက်သမားတို့ ရည်ရွယ်ရာမရောက်ဘဲ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၊ ရှန့်ခ်ဗီးလ်တွင် ပျက်ကျသွားခဲ့သည်။

ယူနိုက်တက်အဲလိုင်း ပျံသန်းမှုအမှတ်စဉ် ၉၃ တွင် လိုက်ပါလာသော ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများသည် အကြမ်းဖက်သမားများကို ရင်ဆိုင်ခုခံခဲ့ခြင်းကြောင့် လေယာဉ်သည် ပစ်မှတ်ထားရာနေရာမရောက်ဘဲ ပျက်ကျခဲ့ရခြင်းဖြစ်သည်။

ထိုပျက်ကျသည့်နေရာတွင်လည်း အောက်မေ့ဖွယ် အခမ်းအနားတစ်ရပ် ကျင်းပခဲ့သည်။

စက်တင်ဘာ ၁၁ အထိမ်းအမှတ်အဖြစ် နယူးယောက် ပြည်နယ်အုပ်ချုပ်ရေးမှူး အင်ဒရူးကျူးယိုမိုသည် မော်တော်ဆိုင်ကယ်စီးနင်းသူ ၄၅၀ နှင့်အတူ နယူးယောက်မြို့ပတ် စီးနင်းခဲ့သည်။

အဆိုပါမြို့ပတ်ဆိုင်ကယ်စီးပွဲသည် အကြမ်းဖက်မှုဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားအပြီးတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ကနဦးဆောင်ရွက်ခဲ့ကြသူများ၏ ခွန်အား၊ သတ္တိနှင့် သူရဲကောင်းဆန်မှုတို့ကို ဂုဏ်ပြုခြင်းဖြစ်သည်။

NFL နှင့် Major League ဘေ့စ်ဘောပွဲများတွင် ၉/၁၁ အထိမ်းအမှတ် အခမ်းအနားများပြုလုပ်ခဲ့သည်။

သို့သော်လည်း နိုင်ငံတော်သီချင်း သီဆိုချိန်တွင် လူမျိုးရေးတရားမမျှတမှုကို လူမည်းအားကစားသမားအချို့က ကန့်ကွက်မှုများ ပြုလုပ်ခဲ့ကြသည်။

ပင်တဂွန်အခမ်းအနားတက်ရောက်ခဲ့သည့် အိုဘားမားကမူ အမေရိကသည် "ကမ္ဘာ့ထောင့်ပေါင်းစုံ၊ အရောင်စုံ၊ ဘာသာစုံ၊ နောက်ခံစုံမှ ဆွဲယူပေါင်းစည်းထားခြင်းဖြစ်ကြောင်း" မှတ်ချက်ပြုခဲ့သည်။

"ကျုပ်တို့ရဲ့ စုပေါင်းစပ်ပေါင်းအမွေအနှစ်ဟာ အားနည်းချက်မဟုတ်ပါဘူး။ အဲဒါဟာ ကျုပ်တို့ရဲ့အကြီးမားဆုံးခွန်အားဖြစ်နေဆဲ၊ ဖြစ်နေဦးမှာပါ"ဟု အိုဘားမားက ပြောကြားခဲ့သည်။ ■

# ပဲခူးတိုင်းဒေသကြီးရှိ စက်မှုဇုန် မြေနေရာများကို ပြန်လည် စိစစ်မည်

**တောင်ငူ၊ စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီးရှိ စက်မှုဇုန် မြေဧက ၁၀၀၀ နီးပါးချထားပေးမှုကို စာချုပ်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ပြန်လည်စစ်ဆေးအရေးယူ မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွှန့်ရွှေက ပြောကြားသည်။

"အစိုးရဟောင်းလက်ထက်မှာ စက်မှုဇုန်ဆိုပြီး ချပေးခဲ့တယ်၊ လုပ်ငန်းမလုပ်တဲ့ မြေတွေကို ပြန်လည် စစ်ဆေးပြီး စည်းကမ်းချက်နဲ့မညီရင် အရေးယူမှာပါ" ဟု ၎င်းက ပြောဆိုသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးဉာဏ်ဝင်း (လက်ရှိ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်) လက်ထက်တွင် တောင်ငူကေတုမတီ စက်မှုဇုန်၊ ပဲခူးစက်မှုဇုန်နှင့် ပြည်စက်မှုဇုန်များကို လုပ်ကိုင်ခွင့်များ ချထားပေးခဲ့သော်လည်း လက်ရှိအထိ အကောင်အထည်မဖော်သော မြေကွက်များစွာ ရှိနေကြောင်း ပြည်မြို့ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးညီညီအောင်က ပြောကြားသည်။

"ပြည်မှာ ဇုန်သစ်နဲ့ဇုန်ဟောင်း နှစ်မျိုးရှိတယ်၊ အဟောင်းကအကုန်လုပ်ကိုင်နေပေမယ့် အသစ်က စည်းကမ်းနဲ့ မညီတာတွေ အများကြီး၊ စာချုပ်ချုပ်ဆိုစဉ် စည်းကမ်းအတိုင်းဆို သိမ်းလို့ရပေမယ့် လက်ရှိ အစိုးရက စက်တင်ဘာလကနေ ခြောက်လတွင်းမှာ စာချုပ်ပါ စည်းကမ်းနဲ့ မညီရင် သိမ်းမယ်လို့ သတင်းတွေထွက်နေတယ်" ဟု ၎င်းက ရှင်းပြသည်။

ပဲခူးတိုင်းဒေသကြီး စက်မှုဇုန်သုံးခုတွင်လုပ်ငန်းများ လုပ်ကိုင်ခွင့်လျှောက်ထားပြီးသော်လည်း လုပ်ငန်းမစတင်သေးသည့် မြေကွက်ပေါင်းများစွာ ကျန်ရှိနေသောကြောင့် လုပ်ငန်းရှင်များကို အရေးယူရန် ပြင်ဆင်ဆောင်ရွက်နေပြီး ဥပဒေနှင့် ညီမညီကိုဥပဒေချုပ်ထံ တင်ပြထားကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးရှိ စက်မှုဇုန်များတွင် ပုဂ္ဂလိကလုပ်ငန်းရှင် ၉၀ နီးပါးက မြေနေရာများ လျှောက်ထားခဲ့ကြပြီး ကနဦးချုပ်ဆိုထားခဲ့သည့် စာချုပ်ပါ စည်းကမ်းချက်များအနက် ခြံစည်းရိုးခတ်ခြင်း၊ လျှပ်စစ် ပါဝါမီတာတပ်ဆင်ခြင်း၊ စက်မှုလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း၊ စည်ပင်သာယာရေးလုပ်ငန်း လိုင်စင်လျှောက်ထားခြင်းများကို ၆ လအတွင်း လုပ်ကိုင်ခွင့် ရယူထားခြင်းမရှိပါက လည်းကောင်း၊ ၂ နှစ်အတွင်း လုပ်ငန်းများစတင်လည်ပတ်နိုင်ခြင်းမရှိပါက သော်လည်းကောင်း ပြန်သိမ်းခံရမည်ဖြစ်ကြောင်း ပြည်စက်မှုဇုန်တွင် လုပ်ငန်းလုပ်ကိုင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။ ■



ဓာတ်ပုံ – ရန်နိုင်

ကျိုင်းတုံတွင် မူးခင်းအသိပညာပေးမည့် ရွှေ့လျားမော်တော်ယာဉ်ကို တွေ့ရစဉ်

# ကျိုင်းတုံတွင် ရွှေ့လျားမော်တော်ယာဉ်ဖြင့် အပတ်စဉ် မူးခင်းအသိပညာပေးမည်

**ကျိုင်းတုံ၊ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် မူးခင်းဖြစ်ပွားမှုလျော့နည်းစေရန် ဒေသခံများ၊ ကျောင်းသား၊ ကျောင်းသူများထံ ရွှေ့လျားမော်တော်ယာဉ်ဖြင့် စက်တင်ဘာ ၁၂မှ စတင်ကာ အပတ်စဉ် မူးခင်းအသိပညာပေးမည် ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်သိန်းက ပြောကြားသည်။

"ရွှေ့လျားမော်တော်ယာဉ်နဲ့ အခြေခံပညာကျောင်းတွေကိုသွားပြီး မူးခင်းကျဆင်းရေးနဲ့ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တွေကို သက်ဆိုင်ရာ အထူးအဖွဲ့တွေက အသိပညာပေး ဟောပြောပေးမှာပါ" ဟု ၎င်းက ပြောဆိုသည်။

ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူးခင်းဆိုင်ရာအသိပညာများကို မြို့ပေါ်နေဒေသခံများကို သာမက ကျေးလက်နေ ဒေသခံများထံ သွားရောက်ပြီး တိုင်းရင်းသား ဘာသာစကားမျိုးစုံ ပါဝင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေကာ အသိပညာပေးဟောပြောနေကြောင်း အမှတ် (၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး မီမီကိုကပြောကြားသည်။

ကျိုင်းတုံမြို့နယ်တွင် ရပ်ကွက်ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၀ကျော်၌ လူဦးရေ တစ်သိန်းကျော် နေထိုင်ပြီး လူတစ်ထောင်လျှင် ရဲတပ်ဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ထိန်းသိမ်းနေရကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■

# ဗန်းမော်တွင် ဆေးဝါးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များကို အချိန်အခက်အခဲကြောင့် ရှောင်တခင် မစစ်နိုင်သေးဟုဆို

**ဗန်းမော်၊ စက်တင်ဘာ ၁၂**

ကချင်ပြည်နယ်၊ဗန်းမော်ခရိုင်၊ဗန်းမော်မြို့တွင် ဆေးဝါးနှင့် ဆေးပစ္စည်းအရောင်းဆိုင်တို့မှ FDA (Food and Drug Administration) ခွင့်ပြုချက် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများကို ဖျက်ဆီးရန်နှင့် ဆေးဆိုင်များကို စစ်ဆေးခြင်းနှင့် ပတ်သက်၍ ပူးပေါင်းပါဝင်မည့် ဌာနဆိုင်ရာများ၏ အချိန်အခက်အခဲကြောင့် မစစ်ဆေးနိုင်သေးကြောင်း ဗန်းမော်ပြည်သူ့ဆေးရုံအုပ်ကြီးလည်းဖြစ်၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးမှူးလည်းဖြစ်သူ ဒေါက်တာသက်အောင်က ပြောကြားသည်။

"ဆေးဆိုင်တွေမှာ ရှောင်တခင် စစ်ဆေးမယ်ဆိုရင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တွေနဲ့ ချိတ်ဆက်ရပါတယ်၊ ဟိုဌာနက မအားဘူး ဒီဌာနက အစည်းအဝေးရှိတယ်ဆိုတာမျိုးပေါ့ အချိန်ကို ညှိနှိုင်းပြီး ပူးပေါင်းပြီး စစ်ဆေးရတာဆိုတော့ လုပ်ငန်းမှာ နှေးကွေးစေတယ်" ဟု ၎င်းက ရှင်းပြသည်။

မှတ်ပုံမတင်ဆေးဝါးများ၊ FDA ခွင့်ပြုချက်မဲ့ ဆေးဝါးများ ၊ ရက်လွန်ဆေးဝါးများနှင့် သုံးစွဲရန်မသင့်သော ဆေးဝါးများကို အချို့သောဆေးဆိုင်များက တာဝန်သိစွာ အပ်နှံခြင်းများရှိသကဲ့သို့ မအားလပ်သဖြင့် ဆေးရုံကြီးသို့လာရောက် မအပ်နှံသူများလည်းရှိကြောင်း၊ အချို့သောဆေးဆိုင်များက အမှိုက်သိမ်းယာဉ်ဖြင့် လာစဉ် စွန့်ပစ်ခြင်းများလည်း ရှိကြောင်း၊ အပ်နှံသည့် ဆေးဝါးတန်ဖိုး မပေးနိုင်သောကြောင့် ဖျက်ဆီးရန်ကြန့်ကြာနေကြောင်း ၎င်းထံမှ သိရှိရသည်။

ဗန်းမော်မြို့တွင် မှတ်ပုံတင်ဆေးဆိုင် ၁၈ ဆိုင်နှင့် ပြည်သူ့ကျန်းမာရေးဌာနနှင့် သတင်းမီဒီယာများ တွေ့ဆုံရှင်းလင်းပွဲတွင် ဇူလိုင်လကုန် နောက်ဆုံးထား၍ အပ်နှံစေလိုကြောင်း၊ FDA ခွင့်ပြုချက်မရှိ အစားအသောက်ဆေးဝါးများ၊ တရားဝင် ကုန်သွယ်ခွင့်တို့ဖြင့် တရားဝင်ရောင်းဝယ်ကြစေလိုကြောင်း၊ တွေ့ရှိပါက အရေးယူမည်ဖြစ်ကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၊ ကချင်ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်နယ်တာဝန်ခံ ဒေါက်တာတင်ထွန်းဦးက ပြောကြားခဲ့သည်။ ■

# အမြန်လမ်းတွင် လိုက်ထရပ်ယာဉ် တိမ်းမှောက်၊ တစ်ဦးသေဆုံး

**တောင်ငူ၊ စက်တင်ဘာ ၁၂**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၂၆၅ အနီးတွင် စက်တင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲက ဓာတ်မြေသြဇာအိတ်များတင်ဆောင်လာသော လိုက်ထရပ်ယာဉ်တစ်စီးမှာ နေပြည်တော်ဘက်မှ မန္တလေးဘက်သို့မောင်းနှင်လာစဉ် ဘီးပေါက်ကာတိမ်းမှောက်ရာမှ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သီးကုန်းအမြန်လမ်း ကြက်ခြေနီစခန်းမှ စုံစမ်းသိရှိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ အသက် ၃၈ နှစ်အရွယ် ဦးလှိုင်မြင့်အောင် သေဆုံးခဲ့ပြီး အသက် ၅၆ နှစ်အရွယ်ယာဉ်မောင်း ဦးကိုကြီးမှာ ဒဏ်ရာရရှိခဲ့သဖြင့် တောင်ညောင်ကုန်း တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသထားကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းကိုရာဇသတ်ကြီး ပုဒ်မ ၃၀၄ - က / ၃၃၇ ဖြင့် အမှုဖွင့်ထားကြောင်း၊ ပေပင်လေး အမြန်လမ်း ရဲတပ်ဖွဲ့စခန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■

သတင်းကိစ္စ ဆက်သွယ်လိုပါက ...
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# တောင်သာတွင် ဆရာ၊ ဆရာမ အရေအတွက်မမျှတ၍ ပြင်ပဆရာများကို အခပေးငှားရမ်းရဟုဆို

**မိတ္ထီလာ၊ စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် ပညာသင်ကြားနေသည့် ကျောင်းသားအရေအတွက်နှင့် ဆရာ၊ ဆရာမအရေအတွက် မမျှတသဖြင့် ပြင်ပမှ ဆရာများကို အခပေးငှားရမ်း၍ သင်ကြားနေရကြောင်း ကျောင်းအကျိုးတော်ဆောင်များနှင့် ပညာရေးဝန်ထမ်းများထံမှ စုံစမ်းသိရှိရသည်။

"ကျောင်းတွေကတော့ ပေါပါတယ်။ ဒါပေမဲ့ဆရာ၊ ဆရာမ လုံလောက်အောင်ချမပေးတော့ ငွေကောက်ပြီး အပြင်က ဆရာကို ငှားရတာ" ဟု နန်းမြင့်ကျေးရွာ တွဲဖက်အလယ်တန်းကျောင်း အကျိုးတော်ဆောင် ဦးဌေးလင်းက ဆိုသည်။

ကျောင်းသားများ စာသင်ကြားရ အဆင်ပြေစေရန်အတွက် မိဘများနှင့် ညှိနှိုင်း၍ ကျောင်းသားတစ်ဦးလျှင် ငွေကျပ်ထောင့်ငါးရာကောက်ခံ၍ အပြင်မှ ဆရာ၊ ဆရာမများကို ငှားရမ်းရကြောင်း ၎င်းက ရှင်းပြပြောဆိုသည်။

တောင်သာမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ဆရာအင်အားပိုနေခြင်းနှင့် လိုအပ်နေခြင်းများရှိနေပြီး အထက်တန်းပြဆရာများမရှိသည့်အတွက် အလယ်တန်းပြဆရာများက အထက်တန်းသို့တက်ကာ သင်ကြားနေရကြောင်း၊ ဆရာ၊ ဆရာမ မလုံလောက်သည့်အတွက် လွတ်ထားရသည့် အတန်းများပင်ရှိသည်ကို တွေ့ရှိရကြောင်း တောင်သူမြို့နယ် မဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်က ပြောကြားသည်။

"အဲဒီကိစ္စကို ကိန်းဂဏန်း အချက်အလက်တွေနဲ့ မေးခွန်းတွေတင်ပြီးသွားပြီ။ လာမယ့် ၂၀ရက်နေ့စမယ့် လွှတ်တော်မှာမေးပါမယ်" ဟု ၎င်းက ဆိုသည်။

တောင်သာမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာရေးနှစ်အတွက် စုစုပေါင်း စာသင်ကျောင်းပေါင်း ၂၀၈ ကျောင်းရှိရာတွင် ၁၉၉ ကျောင်းမှာ ကျေးလက်ကျောင်းများသာဖြစ်ပြီး၊ မြို့နယ်အတွင်းရှိ လက်ရှိဆရာအရေအတွက်မှာ ၁၉၃၄ ဦးရှိ၍ ကျောင်းသားဦးရေမှာ ၄၂,၇၆၀ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။ ■







တောဆင်ရိုင်း ဖျက်ဆီးမှုကြောင့် အမျိုးသားတစ်ဦးသေဆုံးခဲ့သည့်နေရာကို တွေ့ရစဉ်

# မာဂရီ သစ်တောကြိုးဝိုင်းတွင် တောဆင်ရိုင်း နင်းသတ်၍ တစ်ဦးသေ

**ဥက္ကံ၊ စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် ဥက္ကံမြို့အရှေ့ဘက် ပဲခူးရိုးမတောစပ် ရေသိုးကျေးရွာအုပ်စု မာဂရီ သစ်တောကြိုးဝိုင်းအကွက်အမှတ် (၆)တွင် စက်တင်ဘာလ ၁၁ ရက်နေ့ည ၁၁နာရီက အသက် ၅၇နှစ်အရွယ် အမျိုးသားကို တောဆင်ရိုင်းက နင်းသတ်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

အဆိုပါ ကြိုးဝိုင်းတွင် အသက် ၅၇ နှစ် အရွယ် ဦးတင်မြိုင်နှင့် ဇနီးသည်တို့ နှစ်ဦးက တောင်ယာလုပ်ကိုင်ပြီး ကျွန်းပင်တစ်ပင်ကိုအမှီပြုကာ ထိုးထားသော လင့်စင်တွင် အနားယူနေစဉ် တောဆင်ရိုင်းတစ်ကောင် ရောက်လာကြောင်း၊ ယင်းနောက် တောဆင်ရိုင်းက လင့်စင်ကို ဖျက်ဆီးကာ အမျိုးသားကြီးကို နင်းသတ်ခဲ့ပြီး ဇနီးသည်မှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း ဇနီးသည်ဒေါ်အုန်းကြည်က ပြောဆိုသည်။

"လင့်စင် ပြိုတယ်လို့ထင်တာ၊ အောက်ရောက်မှ တောဆင်ရိုင်းဖြစ်နေတယ်၊ ညအမှောင်ဖြစ်နေတော့ တောဆင်ရိုင်း နင်းတာကို ဘာမှမမြင်ရဘူး၊ ပတ်ဝန်းကျင်မှာလည်း နေတဲ့သူတွေနဲ့ဝေးနေလို့ အော်ဟစ်သော်လည်း မရဘူး ထွက်ပြေးရတယ်" ဟု သေဆုံးသူ၏ဇနီး ဒေါ်အုန်းကြည်က ပြောဆိုသည်။

တောဆင်ရိုင်းများမှာ ည ၇နာရီခန့်တွင် တစ်ခါတစ်ရံ အုပ်လိုက် သို့မဟုတ် တစ်ကောင်တည်း အစာရှာထွက်ကြကြောင်း၊ ရွာနှင့်ဝေးသောနေရာတွင် နေထိုင်သူများသည် သစ်ပင်ကြီးများပေါ်၌လင့်စဉ်ထိုးနေရပြီး ရွာနားလာပါက သံပုံးခေါက်ခြင်း၊ မီးတုတ်များနှင့် အော်ဟစ်ခြောက်လှန့်ခြင်းတို့ ပြုလုပ်ရကြောင်း၊ ယခုတောဆင်ရိုင်းနင်းသတ်ခံရမှုမှာ ယခုနှစ်တွင် ပထမဦးဆုံးဖြစ်ကြောင်း တဘူးရေးသိုးကျေးရွာနေထိုင်သော အသက် ၄၅ နှစ်အရွယ်အမျိုးသားက ရှင်းပြသည်။

တောဆင်ရိုင်နင်းခံရ၍ သေဆုံးမှုကို သေမှုသေခင်းအမှတ်စဉ်၉/၂၀၁၆ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ဥက္ကံမြို့ရဲစခန်းထံမှ သိရှိရသည်။ ■

# ပခုက္ကူမြို့ရှောင်လမ်း သမီးရည်းစားစုံတွဲမှ အမျိုးသား သေဆုံးမှု ချောက်ထဲပြုတ်ကျခြင်းကြောင့်ဖြစ်ဟုဆို

**ပခုက္ကူ၊ စက်တင်ဘာ ၁၂**

ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဖြစ်ပွားခဲ့သည့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရှောင်လမ်း ငွေဗျိုင်းဖြူစက်သုံးဆီဆိုင်အနီး သစ်ညိုပင်အောက်တွင် သမီးရည်းစားစုံတွဲမှ အမျိုးသားသေဆုံးမှုမှာ လူသတ်၍ သေဆုံးခြင်းမဟုတ်ဘဲ ချောက်ထဲပြုတ်ကျသေဆုံးခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှဝင်းက ပြောကြားသည်။

စက်တင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲ ၁ နာရီက လွှတ်တော်ကိုယ်စားလှယ်များနှင့် ပရဟိတအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများနှင့် တွေ့ဆုံချိန်တွင် ၎င်းက ယင်းသို့ပြောဆိုခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်ကို လူအများက လူသတ်မှုဟုသာသိထားပြီး အမျိုးသားမှာ ယင်းနေရာ၌ သေဆုံးခဲ့ကြောင်း၊ အမျိုးသမီးမှာမူ ပခုက္ကူဆေးရုံမှ မန္တလေးဆေးရုံသို့လွှဲပြောင်းကုသရကြောင်း ဒုရဲမှူးကြီး လှဝင်းက ပြောဆိုသည်။

"အဲဒီအမျိုးသမီးသတိရလာလို့ စစ်မေးတာ ချောက်ကန်က အသက်ကြီးကြီး လူကြီးတစ်ဦးနဲ့ အသက်ငယ်ငယ် မိန်းကလေးတစ်ဦး အဲဘက်ကိုသွားလို့ ဆိုင်ကယ်ရပ်ထားပြီး လိုက်ချောင်းတာ ချောက်ထဲပြုတ်ကျပြီးဒဏ်ရာရလို့ အကူအညီတောင်းတာ ဘယ်သူမှမရှိဘူး။ သစ်ညိုပင်အောက်ကို ခက်ခက်ခဲခဲသွားပြီး အမျိုးသမီးကသတိလစ်သွားတယ်လို့" ဟု အဆိုပါအမျိုးသမီး၏ထွက်ဆိုချက်ကို ၎င်းက ဆိုသည်။

အဆိုပါ အခင်းဖြစ်ပွားရာနေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် နယ်ထိန်းတပ်ဖွဲ့တို့ အတူသွားရောက်စုံစမ်းရာတွင် အခင်းဖြစ်သည့်နေရာနှင့် ချောက်မှာအလှမ်းကွာဝေးပြီး ယင်းနေရာတွင်သွေးစက်အထောက်အထားမတွေ့ရှိရကြောင်း၊ သက်သေခံပစ္စည်းများကို သစ်ညိုပင်အောက်တွင်သာတွေ့ရှိရကြောင်း ချောက်ကန်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနိုင်က ပြောကြားသည်။

ပခုက္ကူမြို့ ချောက်ကန်ကျေးရွာအုပ်စု မြို့ရှောင်လမ်း မိုင်တိုင်အမှတ် ၀/၇ ၏မြောက်ဘက် ငွေဗျိုင်းဖြူစက်သုံးဆီဆိုင်အနောက်ဘက် ယာခင်းတစ်ခုတွင် ချိန်းတွေ့နေသည့် အမည်မသိအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ရိုက်နှက်ခံရကြောင်း မြို့မရဲစခန်း၏ ကနဦး စစ်ဆေးချက်များအရ သိရှိရသည်။ ■

# ပန်ဆောင်တွင် စပါးဖျက်ပိုးကျ၍ လယ်ဧက ၂၀၀ ပျက်စီး

**မြစ်ကြီးနား၊ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့နယ်တွင် ကျရောက်ခဲ့သည့် စပါးဖျက်ပိုးများကြောင့် လယ်ဧက ၂၀၀ ခန့် ပျက်စီးသွားခဲ့ကြောင်း အဆိုပါဒေသခံများထံမှ သိရသည်။

အဆိုပါပိုးသည် လွန်ခဲ့သည့်လအတွင်းက ပိုးသတ်ဆေးဖျန်းရာ ယခုလ စက်တင်ဘာလ ပထမအပတ်အတွင်း ငြိမ်သက်သွားပြီဖြစ်ကြောင်း၊ ပိုးဖျက်ဆီးမှုကြောင့် နောက်ဆုံးအခြေအနေအထိ စပါးဧက ၂၀၀ ခန့်ပျက်စီးခဲ့ရကြောင်း နန်းယွန်းမြို့နယ် မဲဆန္ဒ ၁၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်က ပြောကြားသည်။

"အခုကအားလုံးငြိမ်သွားပြီ။ အဲမှာ ဆေးဖျန်းလို့ ပိုးတွေကသေသွားပြီး ပြန်မကျတော့ဘူး။ လယ်စပါးကောက်လို့မရတာ။ ဧက ၂၀၀ ပျက်စီးသွားတယ်လို့အစိုးရက အတည်ပြုထားပြီး တိုင်းဒေသကြီးအစိုးရကို တင်ပြထားတယ်"ဟု ၎င်းက ဆိုသည်။

ပန်ဆောင်မြို့ နောင်ယန်းအင်းလယ်ကွင်းရှိ လယ်စပါးများအတွင်းကျရောက်ခဲ့သည့် ပိုးများကြောင့် လယ်ဧကထောင်ချီကူးစက်ခဲ့ပြီး စပါးလုံးဝကောက်၍မရသည့် လယ်မြေဧက ၂၀၀ နီးပါးရှိကြောင်း၊ အဆိုပါပိုးများသည် ဆေးဝါးဖျန်းခြင်းကြောင့်မဟုတ်ဘဲ သက်တမ်းကုန်ဆုံး၍သာ သေဆုံးရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောဆိုသည်။

"ဆေးဖျန်းလို့မဟုတ်ဘဲနဲ့သက်တမ်းကုန်ဆုံးလို့ သေသွားတာလို့ မြို့နယ်စိုက်ပျိုးမွေးမြူရေး မန်နေဂျာကလည်းပြောတယ်။ ဘာလို့လဲဆို ဆေးမဖျန်းတဲ့တောနေရာမှာရှိတဲ့နေရာမှာကောသေကြတယ်။ ဒါပေမဲ့ ဥလေးတွေ ဥထားတယ်" ဟု ပန်ဆောင်အထက်တန်း ကျောင်းဆရာ ဦးလော်တူးက ဆိုသည်။

အဆိုပါစပါးဖျက်ပိုး ကျရောက်ခြင်းသည် နှစ် ၅၀ အတွင်း စံချိန်တင်အဆိုးရွားဆုံးဖြစ်ကြောင်း၊ ယင်းနောင်ယန်းအင်းလယ်သည် ပန်ဆောင်မြို့နယ်ရှိ ကျေးရွာပေါင်း ၁၉ ရွာမှ လာရောက်လုပ်ကိုင်နေကြပြီး စပါးကျီဟုခေါ်တွင်ကြောင်း ဒေသခံများ၏အဆိုအရ သိရသည်။ ■

## ချင်းပြည်နယ် အစိုးရအဖွဲ့ ကိုယ်စား ပြောရေးဆိုခွင့်ရှိသူများကို ထုတ်ပြန်

**ကလေး၊ စက်တင်ဘာ ၁၂**

ချင်းပြည်နယ်အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မေးမြန်းချက်များကို ဖြေကြားနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြောရေးဆိုခွင့်ရှိသူများကို စက်တင်ဘာ ၁၂ ရက်နေ့က ထုတ်ပြန် ကြေညာခဲ့သည်။

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရရှိသူအဖြစ် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ ပြည်နယ်အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မေးမြန်းချက် များကို ဖြေကြားနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးပြုံးချိုတို့ကို တာဝန်ပေးအပ်ထားကြောင်း၊ မေးမြန်းလိုသူများအနေနှင့် ဆလိုင်းအိုက်ဇက်ခင် - ၀၉ ၇၈၀ ၀၁၆ ၅၁၃၊ ၀၉ ၄၅၉ ၀၀၄ ၀၀၈ ဦးပြုံးချို - ၀၉ ၈၃ ၀၆ ၆၁၃၊ ၀၉ ၄၅၇ ၃၆၄ ၆၃၃ ဆက်သွယ်နိုင်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ချင်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြောရေးဆိုခွင့်ရှိသူများ ထုတ်ပြန်ရခြင်းသည် ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်အတွက် ဆောင်ရွက်နေမှုများကို ပြည်သူများ သိရှိစေရေးအတွက် သတင်းစီးဆင်းမှုမြန်ဆန်စေရေး၊ အဆင်ပြေစေရေးကို အဓိကထားကာ သတ်မှတ်ရခြင်းဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရ ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြောဆိုသည်။ ■

## မြဝတီမြို့တွင် ငွေလဲရာ၌ အပြည့်အဝမပေးသူကို ဖမ်းဆီး

**မြဝတီ၊ စက်တင်ဘာ ၁၂**

ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်၊ လဂွန်းအိမ်လမ်းတွင် စက်တင်ဘာလ ၁၁ ရက် နံနက် ၇နာရီခန့်က ထိုင်းဘတ်ငွေမှ မြန်မာကျပ်ငွေ လဲလှယ်ရာ၌ အပြည့်အဝ မပေးခဲ့သော အသက် ၂၇ နှစ်အရွယ် အမျိုးသားကို ဖမ်းဆီးခဲ့ကြောင်း မြဝတီမြို့မှ ရဲစခန်းထံမှ သိရသည်။

ဖမ်းဆီးခံရသော အသက် ၂၇ နှစ်အရွယ်အမျိုးသားနှင့် အခြားအမျိုးသမီးတစ်ဦးတို့က ထိုင်းနိုင်ငံမှ ပြန်လာသော အသက် ၃၁ နှစ်အရွယ် အမျိုးသားလဲလှယ်သော ထိုင်းဘတ်ငွေ ရှစ်ထောင်ကို ပေါက်ဈေးအတိုင်း တစ်ဘတ် ၃၄ ကျပ်နှုန်းဖြင့် ၂၇၂,၀၀၀ ကျပ်ပေးရမည့်အစား ၂၀၅,၀၀၀ ကျပ်သာပေးခဲ့သဖြင့် အဖမ်းခံရခြင်း ဖြစ်ကြောင်း၊ ဖမ်းမိသော ရဲမင်းထွန်း(ခ)ကိုရဲကို ရာဇသတ်ကြီးပုဒ်မ-၃၇၉/၁၁၄ဖြင့် အမှုဖွင့်ထားကြောင်း မြဝတီမြို့မှ ရဲစခန်းထံမှ သိရှိရသည်။ ■

## မြစ်ကြီးနားတက္ကသိုလ်တွင် ဆိုင်ကယ်ခိုးသည့် ကျောင်းသားနှစ်ဦးကို ဖမ်းမိ

**မြစ်ကြီးနား၊ စက်တင်ဘာ ၁၂**

မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း၌ တက္ကသိုလ်ကျောင်းသားများ၏ ဆိုင်ကယ်ခိုးယူသူ ကျောင်းသားနှစ်ဦးကို ပြီးခဲ့သည့် စက်တင်ဘာလ ၉ ရက်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

"နှစ်ယောက်စလုံးကတော့ တက္ကသိုလ်ကျောင်းသားတွေပဲ"ဟု အဆိုပါရုံးမှ ရဲမှူးတစ်ဦးက ဆိုသည်။

အဆိုပါ ဆိုင်ကယ်ခိုးယူသူဟု ဆိုသူနှစ်ဦးမှာ မြစ်ကြီးနားတက္ကသိုလ်မှ ရူပဗေဒကျောင်းသားများဖြစ်ပြီး ၎င်းတို့ကို(ပ) ၁၈၁ / ၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ /ကျင့် ၅၄ အရအမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း မြစ်ကြီးနား မြို့မရဲစခန်းထံမှ သိရသည်။ ■


ဓာတ်ပုံ – မင်းနိုင်ဦး

လဟယ် – ခန္တီးကားလမ်းတွင် မြေပြိုနေသည်ကိုတွေ့ရစဉ်

## လဟယ်မြို့နှင့် ခန္တီးမြို့ကားလမ်း မြေပြိုမှုကြောင့် သွားလာရေးခက်

**ကလေး၊ စက်တင်ဘာ ၁၂**

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နာဂဒေသ လဟယ်မြို့နှင့် ခန္တီးမြို့ဆက်သွယ်ထားသော ကားလမ်းမှာ မြေပြိုပြီးပိတ်နေခြင်းကြောင့် ဆက်သွယ်သွားလာရေး ခက်ခဲနေကြောင်း လဟယ်မြို့ဒေသခံ ဦးမင်းနိုင်ဦးက ပြောကြားသည်။

နာဂဒေသ အစိုးရရုံးစိုက်ရာ လဟယ်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တို့ ဆက်သွယ်သွားလာသည့် တစ်ခုတည်းသော ကားလမ်းဖြစ်သည့် ဆင်သေ - လဟယ် ကားလမ်း ၂၁ / ၅ မိုင်တွင် စက်တင်ဘာ ၁၁ ရက်နေ့ နံနက်ပိုင်းက တောင်ပြိုမှုကြောင့် ကျောက်တုံးကြီးများဖြင့် လမ်းပိတ်နေကြောင်း၊ ယင်းလမ်း ပိတ်မှုကြောင့် ကားများ သွားမရတော့ဘဲ ဆိုင်ကယ်ကို လူလေးဦးငါးဦး ဝိုင်းထိန်းပြီး သွားလာနေရကြောင်း၊ မြေပြိုလမ်းပိတ်နေသည့် နေရာ၏ တစ်ဖက်ခြမ်းရှိချောက်မှာ ပေ ၃၀၀ ခန့်နက်ပြီး ဆိုင်ကယ်ဖြင့်တွန်း၍ ဖြတ်ကျော်ကြစဉ် မတော်တဆ ပြုတ်ကျနိုင်ကြောင်း ၎င်းက ပြောဆိုသည်။

"မနက်တည်းက ပိတ်နေတာ၊ ညနေအထိ မဖယ်ရသေးဘူး၊ ကားတွေကသွားလို့မရဘူး။ ဆိုင်ကယ်ဆိုရင်တော့ လူလေးငါးယောက်လောက် ဝိုင်းတွန်းပြီး သွားရင်တော့ ရတယ်" ဟု ၎င်းက ရှင်းပြသည်။

နာဂဒေသရှိသုံးမြို့နယ်အနက် လဟယ်မြို့နှင့် နန်းယွန်းမြို့နေ ပြည်သူများသည် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စ သွားလာရေးအတွက် ခန္တီး- လဟယ် ကားလမ်းတစ်ခုသာရှိပြီး ယင်းကားလမ်းမြေပြိုပိတ်ပါက သွားလာရေး ရပ်တန့်သွားပြီး ဒေသခံများ အခက်အခဲဖြစ်ပေါ်နေကြောင်း ၎င်းက ပြောကြားသည်။ ■

## ဟူးမွန်ဆည် ကန်ဘောင်အနီး မော်တော်ယာဉ်မှ သေနတ်နှင့် ကျည်ဆန်များဖမ်းမိ

**လားရှိုး၊ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ ဟူးမွန်ဆည်လမ်း ကန်ဘောင်ပေါ်တွင် ရပ်ထားသည့်မော်တော်ယာဉ်ကို ရှာဖွေတားဆီးရာတွင် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်မောင်းထံမှ ၉ မမ ပစ္စတိုတစ်လက်နှင့် ကျည်ဆန်ရှစ်တောင့် ဖမ်းဆီးရမိခဲ့ကြောင်း လားရှိုးခရိုင် မှူခင်းအကူဌာနစိတ်ထံမှ သိရသည်။

"အဖြူရောင်ကားတစ်စီးက မသင်္ကာဖွယ်ရပ်နေတာနဲ့ စစ်ဆေးဖို့ရပ်ခိုင်းတော့ မရပ်ဘဲ ထွက်ပြေးတယ်။ လိုက်လံဖမ်းဆီးတော့ ကားမောင်းတဲ့သူက သူ့နောက်ကျောက သေနတ်ကိုထုတ်ယူလိုက်ချိန်မှာ ဖမ်းဆီးမိလိုက်တာပါ။ ကားပေါ်မှာ ကားသမားအပါအဝင် လူငယ်လေးဦးပါတယ်" ဟု အဆိုပါဌာနမှ ရဲအုပ်ငြိမ်းဆွေက ဆိုသည်။

ယာဉ်မောင်းသူထုတ်ယူလိုက်သည့် သေနတ်သည် ၉ မမပစ္စတိုဖြစ်ပြီး Made in Austria စာတန်းပါရှိကြောင်း၊ ၎င်းဝတ်ဆင်ထားသည့်ဘောင်းဘီအိတ်အတွင်းမှ ထိုင်းဘတ်ငွေများ၊ ဖုန်းသုံးလုံးနှင့် ကျည်ဆန်ရှစ်တောင့်ကို သိမ်းဆည်းရမိခဲ့ ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါဖမ်းဆီးရမိသူလေးဦးကို လားရှိုးမြို့ နယ်မြေရဲစခန်းတွင် (ပ) ၁၂၁/၂၀၁၆ လက်နက် ၁၉(စ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရပါသည်။ ■

## မှူခင်းကျဆင်းရေးစီမံချက်ဖြင့် မြို့နယ်ရှစ်ခုတွင် အမှုပေါင်း ၂၀၀၀ ကျော် အရေးယူ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှု အများဆုံးမြို့နယ်ရှစ်ခုကို ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိမှုခင်းကျဆင်းရေးစီမံချက် ဆောင်ရွက်ခဲ့ရာ တစ်လအတွင်းအမှုပေါင်း ၂၀၀၀ ကျော်ကိုဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါ စီမံချက်ဆောင်ရွက်ခဲ့သည့် မြို့နယ်ရှစ်ခုမှာ ဒဂုံမြောက်၊ သာကေတ၊ မရမ်းကုန်း၊ စမ်းချောင်း၊ တွံတေး၊ ဒလ၊ အင်းစိန်နှင့် မင်္ဂလာဒုံမြို့နယ်တို့ဖြစ်ပြီး လက်နက်ပုန်းမှု၊ လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှု၊ ယစ်မျိုးမှု၊ ခြေချုပ်ဖောက်ဖျက်မှု၊ ပြည့်တန်ဆာမှုနှင့် မော်တော်ယာဉ်အက်ဥပဒေအမှုများအပါအဝင် ကြိုတင်ကာကွယ်မှုပေါင်း ၁၀ မှုမှအမှုပေါင်း ၁၉၈၇ မှုကိုဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲမှူးလှဝေက ပြောကြားသည်။

ယင်းအပြင် အဆိုပါ မြို့နယ် ရှစ်ခုတွင် ဖြစ်ပွားခဲ့သည့် လူသတ်မှု၊ လုယက်မှု၊ မုဒိမ်းမှုများအပါအဝင် အမှုကြီးပေါင်း ၁၂ မှုနှင့် အခြားအမှုပေါင်း ၂၃၁ မှုမှ ပြစ်မှုကျူးလွန်သူ အချို့ကိုဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ စီမံချက် ဆောင်ရွက်နေသည့် မြို့နယ်များတွင် ရဲတပ်ဖွဲ့ဝင်အင်အားကိုတိုးမြှင့်၍ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းပြီးရပ်ကွက်များအတွင်းလှည့်ကင်း၊ ဝပ်ကင်းနှင့် အသွင်ယူစုံစမ်းစစ်ဆေးမှုများဆောင်ရွက် နေကြောင်းသက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူးရုံးများထံမှ သိရှိရသည်။

"မှုခင်းဖြစ်ပွားမှု အများဆုံးမြို့နယ်တွေဖြစ်တဲ့ လှိုင်သာယာ၊ ကမာရွတ်၊ ဒဂုံတောင်နဲ့ သန်လျင်မြို့နယ် လေးခုကို မှုခင်းကျဆင်းရေးစီမံချက် ပထမဆုံးဆောင်ရွက်ခဲ့တယ်၊ အခုအလှည့်ကျ မြို့နယ်ရှစ်ခုကိုမှုခင်းကျဆင်းရေးစီမံချက် ထပ်မံဆောင်ရွက်ခဲ့တာပါ၊ ကိုကိုးကျွန်းမပါ ကျန်တဲ့ မြို့နယ် ၄၄ ခုကိုအလှည့်ကျစီမှုခင်းကျဆင်းရေးစီမံချက် ဆောင်ရွက်သွားမယ်" ဟု ရဲမှူးလှဝေကပြောကြားသည်။

မှုခင်းကျဆင်းရေးစီမံချက် ဆောင်ရွက်နေသည့် မြို့နယ်ရှစ်ခုတွင် လူသတ်မှု ၆ မှု၊ မုဒိမ်းမှု ၅ မှုနှင့် လုယက်မှု ၁ မှုတို့ ဖြစ်ပွားခဲ့ရာအများပြည်သူ စိတ်ဝင်စားသည့် မင်္ဂလာဒုံမြို့နယ် လေးလောင်းပြိုင် လူသတ်မှုပါဝင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများကိုရဲတပ်ဖွဲ့က ယနေ့အချိန်အထိ ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■

## ကယ်ရီမောင်းသူထံမှ ဆိုင်ကယ်လုယူပြေးသည့် လူငယ်သုံးဦးကို ဖမ်းမိ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာအနီး အုန်းပင်ချောင်းတံတားတွင် ကယ်ရီမောင်းသူထံမှ ဆိုင်ကယ် လုယူပြေးသည့် လူငယ်သုံးဦးကို ကော့မှူး-ကွမ်းခြံကုန်းကားလမ်းတွင် ရဲတပ်ဖွဲ့က နာရီပိုင်းအတွင်း ပိတ်ဆို့ဖမ်းဆီးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

ဖမ်းမိသူသုံးဦးမှာ ဒလမြို့နယ်တွင် နေထိုင်သော အသက် ၁၉ နှစ်အရွယ် အမျိုးသားသုံးဦးဖြစ်ကြောင်း၊ စက်တင်ဘာလ ၁၂ ရက် နံနက် ၁ နာရီကအုန်းပင်ချောင်းတံတားတွင် ၎င်းတို့၏ ဆိုင်ကယ်တစ်စီးကို ရပ်၍ အသက် ၅၄ နှစ်အရွယ် အမျိုးသားတစ်ဦးမောင်းလာသည့် ဆိုင်ကယ်ကိုတားပြီး ၎င်းတို့ဆိုင်ကယ် ချိန်းကြိုးပြတ်နေသောကြောင့် အကူအညီပေးရန်တောင်းဆိုခဲ့ပြီးနောက် လုယက်ခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်များအရ တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"လုယက်ခံရသူက ဆိုင်ကယ်ရပ်ပြီး ဘာများကူညီပေးရမလဲမေးချိန် သူတို့သုံးယောက်က ကယ်ရီသမားကို ဝိုင်းတွန်းလဲ့ပြီး ဆိုင်ကယ်လုယူထွက်ပြေးတာ၊ ကယ်ရီမောင်းသူက ရဲတပ်ဖွဲ့ထံ ချက်ချင်းသတင်းပေးတိုင်ကြားခဲ့လို့ သူတို့သုံးယောက်ကို အချိန်တစ်နာရီအတွင်းမှာ ကော့မှူး-ကွမ်းခြံကုန်းကားလမ်းပေါ် ပိတ်ဆို့ဖမ်းဆီးနိုင်ခဲ့တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဆိုင်ကယ် လုယူပြေးသည့် လူငယ်သုံးဦးကို တွံတေးမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■

## ပုသိမ်မြို့လယ်တွင် မီးလောင်

**ပုသိမ်၊ စက်တင်ဘာ ၁၂**



ဓာတ်ပုံ - ဇော်တင့်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့လယ် အမှတ်(၄)ရပ်ကွက်၊ ၄က်ပျောတန်းလမ်း စက်သုံးဆီနှင့် ရေနံချေးရောင်းဝယ်ရေးလုပ်ကိုင်သော နေအိမ်တွင် စက်တင်ဘာလ ၁၂ရက် နံနက် ၈နာရီ ၅၀ခန့်က လျှပ်စစ်ရေနွေးအိုး တည်ထားရာမှ မီးပလပ်ခုံရှော့ခ်ဖြစ်ပြီး အနီးရှိ ဓာတ်ဆီပုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ပုသိမ်နယ်မြေရဲစခန်းမှ သိရှိရသည်။

"မီးလောင်တဲ့နေရာကို တချို့က ဆီဆိုင်လမ်းကြားလို့ ခေါ်တာ ၊ အဲဒီလမ်းမှာ စက်သုံးဆီ ရောင်းဝယ်တာတွေရှိတယ်၊ မီးခဏခဏလောင်တဲ့ နေရာပေါ့၊ ဒီနေ့တောင် အချိန်မီထိန်းနိုင်လို့ နို့မို့ဆို မလွယ်လောက်ဘူး" ဟု အမှတ်(၄)ရပ်ကွက်နေ ဦးအုံးလှိုင်က ပြောပြသည်။

ယင်းမီးလောင်မှုကို မီးသတ်ယာဉ်ကိုးစီး၊ ရေသယ်ယာဉ်သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၈၀ ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀၀ဦး၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရပြီး ၉ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ပေ ၃၀ပတ်လည်ရှိ အုတ်ညှပ်သစ်သားတစ်ထပ်အိမ် တစ်လုံး၊ ဆိုင်ကယ်တစ်စီးနှင့်ရေနံချေးနှင့် စက်သုံးဆီများ မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ရှင် မဖြူ (ခ)ဒေါ်ခင်မျိုးရီကို ပုသိမ်နယ်မြေ ရဲစခန်းက ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း မြို့နယ် မီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ ■

## မှုခင်းသတင်းတိုများ

■ အင်းစိန်မြို့နယ်၊ အင်းစိန်(ဗဟို) အကျဉ်းထောင်ရှိအိပ်ဆောင် ၅၊ အခန်း ၆ တွင် စက်တင်ဘာလ ၁၁ ရက် နံနက် ၁၀ နာရီခွဲကရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် ထောင်ဒဏ် ကိုးလကျခံနေရသောအသက် ၃၅ နှစ်အရွယ် အကျဉ်းသားအမျိုးသားတစ်ဦးမှာဗိုက်အောင့်ဝေဒနာခံစားနေရသောကြောင့် အင်းစိန်ဆေးရုံသို့ တင်ပို့စဉ်သေဆုံးခဲ့သည်။

■ သုံးခွမြို့နယ်၊ ဟေမဇလာကျေးရွာရှိရွာလယ်ချောင်းတွင် စက်တင်ဘာလ ၁၁ ရက် မွန်းလွဲ ၂ နာရီကသုံးနှစ် အရွယ်ယောကျ်ားလေးငယ်တစ်ဦးမှာ မိခင်ဖြစ်သူမှန့်ဝယ်သွားသည့် နောက်ကို ၎င်းတစ်ဦးတည်းလိုက်လာရာမှ ချောင်းအတွင်းပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့သည်။

■ ရွှေပြည်သာမြို့နယ်၊ ၁၂ ရပ်ကွက်၊ ပုလဲလမ်းရှိကားဘော်ဒီရုံတွင် စက်တင်ဘာလ ၁၁ ရက် ညနေ ၄ နာရီကယာဉ်လိုင်းအမှတ် ၁၉၉ ခရီးသည်တင်ဟွန်ဒိုင်းယာဉ်တစ်စီးမှာလာရောက်ပြုပြင်စဉ် ယင်းယာဉ်ပေါ်ပါ အသက် ၃၅ နှစ်အရွယ်ယာဉ်နောက်လိုက်အမျိုးသားတစ်ဦးပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲရုတ်တရက် သေဆုံးခဲ့သောကြောင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ်သိရှိရန် ရုပ်အလောင်းကိုအင်းစိန်မြို့နယ် ဆေးရုံသို့ ပို့ဆောင်စစ်ဆေးနေသည်။

■ လှိုင်သာယာမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ ပီမိုးနင်းလမ်းရှိကားဝပ်ရှော့ခ်ဆိုင်တွင် စက်တင်ဘာလ ၁၁ ရက် ည ၉ နာရီကမော်တော်ယာဉ်ပေါ် ဖယောင်းတိုင်ထွန်းပြီးအရက်ထိုင်သောက်နေသည့် အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးကိုအရက်မသောက်ရန် အသက် ၃၁ နှစ်အရွယ် စက်ပြင်အလုပ်သမားအမျိုးသားကတားမြစ် ရာမှ နှစ်ဦးစကားများရန်ဖြစ်ခဲ့ကြောင်း၊ ယင်းနောက် စက်ပြင်အလုပ်သမားကဓားဖြင့်ထိုးခဲ့သောကြောင့် အရက်ထိုင်သောက်နေသည့်အမျိုးသား၏ ဝမ်းဗိုက်နှင့် ဦးခေါင်းတို့တွင် ထိုးသွင်းပြတ်ရှဒဏ်ရာများရရှိခဲ့သည်။

■ သာကေတမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ နဝရတ် ၆ လမ်းနှင့် ၇ လမ်းတို့တွင် စက်တင်ဘာလ ၁၁ ရက် နံနက် ၄ နာရီခွဲကမူးယစ်သတင်းရရှိထားသောအသက် ၂၇ နှစ် မှ ၄၁ နှစ် အရွယ်ရှိအမျိုးသားသုံးဦးကိုစစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ WY စာတန်းပါ စိတ်ကြွေးဆေးပြား ၁၁၁ ပြားကိုသိမ်းဆည်းရမိခဲ့သည်။

■ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ လှော်ကားရေကန်တွင် စက်တင်ဘာလ ၁၁ ရက် မွန်းလွဲ ၂ နာရီကအသက် ၃၀ နှစ်အရွယ် အမျိုးသားတစ်ဦးပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲရေနစ်သေဆုံးနေသည့် ရုပ်အလောင်းကို တွေ့ရှိခဲ့သည်။

## သပိတ်ကျင်းမြို့နယ် ရွှေလုပ်ကွက်တစ်ခုတွင် ယမ်းပေါက်ကွဲမှုကြောင့် နှစ်ဦး ဒဏ်ရာရ

**သပိတ်ကျင်း၊ စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုန်းဖုံးကျေးရွာအုပ်စု ကမ်းပါးနီကျေးရွာအရှေ့တောင်ဘက် ဦးမောင်ဝင်းရွှေလုပ်ကွက်တွင် စက်တင်ဘာလ ၁၂ ရက် ညနေ ၅ နာရီအချိန်က ယမ်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကမ်းပါးနီကျေးရွာဒေသခံများထံမှ သိရသည်။

အဆိုပါကျေးရွာအနီးတွင် တစ်ပိုင်တစ်နိုင် ရွှေတူးဖော်လျက်ရှိရာ အလုပ်သိမ်းရန်ပြင်ဆင်နေစဉ် ယမ်းမပေါက်သေးသော ကျင်းဟောင်းကို Gun ဖြင့် ထိုးမိရာမှ ပေါက်ကွဲရခြင်းဖြစ်ကြောင်း လုပ်ကွက်ပိုင်ရှင်ဖြစ်သူ ဦးမောင်ဝင်းက ပြောကြားသည်။

"ကျွန်တော့်သားနဲ့ ကျွန်တော့်တူ နှစ်ယောက် လုပ်ကိုင်နေတာပါ။ ကျွန်တော်က အပေါ်ကနေ ဒုန်းဆိုတဲ့ အသံပဲကြားလိုက်တာ။ ဘေးနားက လူတွေအကူအညီတောင်းပြီး အင်းပေါ်ဆွဲတင်ခဲ့ရတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါယမ်းပေါက်ကွဲမှုကြောင့် တူဖြစ်သူ ဦးရှမ်းနှင့် သားဖြစ်သူ အာနိုးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး သပိတ်ကျင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသခံယူနေရကြောင်း ဦးမောင်ဝင်းက ထပ်လောင်းပြောဆိုသည်။ ■

## လှိုင်ကော်တွင် အုပ်စုဖွဲ့ကာ ရွှေအတု ရောင်းသူများကို ဖမ်းမိ

**လှိုင်ကော်၊ စက်တင်ဘာ ၁၂**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် စက်တင်ဘာလ ၁၁ရက် နံနက် ၁၁ နာရီခန့်ကအုပ်စုဖွဲ့ကာ ရွှေအတုများ လိမ်လည် ရောင်းချသူများထံမှ ရွှေထည်ပစ္စည်းအတုနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း လွိုင်ကော်မြို့မရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

သီရိမင်္ဂလာဈေးရှိ ရွှေဆိုင်တစ်ဆိုင်သို့ ရွှေထည်အတု လာရောက် ရောင်းချနေကြောင်း သတင်းရရှိ၍ လိုက်လံစုံစမ်းရာ အမျိုးသားလေးဦးကို နှစ်ကျပ်သားကျော်ရွှေရည်စိမ်ဆွဲကြိုးတစ်ကုံးနှင့် တစ်ကျပ်သားကျော် ရွှေရည်စိမ် ဟန်းချိန်း တစ်ခု၊ WY စိတ်ကြွဆေးပြား၉၅ပြား တို့ကို ဖမ်းမိကြောင်း၊ ယင်းမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်ကျော်ဦးက ပြောကြားသည်။

ယင်းဖမ်းမိမှုနှင့် ပတ်သက်၍ အသက်၄၀နှစ်အရွယ် ဦးထွန်းထွန်းဦး အပါအဝင် ကျန်အမျိုးသားသုံးဦးကို ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ ဖြင့် လည်းကောင်း၊ ထပ်မံ၍ ထွန်းထွန်းဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း လွိုင်ကော်မြို့မရဲစခန်းထံမှ သိရသည်။ ■

## မျက်နှာဖုံး - ကျိုက်ထီးရိုးစေတီတော်ရှိ အလှူခံဌာနများ မှ အဆက်

နောက်တစ်နေ့တွင် ဘဏ်သို့အပ်နှံခြင်း၊ အလှူခံဖြတ်ပိုင်းဖြင့်အလှူခံခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ခြင်းကြောင့် ဝန်ထမ်းများ ပိုမိုခန့်အပ်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေကာ အဆိုပါလုပ်ငန်းများကို ဂေါပကအဖွဲ့က စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် လမ်းညွှန်သွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

အလားတူ ကျိုက်ထီးရိုးရင်ပြင်တော်၌ ရိုးရိုးလေးကုမ္ပဏီက ဥပဒေမဲ့စွာ ဆောက်လုပ်ခဲ့သော အခန်း (၁၀၆)ခန်း ပိတ်သိမ်းရေး၊ သတ်မှတ်အမြင့်ပေ ၃၀ ထက်ကျော်လွန်ဆောက်လုပ်ခဲ့သည့် ဟိုတယ်အဆောက်အအုံများကို ခေတ်မီနည်းပညာသုံး၍ ဖျက်သိမ်းရေးတို့ လုပ်ဆောင်မည်ဟု သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

နိုင်ငံအဝန်းရှိဘုရားစေတီများ၌ ရွှေဆိုင်းအရည်အသွေး ညံ့ဖျင်းခြင်း၊ အရွယ်အစားမမှန်ကန်ခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းများကို ပြုပြင်နိုင်ရန် ရွှေဆိုင်းတင်ဒါပေးသွင်းမှုစနစ်ကို ဝန်ကြီးဌာနက ကြီးကြပ်မည်ဖြစ် ပြီး ဝန်ကြီးဌာနကထုတ်ပြန်ထားသော စည်းကမ်းချက်များကို သက်ဆိုင်သည့် လုပ်ငန်းရှင်များ လိုက်နာရန်ပျက်ကွက်လျှင် တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဟု ယင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

စေတီတော်၌ ဂေါပကအဖွဲ့ဝင် ၁၅ ဦးအနက် တစ်ဦး (ကွယ်လွန်)၊ သုံးဦး အနားယူခွင့်ပြုခဲ့ပြီး ကျန်ရှိသည့် ဂေါပကအဖွဲ့ဝင် ၁၁ ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ နှစ်ဦး၊ စုစုပေါင်း ၁၅ ဦးတို့အား ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့မှစ၍ ယာယီဂေါပကအဖွဲ့အဖြစ် ဖွဲ့စည်းထားသည်။ ■

## မျက်နှာဖုံး - သရုပ်ဆောင်ဖွေးဖွေးကိစ္စ ဥပဒေအရ ဆောင်ရွက်မည် မှ အဆက်

နစ်နာမှု၊ ကျွန်တော်တို့အတွက် သိက္ခာကျမှု အားလုံးအတွက်ရော ဥပဒေအရ ဘာဆက်လုပ်ရမလဲ ဆိုတာကို ကျွန်တော် တိုင်ပင်နေတုန်းပါပဲ" ဟု ယင်းကိစ္စနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်သွားမည့်အကြောင်းအရာများကို ၎င်းက ထပ်လောင်းပြောဆိုသည်။

Miniso စတိုးဆိုင်ကြော်ငြာ ရိုက်ကူးရန် အတွက် သရုပ်ဆောင် ဖွေးဖွေးကို အနုပညာကြေး ကျပ်၄၅ သိန်းဖြင့်ကမ်းလှမ်းခဲ့ပြီး ၎င်းကလည်းသဘောတူလက်ခံခဲ့ကြောင်း၊ စရန်ငွေ ကျပ်သိန်း ၂၀ ကိုလည်း ပေးချေပြီးဖြစ်ကြောင်း၊ ကြော်ငြာရိုက်ကူးမည့်နေ့တွင် ရောက်မလာခဲ့သည့်အတွက် သရုပ်ဆောင်ဖွေးဖွေး၏ ပျက်ကွက်မှုကို ထိရောက်စွာ အရေးယူပေးစေလိုကြောင်း ဒါရိုက်တာစင်ရော်မောင်မောင်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ တိုင်ကြားခဲ့သည်။

ယင်းဖြစ်ရပ်မှ အစပြု၍ မြန်မာနိုင်ငံမှ အနုပညာရှင်များ အနေနှင့် စာချုပ်စာတမ်းများနှင့် အလုပ်လုပ်ရန် လိုအပ်ပြီဟု ပြောချင်ပြီး၊ ၎င်းတို့ဘက်မှ အဆင်ပြေသည့် အချိန်၊ နေရာနှင့် အနုပညာကြေးများကို တောင်းဆိုနိုင်ကြောင်း၊ စာချုပ်စာတမ်း ချုပ်ဆိုပြီးပါကမူ တိတိကျကျ လိုက်နာဆောင်ရွက်ရန်လိုကြောင်း ဒါရိုက်တာ စင်ရော်မောင်မောင်က ပြောကြားသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး အခုလိုပြောတဲ့အတွက် ကျွန်တော် တော်တော်လည်းအမုန်းခံရပါတယ်။ အခုလိုပြောရတာ ကျွန်တော် တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ နောင်မှာ ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေ၊ မင်းသားတွေ၊ မင်းသမီးတွေရဲ့ကြားမှာ တိတိကျကျ ခိုင်ခိုင်မာမာ အလုပ်တွေ လုပ်စေချင်လို့ပါ" ဟု ၎င်းက ဆိုသည်။

မကြာသေးခင်က ကျင်းပခဲ့သည့် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ဖိုရမ်တွင်လည်း ဒါရိုက်တာနှင့် ထုတ်လုပ်သူများက သရုပ်ဆောင်များကို စာချုပ်စာတမ်းနှင့် အလုပ်လုပ်ရန်တောင်းဆိုခဲ့ကြသေးသည်။

"ကျွန်တော်ထင်တာတော့ မင်းသား၊ မင်းသမီးတွေက စာချုပ်မှာ လက်မှတ်ထိုးမယ်မထင်ဘူးဗျ။ နိုင်ငံခြားက လူတွေကျတော့ ဈေးကွက်လည်းရှိတယ်။ နိုင်ငံခြားဆိုတော့ ရိုက်ချင်ကြတယ်။ ပိုက်ဆံလည်း ပိုပေးတော့ သူတို့ လက်မှတ်ထိုးကြတယ်ဗျ။ ဒီမှာကတော့ တိုးတက်ရာ တိုးတက်ကြောင်း တစ်နိုင်တစ်ပိုင်နဲ့ လုပ်နေကြရတာလေ။ အဲ့ဒီတော့ စာချုပ်တွေနဲ့ တိတိကျကျလုပ်လာရင် သူတို့ဘက်က စတင်လိုက်လျောဖို့တော့ခက်တယ်။ ဒီတိုင်းနေမယ့်အစား အခုကျွန်တော်တို့ ခြေလှမ်းစပြီပေါ့" ဟု ဒါရိုက်တာ စင်ရော်မောင်မောင်ကဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ သရုပ်ဆောင် ဖွေးဖွေး၏ မှတ်ချက်စကားရရှိနိုင်ရန် စက်တင်ဘာလ ၁၂ ရက်နေ့ည ၈ နာရီအထိ ဖွေးဖွေးထံဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ် မေးမြန်းသော်လည်း ဆက်သွယ်၍မရသဖြင့် ဖော်ပြနိုင်ခြင်းမရှိပေ။ ■

## မျက်နှာဖုံး - အိမ်၊ ခြံ၊ မြေ အခွန်နှုန်းထား လျှော့ချမည့်သတင်း မှ အဆက်

လိုသူများသည် အခွန်ဌာနတွင် တန်ဖိုးဖြတ်ခြင်းမရှိဘဲ အရပ်စာချုပ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ၎င်းကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လက်ရှိကျင့်သုံးနေသော စံနှုန်းထားများကို ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့ကြောင်း၊ ယနေ့ခေတ်ကာလနှင့်မကိုက်ညီသောကြောင့် ပြန်လည်ရေးဆွဲပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနထံမှ သိရှိရသည်။

အိမ်၊ ခြံ၊ မြေ အခွန်ဈေးနှုန်းများ နှစ်စဉ်ပြောင်းလဲနေခြင်းသည် အိမ်၊ ခြံ၊ မြေလုပ်ငန်းလုပ်ကိုင်သူများ၊ ဝယ်ယူများအတွက် အဆင်မပြေမှုများဖြစ်နေပြီး အခွန်နှုန်းထား မြင့်မားမှုကြောင့် အခွန်ရှောင်သူများပြားလာကြောင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင်များက ပြောကြားသည်။

"လက်ရှိအိမ်၊ ခြံ၊ မြေအခွန်နှုန်းထားတွေ ချမယ်လို့တော့ သတင်းကြားတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အခွန်ဈေးနှုန်းတွေက ကြီးနေတဲ့အတွက် အခွန်မဆောင်ကြတာများပါတယ်။ အခွန်နှုန်းထားနည်းတယ်ဆိုရင် ကိုယ့်အမည်ပေါက် ဖြစ်ချင်ရင်တောင် အခွန်ဆောင်ကြမှာပါ" ဟုပြည်ကြီးတံခွန် အိမ်၊ ခြံ၊ မြေအကျိုးဆောင် လုပ်ငန်းလုပ်ကိုင်သူ ဦးနေဇော်က ဆိုသည်။

ယခုဘဏ္ဍာနှစ် အိမ်၊ ခြံ၊ မြေအခွန်နှုန်းထားများမှာ ကျပ်သိန်း၃၀၀အထိ သုံးရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀ မှ ကျပ်သိန်းတစ်ထောင်အထိ ၂၀ ရာခိုင်နှုန်း၊ ကျပ်သိန်း တစ်ထောင်နှင့်အထက်ကို အခွန် ၃၀ ရာခိုင်နှုန်း ပေးဆောင်ရန် သတ်မှတ်ထားသည်။ ■

## မျက်နှာဖုံး - ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် မှ အဆက်

အဲဒီ နိုင်ငံရဲ့အချုပ်အခြာအာဏာကိစ္စသာ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့သက်ဆိုင်တဲ့ ကိစ္စတစ်ခုကို ဆုံးဖြတ်လုပ်ဆောင်နိုင်ဖို့အရေးအတွက် အကြံဉာဏ်ပေးဖို့ရာ ကော်မရှင်တစ်ရပ်ကို နိုင်ငံခြားသားတစ်ဦးကို ဦးဆောင်ခိုင်းတာ၊ တခြားနိုင်ငံခြားသားတွေကို မိမိတို့ရဲ့ ပြည်တွင်းရေးကိစ္စကို ဝင်ရောက် စွက်ဖက်ပြောဆိုပိုင်ခွင့်ပေးတာဟာ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိခိုက်ရာရောက်တယ်" ဟု ဦးကျော်ဇောဦးက ပြောကြားသည်။

သို့ရာတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် နိုင်ငံခြားသား သုံးဦး ပါဝင်နေခြင်းသည် မိမိတို့၏ ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေနိုင်ခြင်းကြောင့် ယင်းကော်မရှင်ကို ပြည်တွင်းမှ တတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း ရခိုင်အမျိုးသားပါတီ ကိုယ်စားလှယ်က ပြည်သူ့လွှတ်တော်တွင်တင်သွင်းခဲ့ပြီး စက်တင်ဘာလ ၆ ရက်နေ့၌ မဲခွဲဆုံးဖြတ်ရာတွင် အဆိုရှုံးနိမ့်ခဲ့သည်။

ပြည်သူ့လွှတ်တော်၌ အတည်ပြုပြီးဖြစ်သောအဆိုကို ရခိုင်ပြည်နယ်လွှတ်တော်၌ ထပ်မံတင်သွင်းရာတွင် အဆိုရှင်ဘက်မှ ထောက်ခံသူများခြင်းကြောင့် အနိုင်ရနိုင်သော်လည်း ပြည်နယ်ဥပဒေသည် ပြည်ထောင်စုသို့ လွှမ်းမိုးနိုင်ခြင်းမရှိဟု ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ် ရေးကော်မရှင်အဖွဲ့ဝင် ဦးစောထွန်းက ဆိုသည်။

"တိုင်းဒေသကြီးမှာ အတည်ဖြစ်သွားနိုင်ပေမယ့် ဒီအဆိုက ပြည်ထောင်စုအဆင့်မှာ အတည်မဖြစ်နိုင်ဘူး။ နိုင်ငံတော်ရဲ့အမြင့်ဆုံးပုဂ္ဂိုလ်က အုပ်ချုပ်ရေးမှာ နိုင်ငံတော်သမ္မတ၊ ဥပဒေပြုရေးမှာ ပြည်ထောင်စုလွှတ်တော်ဖြစ်တယ်" ဟု ဦးစောထွန်းက ရှင်းလင်းပြောကြားသည်။

ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကို တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၄၇ ဦးတွင် ၄၂ ဦး တက်ရောက်ခဲ့ပြီး လာမည့်ဒုတိယနေ့ အထူးအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက်တွင် ကျင်းပသွားဖြစ်သည်။ ■


## အခမဲ့ ကြော်ငြာကဏ္ဍ Classifieds

| | | | | | |
|---|---|---|---|---|---|
| ajreDaf&Tnifif0Dumbef<br>Model jrifum;rsm; twufqif;Dufjyifbdf<br>aemf , f Computer Box ESifh Sensor<br>tyhpöif;a&mif0 , f&;<br>အမှတ် ၁၁၊ စေတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်း။<br>Ph : 09-504817, 09-5124622 | O2 Air-con<br>Sales & Services Center<br>No 38, Inngapu St, Sanchaung Township,Yangon<br>Ph : 09-420119100, 09-254215254 | Ko Zaw Win @Ko Pho Htaung<br>Refrigeration & Air Condition<br>Sales & Services Center<br>No.145, TheinByu Road, Kandawgalay,Yangon<br>Ph : Home -01291935, Office - 01243995 | xef<br>(um;ypöif;fqkdif)<br>အမှတ်(၁၃၆)၊ မြင်တော်သာလမ်းမကြီး၊ ကျန်းမာရေးမှတ်တိုင်၊ ၆ ရပ်ကွက်၊ သာကေတ<br>Ph : 09-73027423, 09-254213057 | Leo Queen<br>(&mbmwkdifyESifh ukd,fvkyfef)<br>ဆိုင်- အမှတ် ၁၆၉၊ ၃၂ လမ်း (အလယ်)၊ ပန်းပဲတန်း၊ ရန်ကုန်မြို့။<br>Ph : 09-782288908, 01-373518 | 0Defai (UTN)<br>&mbm½kdifmxkwfvkyfa&;<br>အမှတ်(၆၀၁၊ ၆၀၂၊ ၆၀၃)၊ အင်းလေး(၁)လမ်း၊ (၆၄) ရပ်ကွက်၊ ဇုန်(၂)၊ ဒဂုံမြို့သစ်တောင်ပိုင်း။<br>Ph : 5124390, 09-5134655 |
| Cool<br>(tuef;a&caowåt0wfvmpuf<br>trsdK;rsdK;yifwyfqif&;)<br>အမှတ် ၆၁၊ မြေညီ၊ အင်းဝလမ်း (အောက်)၊ ကျောက်မြောင်း၊ တာမွေ။<br>Ph : 09-254487732, 09-32074002 | atmifif0D<br>(aut&Jukdyfm;ESifh a&csdefokd<br>tvSifypöif;vuf&Dum;a&mif0 , f&;)<br>အမှတ်(၁၆)၊ ၂၈ လမ်း(အောက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့<br>Ph : 01-249277, 09-73066287 | ukd&Zmfd<br>(ykdifqkd)<br>အမှတ်(၃၉)၊ မြေညီထပ်၊ အင်းစိန်လမ်းအောက်၊<br>Ph : 09-421131185 | ukdifbef;roEÅmf<br>(pdef;a&Tyk &wemvkyfef)<br>တိုက်- 8/A (မြေညီ)၊ ပတ္တမြားလမ်း၊ (၃) ရပ်ကွက် ၊ ကမာရွတ်။<br>Ph : 09-49247909, 09-799854677 | 0ifrdm;pk<br>(ကားတံခါး ရေကာလက်လီ၊ လက်ကားဖြန့်ချိရောင်းဝယ်ရေး) စတစ်ကာ၊ ဝိုင်ဘာနှင့် ကားအလှဆင်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး။ ကွန်ပျူတာဖြင့် စတစ်ကာဖောက်ပေးသည်။ ဆိုင်(၁)၊ အမှတ်(၆)၊ ကျွန်းတောလမ်း၊(ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းမီးပွိုင့်အနီး) စမ်းချောင်းမြို့နယ်။<br>Ph : 09-509967, 09-254712243 | ukdeiZmf0Droa0Dk<br>(*yefuf bDESit yhpöif;<br>vuf vDufum;a&mif0 , f&;)<br>အမှတ်(၃၅၄)၊မင်္ဂလာလမ်း၊ စော်ဘွားကြီးကုန်း။<br>Ph : 09-43032948, 09-8626011 |
| wufvrf<br>(taqmuf0D[mif;ufbdcif;ESifh wpfyfwf;pfy&dbm*a&mif0 , f&;<br>အမှတ်(၅၂)၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း(တ)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။<br>Ph : 09-250111138, 09-451663656 | wufae0ef<br>(*yefum; tyjpöif;a&mif0 , f&;)<br>အမှတ်(၁၂၃)၊ကျွန်းတောလမ်း၊ မုန့်တောင်ရပ်ကွက်၊ ကျားကျောင်းရှေ့<br>(မုန့်လက်ဆောင်းကုန်းဆင်း)၊ စမ်းချောင်း။<br>Ph : 01-514456, 09-43126378 | cif&pTif<br>JJ abmif;bDyifif;<br>မင်္ဂလာဈေးထွက်ပေါက် (ဘဏ်ရှေ့)<br>Ph : 09-976882414, 09-250428538 | aumif;vuf&m<br>tqifjhifvufufnESifm;z , fjk<br>အမှတ် ၄၀၂၊ အောင်သီရိလမ်းနှင့် ဓမ္မာရုံလမ်းထောင့်၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။<br>Ph : 09-5154986 | 200 (Electronic)<br>Airconditioner (Window Type or Referigerations, Washing Machine, Motors Type Electrical EQuipments, Installation Repairs or Maintenance)<br>No. 200, Seikkantar St,(Lewis), Kyauktada Township, Yangon.<br>Ph : 01-252275, 09-5079743 | 0Dmwif<br>မာတင် အပ်ချုပ်ဆိုင်<br>၁၁၃၁၊ ပတ္တမြား(၁)လမ်း၊ သာကေတ၊ ရန်ကုန်မြို့။<br>Ph : 09-42106650 |
| [m*Dpöifrdm;pk<br>(acmif;fqkwm , mqkdf)<br>အမှတ်(၃၇)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း၊ စမ်းချောင်း<br>Ph : 09-501171, 09-5160161 | cmwdESifhDm;<br>(wm , m t vdifa*uwf&mif0 , f&;)<br>အမှတ်(၂၃)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း၊ စမ်းချောင်း<br>Ph : 09-5418400, 09-252545786 | Zrmef (Air-con Special Service)<br>၁၈ × ၁၉ လမ်းကြား၊ ၈၁ × ၈၂ လမ်းကြား တော်ဝင်လမ်းသွယ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။<br>Ph : 09- 91040527, 09-259046812 | wuóolf0ifwef<br>aumif;om;^olm;uk Guide<br>vkyf;onf tdvkyfma&muf<br>vmoiffum;ay;onfwpfbmom<br>okdomif;fuyay;oif&yrnf<br>Ph : 09-254482073 | Jasmine<br>Phon Accessories/Application/Game/ Root Sales and Service<br>No. 204, Pansodan St, Kyauktada Township, Yangon.<br>Ph. 09-965159665, 09-5159665 | a&TrÅqef&mif0 , f&;rS<br>ykbwfq;uifaomat mfepfqef<br>rm;ukdt a&mufykepfzih<br>a&mifcay;aeyDokPÜ(24)<br>Ph : 09-450002587 |

# နောက်ခံလူ ကွမ်ပနီ လေ့ကျင့်ရေးပြန်ဆင်း

**မန်ချက်စတာ၊ စက်တင်ဘာ ၁၂**

မန်စီးတီးနောက်ခံကစားသမား ကွမ်ပနီသည် ဒဏ်ရာပြဿနာများ ကင်းရှင်းလာခဲ့ပြီဖြစ်၍ အသင်း၏လေ့ကျင့်ရေးအစီအစဉ်များတွင် ပြန်လည်ပူးပေါင်းပါဝင်လာခဲ့ပြီဖြစ်ကာ နည်းပြ ဂွါဒီယိုလာကမူ လက်ရှိအချိန်၌ ၎င်းအနေနှင့် ကွမ်ပနီကို အရဲစွန့်၍ ပွဲထုတ်သွားဦးမည် မဟုတ်ကြောင်း ဖွင့်ဟအသိပေးထားသည်ဟု Sky Sports က ဖော်ပြထားသည်။

ဂွါဒီယိုလာသည် ကွမ်ပနီကို အသင်းဆေးအဖွဲ့၏စောင့်ကြည့်မှုအောက်တွင် ဆက်လက်ထားရှိဆဲဖြစ်ကာ ကွမ်ပနီ၏ သွေးနမူနာများကို စစ်ဆေးကာ ၎င်းထံသို့ အဆက်မပြတ် အစီရင်ခံရမည်ဟုလည်း မန်စီးတီးအသင်းဆေးအဖွဲ့တာဝန်ခံများကို ဂွါဒီယိုလာက ညွှန်ကြားချက်ထုတ်ပြန်ထားသေးသည်။

မန်စီးတီးဆေးအဖွဲ့သည် ဆေးစစ်ချက်အဖြေများအရ ကွမ်ပနီကို ပြိုင်ပွဲများပါဝင်ကစားရန် မသင့်သေးကြောင်း အကြံပြုထားပြီး ကြံ့ခိုင်မှုမပြည့်ဝဘဲနှင့် အစောတလျင် ပြန်ကစားလိုက်ပါက ဒဏ်ရာပြန်ရသွားနိုင်ကြောင်းလည်း မန်စီးတီးဆေးအဖွဲ့က သတိပေးထားသေးသည်။

အသက် ၃၀ အရွယ်ရှိကွမ်ပနီသည် ယမန်နှစ်ဘောလုံးရာသီ၌ ဒဏ်ရာပြဿနာများဖြင့် အဆက်မပြတ် ရှန်းကန်ခဲ့ ရကာ ဒဏ်ရာအကင်းမသေဘဲနှင့် ပြိုင်ပွဲများပါဝင်ကစားရန် ကြိုးပမ်းခဲ့ခြင်းမှာ ကွမ်ပနီကို အခြေအနေ ပိုဆိုးသွားစေခဲ့ခြင်းဖြစ်ကြောင်း ဂွါဒီယိုလာက မှတ်ချက်ပေးပြောကြားထားသည်။

ကွမ်ပနီသည် လွန်ခဲ့သည့်မေလအတွင်း၌ ရီးရဲလ်မက်ဒရစ်နှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်တွင် မန်စီးတီးအတွက် နောက်ဆုံးပါဝင်ကစားပေးခဲ့ပြီး ယမန်နှစ်ဘောလုံးရာသီ၌ အသင်းပွဲစဉ်ပေါင်း ၃၇ ပွဲကို ကွမ်ပနီလွဲချော်ခဲ့ကြောင်း မန်စီးတီးက ထုတ်ပြန်ကြေညာထားသည်။

ကွမ်ပနီသည် အဆိုပါဒဏ်ရာပြဿနာများကြောင့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းကို ကိုယ်စားပြုခွင့် ဆုံးရှုံးခဲ့ရပြီး လက်ရှိတွင်လည်း မန်စီးတီးဗဟိုခံစစ်၌ ဂျွန်စတုန်းစ်နှင့် အော့တာမင်ဒီတို့ အတွဲညီနေသည့်အတွက် ကြံ့ခိုင်မှုပြည့်ဝလာခဲ့သည့်တိုင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန် ကွမ်ပနီက ရှန်းကန်ရဖွယ်အခြေအနေရှိနေသည်။ ■



BBC

## မလေးရှားဆီးဂိမ်းဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး လက်ရွေးစင်နှစ်သင်းစလုံး ယှဉ်ပြိုင်သင့်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၉ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ဘတ်စကက်ဘော ပြိုင်ပွဲကို အမျိုးသား၊ အမျိုးသမီး လက်ရွေးစင်နှစ်သင်းစလုံး ယှဉ်ပြိုင်သင့်ကြောင်း မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က အတွင်းရေးမှူး ဒေါ်ဉမ္မာအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်အနေနှင့် လက်ရွေးစင်အသင်းနှစ်သင်းလုံးကို စေလွှတ်ယှဉ်ပြိုင်ရန် ဆန္ဒရှိနေပြီး ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံမည့် အသင်းများ၏ အခြေအနေကြောင့် အမျိုးသမီးအသင်းကိုပါ ယှဉ်ပြိုင်စေလိုခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

"အမျိုးသားအသင်းအတွက်က လူငယ်အသင်းဖွဲ့ပြီး စခန်းဝင်နေကြပြီ။ လက်ရွေးစင်တွေကိုလည်း စာရင်းထုတ်ပြန်ထားပြီးပါပြီ။ အမျိုးသမီးအသင်းတွေ ပြိုင်မယ့်ပွဲမှာက မြန်မာအပါအဝင်မှ ခြောက်သင်းထက် မပိုဘူးဆိုတော့ တိုးရတာ လွယ်နိုင်ပါတယ်။ အဲဒီအတွက် အခုလာမယ့် ပြိုင်ပွဲမှာ လက်ရွေးစင်နှစ်သင်းစလုံးကို ယှဉ်ပြိုင်ခွင့်ရလိုတာပါ" ဟု ဒေါ်ဉမ္မာအောင်က ရှင်းပြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဘတ်စကက်ဘောအသင်းကို ဖွဲ့စည်းနိုင်ရန် ပဏာမကစားသမား ၂၀ ဦးဖြင့် လူငယ်လက်ရွေးစင် အသင်းကိုဖွဲ့စည်းထားပြီး နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်လျက်ရှိကာ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ သုံးလအလိုတွင် စခန်းသွင်းလေ့ကျင့်ရန် စီစဉ်ထားသည့် အားကစားအဖွဲ့ဖြစ်သည်။

မြန်မာအမျိုးသမီး ဘတ်စကက်ဘောအသင်း ဖွဲ့စည်းရန်အတွက် ယခင်လက်ရွေးစင်ကစားသမားဟောင်းများကို အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်၍ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ လေးလအလိုတွင် စခန်းသွင်းလေ့ကျင့်မည်ဟု မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

မြန်မာ့လက်ရွေးစင်ဘတ်စကက်ဘောအဖွဲ့သည် ၂၀၁၅ ခုနှစ်က စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သည့် ၂၈ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ကိုးသင်းအနက် အဆင့်ရှစ်နေရာသာရရှိခဲ့ပြီး အမျိုးသမီးအသင်းမှာမူ ယှဉ်ပြိုင်ခဲ့ခြင်းမရှိပေ။ ■





# ကွင်းလယ်ဒိုင်လူကြီးကို ကွန်တီနှင့် ဂယ်ရီကာဟေးလ်တို့ ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်

**လန်ဒန်၊ စက်တင်ဘာ ၁၂**

ချယ်လ်ဆီးနည်းပြ ကွန်တီနှင့်နောက်ခံလူ ဂယ်ရီကာဟေးလ်တို့သည် ဆွမ်ဆီးနှင့် ချယ်လ်ဆီးတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ဆွမ်ဆီးအသင်း၏ဒုတိယမြောက်သွင်းဂိုးကို ခွင့်ပြုပေးလိုက်ခြင်းအတွက် ကွင်းလယ်ဒိုင်လူကြီး အန်ဒရေးမာရီနာကို ပြင်းပြင်းထန်ထန်ဝေဖန်ပြစ်တင်လိုက်ကြောင်း BBC က ဖော်ပြထားသည်။

ဆွမ်ဆီးအတွက် ဒုတိယမြောက်ဂိုးကို ရယူပေးခဲ့သည့် လီရှိုင်းဖာသည် အဆိုပါဂိုးကို ချယ်လ်ဆီးနောက်ခံကစားသမား ဂယ်ရီကာဟေးလ်အား နောက်မှနေ၍ နှစ်ကြိမ်တိုင် လူချကစားကာ ဘောလုံးလုယူ၍ ဂိုးသမားကော်တွာနှင့် တစ်ဦးချင်း ရင်ဆိုင်ကန်သွင်းသွားခဲ့ခြင်းဖြစ်ပြီး လီရှိုင်းဖာ ပြစ်ဒဏ်ကျူးလွန်ခဲ့သည်ကို ရုပ်သံပြကွက်များတွင် ထင်ရှားစွာတွေ့ရှိခဲ့ရသော်လည်း ဒိုင်လူကြီးမာရီနာက ငြင်းဆန်ပယ်ချ၍ ဂိုးအဖြစ် သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် ဂယ်ရီကာဟေးလ်က "ပြစ်ဒဏ်ဘောဆိုတာကို လကမ္ဘာကနေကြည့်ရင် တောင်သိပါတယ်ဗျာ"ဟု ဖွင့်ဟပြောဆိုသွားခဲ့ပြီး ပရီးမီးယားလိဂ် ကွင်းလယ်ဒိုင်လူကြီးဟောင်းတစ်ဦးဖြစ်သည့် ဂရေဟမ်ပိုးလ်ကလည်း ဂယ်ရီကာဟေးလ်ကို လူချကစား၍ ဘောလုံးလုယူသွားခဲ့သည့် အဆိုပါဖြစ်စဉ်တွင် ချယ်လ်ဆီးကို ပြစ်ဒဏ်ဘောကန်ခွင့်သတ်မှတ်ပေးရမည်သာဖြစ်ကြောင်း ထောက်ခံပြောဆိုသွားခဲ့သည်။

ဂယ်ရီကာဟေးလ်သည် လီရှိုင်းဖာ၏သွင်းဂိုးကို ခွင့်ပြုလိုက်ချိန်တွင် ဒိုင်လူကြီး အန်ဒရေးမာရီနာထံသို့ သွားရောက်၍ ဒိုင်လူကြီးသုံးဦးရှိသည့်အနက် တစ်ဦးဦးက ယခုပြစ်ဒဏ်ကျူးလွန်မှုကို မြင်တွေ့လိုက်မည်သာဖြစ်ကြောင်း စောဒကတက်ခဲ့ပြီး ပွဲအပြီးတွင် ဒိုင်လူကြီးများအားလုံးက ၎င်းတို့အနေနှင့် ယင်းဖြစ်စဉ်ကို မမြင်တွေ့ခဲ့ဟု ဘူးကွယ်ငြင်းဆိုခဲ့ကြကြောင်းလည်း ဂယ်ရီကာဟေးလ်က ဆက်လက်အသိပေးသွားခဲ့သည်။

ချယ်လ်ဆီးနည်းပြကွန်တီသည် ဒိုင်လူကြီးဖြစ်သူ၏အကြီးမားဆုံးသော အမှားကျူးလွန်မှုကြောင့် ၎င်းတို့အနေနှင့် မနစ်နာသင့်ဘဲ နစ်နာခဲ့ရသည်ဟု ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောဆိုသွားခဲ့ပြီး လက်ရှိတွင် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဂယ်ရီကာဟေးလ်၏ပြောစကားများကို မှတ်တမ်းတင်ကာ ပွဲကြီးကြပ်သူများအပေါ် ပုဂ္ဂိုလ်ရေး ထိုးနှက်တိုက်ခိုက်မှုပုဒ်မဖြင့် စွဲချက်တင်ရန် ပြင်ဆင်နေပြီလည်းဖြစ်သည်။

အန်ဒရေးမာရီနာသည် မန်စီးတီးက ဝက်စ်ဟမ်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပရီးမီးယားလိဂ်ပွဲစဉ်တွင်လည်း မန်စီးတီးတိုက်စစ်မှူး အဂူရိုက ဝက်စ်ဟမ်းနောက်ခံလူ ဝန်စတန်ရိဒ်ကို တံတောင်ဖြင့်တွန်းထိုးခဲ့ခြင်းဖြစ်စဉ်အား အရေးယူရန် ပျက်ကွက်ခဲ့ပြီး ပွဲအပြီးတွင် ယင်းပြစ်ဒဏ်ကျူးလွန်မှုကို မမြင်တွေ့ခဲ့၍ကြောင့်သာ အရေးယူရန် ပျက်ကွက်ခဲ့ခြင်း ဖြစ်ပါကြောင်း မာရီနာက ဖြေရှင်းချက်ပေးခဲ့ဖူးသည်။ ■

## ဂျိုးဟတ်၏ပေါ့ဆမှုကို မီဟိုင်းလိုဗစ် အပြစ်မတင်

**တူရင်၊ စက်တင်ဘာ ၁၂**

တိုရီနိုနည်းပြ မီဟိုင်းလိုဗစ်သည် အတ္တလန်တာက တိုရီနိုကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် အီတလီစီးရီးအေပွဲစဉ်တွင် အသင်းပွဲထွက်ဂိုးသမား ဂျိုးဟတ်၏ပေါ့ဆမှုကြောင့် ပြိုင်ဘက်အသင်းက ချေပဂိုးရရှိသွားခဲ့သော်လည်း ယင်းအမှားအတွက် ဂျိုးဟတ်ကို အပြစ်တင်စကားပြောကြားသွားမည်မဟုတ်ဟု ဖွင့်ဟပြောကြားလိုက်ကြောင်း Channel4 က ဖော်ပြထားသည်။

အတ္တလန္တာနှင့် တိုရီနိုတို့ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်တွင် တိုရီနိုက တိုက်စစ်မှူး ဖယ်လ်ကွီ၏ပြစ်ဒဏ်ဘောကန်သွင်းချက်ဖြင့် အတ္တလန္တာကို စတင်ဦးဆောင်နိုင်ခဲ့သော်လည်း ယင်းဂိုးကို ပွဲကစားချိန် ၅၆ မိနစ်တွင် အတ္တလန္တာ တိုက်စစ်မှူး မာဆီအယ်လ်လိုက ပြန်လည်ချေပသွားနိုင်ခဲ့ကာ ပွဲချိန် ၈၂ မိနစ်တွင် ကက်စ်ဆိုင်းက ပင်နယ်တီကတစ်ဆင့် အတ္တလန္တာအတွက် အနိုင်ဂိုး ထပ်မံရယူပေးသွားနိုင်ခဲ့သည့်အတွက် တိုရီနိုမှာ ရှုံးပွဲကြုံလိုက်ရခြင်းဖြစ်သည်။

အတ္တလန္တာတိုက်စစ်မှူး မာဆီအယ်လ်လိုသည် ထောင့်ကန်ဘောကန်တင်ပေးလိုက်ရာကတစ်ဆင့် လျှံကျလာခဲ့သောဘောလုံးကို အလိုက်သင့်ပိတ်သွင်း၍ ချေပဂိုးရယူပေးခဲ့ခြင်းဖြစ်ကာ အဆိုပါထောင့်ကန်ဘောကိုဖမ်းယူရာတွင် ဂျိုးဟတ်ပေါ့ဆခဲ့၍ မာဆီအယ်လ်လိုက ဂိုးသွင်းယူရန် အခွင့်အရေး ရသွားခဲ့ခြင်းဖြစ်သည်။

ဂျိုးဟတ်သည် အတ္တလန္တာအသင်းကန်တင်လိုက်သည့်ထောင့်ကန်ဘောကို ဖမ်းယူ (သို့မဟုတ်)ပုတ်ထုတ်ရာတွင် လက်နှစ်ဖက်လုံးကို အသုံးပြုရမည့်အစား လက်တစ်ဖက်တည်းဖြင့် ပေါ့ပေါ့ဆဆ ကာကွယ်လိုက်ခြင်းဖြစ်ကာ ၎င်းထံက လျှံထွက်လာသည့်ဘောလုံးကို အသင့်စောင့်နေသည့် မာဆီအယ်လ်လိုက အတ္တလန္တာအတွက် ချေပဂိုးအဖြစ် ပြောင်းလဲပေးသွားနိုင်ခဲ့ခြင်းဖြစ်သည်။



BBC

တိုရီနိုနည်းပြ မီဟိုင်းလိုဗစ်သည် ဂျိုးဟတ်၏အမှားကို ပွဲတစ်ပွဲတွင် ဖြစ်လေ့ဖြစ်ထရှိသည့်အမှားမျိုးဟု သုံးသပ်ပြောဆိုသွားခဲ့ပြီး ယခုပွဲစဉ်တွင် တိုရီနိုအသင်း အရေးနိမ့်ခဲ့ရသည်မှာ ဂျိုးဟတ်၏အမှားနှင့်မသက်ဆိုင်ဘဲ ၎င်းချမှတ်ပေးခဲ့သည့် နည်းဗျူဟာဖြင့် အံဝင်စွာကစားနိုင်ခြင်းမရှိခဲ့၍သာဖြစ်ကြောင်း မီဟိုင်းလိုဗစ်က မှတ်ချက်ပြုပြောဆိုသွားခဲ့သည်။

အတ္တလန္တာအသင်းတာဝန်ရှိသူများသည် နှစ်ဖက်အသင်းကစားသမားစာရင်းကို ထုတ်ပြန်ရာတွင် ဂျိုးဟတ်၏အမည်ကို ဂျွန်ဟတ်ဟု မှားယွင်းစွာရေးသားထားခဲ့ပြီး အတ္တလန္တာအသင်းအနေနှင့် ဂျိုးဟတ်၏ နာမည်အပြည့်အစုံနှင့် အများသုံးနာမည်အကြား ရှုပ်ထွေးသွားခြင်းဖြစ်ဖွယ်ရှိသည်ဟု သတင်းမီဒီယာများက သုံးသပ်ထားသည်။ ဂျိုးဟတ်၏နာမည်အပြည့်အစုံမှာ ချာလက်စ် ဂျိုးဆက်ဂျွန်ဟတ်ဖြစ်သည်။ ■

# မော်သားစာတက်တွေနဲ့ပြည့်နှက်လို့နေတဲ့ ချန်ပီယံလိဂ်ညတွေ ရောက်ရှိလို့လာပါပြီ

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁) ပထမညပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

ဒီကနေ့ညမှာတော့ မော်ဆန်လှတဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲကြီးက ကျွန်တော်တို့ရဲ့ရှေ့မှောက်ဆီကို စတင်ရောက်ရှိလာတော့မှာပါ။ ပြိုင်ပွဲကန့်လန့်ကာအဖွင့်မှာတင် စိတ်ဝင်စားစရာပွဲကောင်းများစွာ ပါရှိနေတာက ချန်ပီယံလိဂ်ရဲ့ ရသကို မြင့်တက်လို့နေစေမှာ အမှန်ပါပဲ။ ပီအက်စ်ဂျီ-အာဆင်နယ်၊ ဘင်ဖီကာ-ဘက်ဆစ်တပ်၊ ဘေဆယ်-လူဒိုဂိုရက်စ်၊ ပီအက်စ်ဗီ-အက်သလက်တီကို အစရှိတဲ့ပွဲစဉ်တွေဟာ တစ်ဖက်နဲ့တစ်ဖက် ခြေစွမ်းမတိမ်းမယိမ်းရှိကြတာမို့ ပြင်းထန်နဲ့အားပြိုင်မှုနဲ့အတူ ပရိသတ်ကို ဖမ်းစားလာမှာပါ။ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့ကတော့ ဘယ်လောက်အတိုင်းအတာအထိ ဂိုးပြတ်နိုင်စွမ်း ရှိလေမလဲဆိုတာကို စောင့်ကြည့်ရင်ခုန်ကြရပါလိမ့်မယ်။





### ပီအက်စ်ဂျီ - အာဆင်နယ်

ပီအက်စ်ဂျီရဲ့ ကောင်းခြင်းအဖြာဖြာဟာ နည်းပြသစ် ယူနိုင်းအမ်မရီလက်ထက်မှာ လျော့ပါးသထက်ကို လျော့ပါးသွားခဲ့ပါပြီ။ အထိုင်ကျပြီးသား အသင်းရဲ့ပုံစံကို ဖျက်ပြီး သူ့အလိုရှိသလို မရအရ လုပ်ယူနေတာတွေက ယူနိုင်းအမ်မရီကို ရှေ့လျှောက် အကျပ်တွေ့စေဦးမှာပါပဲ။ သရေကျသွားနိုင်လို့ အာဆင်နယ်ကို ရွေးမယ်။

### ဒိုင်နမိုကိဗ် - နာပိုလီ

ကစားပြီးခဲ့တဲ့ စီးရီးအေပွဲစဉ်သုံးပွဲမှာ သွင်းဂိုး ကိုးဂိုး အထိ ရယူနိုင်ခဲ့တဲ့ နာပိုလီတိုက်စစ် လုပ်အားနှုန်းက အားရစရာပါ။ ဒါပေမဲ့ ချန်ပီယံလိဂ်မှာ အသင်းတိုင်းက သူ့အစွယ်နဲ့သူ အဆိပ်ရှိတယ်ဆိုတာကို မမေ့သင့်ပါဘူး။ ချန်ပီယံလိဂ်အတွေ့အကြုံရင့်အသင်းတစ်သင်းဖြစ်တဲ့ ဒိုင်နမိုကိဗ်ဟာ သရေတစ်မှတ်လောက်တော့ ရသွားနိုင်ပါတယ်။ ဒိုင်နမိုကိဗ်ကို အကြိုက်တွေ့မိတယ်။

### ဘာစီလိုနာ - ဆဲလ်တစ်

ဘာစီလိုနာနဲ့ နောက်ဆုံးခြောက်ကြိမ် တွေ့ဆုံခဲ့ရာမှာ ဆဲလ်တစ်က ငါးပွဲအထိ ရှုံးနိမ့်ထားပါတယ်။ အခုတစ်ကြိမ်မှာလည်း ဘာစီလိုနာကို ခံကစားနိုင်ဖို့ ဆဲလ်တစ်အနေနဲ့ သိပ်မလွယ်လှပါဘူး။ အလာဗက်စ်နဲ့ ပွဲစဉ်ကအရှုံးကို ဘာစီလိုနာ ပြန်လည်ချေဖျက်ပြပါလိမ့်မယ်။ လေးဂိုးပြတ်သားဖို့ လိုအပ်ပေမယ့် ဘာစီလိုနာနဲ့ပဲ လက်တွဲထားလိုက်ပါရစေ။

### ဘိုင်ယန်မြူးနစ် - ရော့စတော့ဗ်

ဘိုင်ယန်မြူးနစ်အတွက် ပြည်တွင်းအောင်မြင်မှုဆိုတာတွေက အလျှံပယ်ဖြစ်လို့နေပါပြီ။ ချန်ပီယံလိဂ်မှာ တစ်ကျော့ပြန်လည် ဖိုလ်စွဲဖို့အတွက် ဘိုင်ယန်မြူးနစ်က ပွဲစဉ်တိုင်းကို အားထည့်ကစားလာမှာပါ။ ချန်ပီယံလိဂ်ကို အခုမှ ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာတဲ့ ရော့စတော့ဗ်ဟာ ဂိုးပြတ်အရေးမနိမ့်အောင်ဘဲ ကြိုးပမ်းရပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်နဲ့ပဲ စွန့်စားလိုက်ကြပါစို့။

### မန်စီးတီး - မိုချင်ဂလက်ဘတ်

မန္နစ်က ဘောလုံးရာသီတုန်းကလည်း အုပ်စုအဆင့်မှာ ဒီနှစ်သင်း ထိပ်တိုက်ဆုံခဲ့ကြပါတယ်။ အဲဒီတုန်းက အိမ်ကွင်း အဝေးကွင်း နှစ်ကျော့လုံး မန်စီးတီးက အနိုင်ရခဲ့တာပါ။ မန်စီးတီးဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှု ရယူနိုင်ရေး ဆိုတဲ့ရည်ရွယ်ချက်နဲ့ နည်းပြဂွါဒီယိုလာကို ခေါ်ယူထားတာပါ။ ဒီပွဲမှာ ဂွါဒီယိုလာက သူ့အစွမ်းအစကို ထုတ်ဖော်ပြသလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ မန်စီးတီးကို အားပေးပါ။

### ဘေဆယ် - လူဒိုဂိုရက်စ်

အကြိတ်အနယ် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပါတယ်။ ဘူဂေးရီးယားကလပ် လူဒိုဂိုရက်စ်ဟာ အသင်းလိုက်ကစားအား ကောင်းမွန်တဲ့အတွက် ဘေဆယ် အခက်တွေ့ရမှာပါ။ ဒါပေမဲ့ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ချန်ပီယံလိဂ် အိမ်ကွင်းပွဲစဉ် ၁၉ ပွဲမှာ ဘေဆယ်က သုံးပွဲတည်းပဲ ရှုံးနိမ့်ထားပါတယ်။ ဘေဆယ် ကပ်နိုင်မှာပါ။

### ဘင်ဖီကာ - ဘက်ဆစ်တပ်

ဘင်ဖီကာဟာ အိမ်ကွင်းပွဲစဉ်တွေဆိုရင် ထိပ်သီးအသင်းကြီးတွေကိုတောင် ဖိအားပေးနိုင်စွမ်းရှိပါတယ်။ တူရကီကလပ် ဘက်ဆစ်တပ်ကတော့ အသင်းလိုက်ကစားအား သိပ်မဆိုးလှပေမယ့် အဝေးကွင်းပွဲစဉ်တွေဆိုရင် အမှားများလေ့ရှိတာမို့ သရေတစ်မှတ်ရရှိခဲ့ရင်ပဲ ကျေနပ်ရမှာပါ။ ဘင်ဖီကာကို သဘောကျတယ်။

### ပီအက်စ်ဗီ - အက်သလက်တီကို

မန္နစ်ကပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်မှာဆုံကြတော့ နှစ်ကျော့လုံး ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ပင်နယ်တီအဆုံး အဖြတ်ဆီကိုရောက်မှ အက်သလက်တီကိုက အနိုင်ရသွားခဲ့တာပါ။ ဒီတစ်ကြိမ်မှာလည်း ပီအက်စ်ဗီ ခြေမှန်နေလို့ အက်သလက်တီကို အခက်တွေ့နိုင်ပါတယ်။ သရေဟာ အမျှတဆုံးသောရလဒ်ပါပဲ။ ■

**ယနေ့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုများ**

| အုပ်စု(က) | အုပ်စု(ခ) | အုပ်စု(ဂ) | အုပ်စု(ဃ) |
|---|---|---|---|
| အာဆင်နယ် | ဘက်ဆစ်တပ် | ဆဲလ်တစ် | အက်သလက်တီကို |
| ဘေဆယ် | ဒိုင်နမိုကိဗ် | ဘာစီလိုနာ | ဘိုင်ယန်မြူးနစ် |
| ပီအက်စ်ဂျီ | ဘင်ဖီကာ | မန်စီးတီး | ရော့စတော့ဗ် |
| လူဒိုဂိုရက်စ် | နာပိုလီ | မိုချင်ဂလက်ဘတ် | ပီအက်စ်ဗီ |

**ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂)**

| | | |
|---|---|---|
| လူဒိုဂိုရက်စ် | - | ပီအက်စ်ဂျီ |
| အာဆင်နယ် | - | ဘေဆယ် |
| ဘက်ဆစ်တပ် | - | ဒိုင်နမိုကိဗ် |
| နာပိုလီ | - | ဘင်ဖီကာ |
| မိုချင်ဂလက်ဘတ် | - | ဘာစီလိုနာ |
| ဆဲလ်တစ် | - | မန်စီးတီး |
| အက်သလက်တီကို | - | ဘိုင်ယန်မြူးနစ် |
| ရော့စတော့ဗ် | - | ပီအက်စ်ဗီ |

**ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ**

**၁၄-၉-၂၀၁၆(ဗုဒ္ဓဟူးနေ့)**
**ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)**

| | |
|---|---|
| နံနက် ၁း၁၅ နာရီ | ဘာစီလိုနာ - ဆဲလ်တစ် |
| နံနက် ၁း၁၅ နာရီ | မန်စီးတီး - မိုချင်ဂလက်ဘတ် |
| နံနက် ၁း၁၅ နာရီ | ပီအက်စ်ဂျီ - အာဆင်နယ် |
| နံနက် ၁း၁၅ နာရီ | ဘေဆယ် - လူဒိုဂိုရက်စ် |
| နံနက် ၁း၁၅ နာရီ | ဒိုင်နမိုကိဗ် - နာပိုလီ |
| နံနက် ၁း၁၅ နာရီ | ဘင်ဖီကာ - ဘက်ဆစ်တပ် |
| နံနက် ၁း၁၅ နာရီ | ဘိုင်ယန်မြူးနစ် - အက်ဖ်စီရော့စတော့ဗ် |
| နံနက် ၁း၁၅ နာရီ | ပီအက်စ်ဗီ - အက်သလက်တီကို |

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၇)**

| | |
|---|---|
| နံနက် ၁း၁၅ နာရီ | ပရက်စတန် - ကာဒစ်ဖ် |
| နံနက် ၁း၁၅ နာရီ | ဝုလ်ဗာဟမ်တန် - ဘန်စလေ |
| နံနက် ၁း၁၅ နာရီ | ကျူပီအာ - နယူးကာဆယ် |
| နံနက် ၁း၁၅ နာရီ | ရှက်ဖီးဝမ်းနက်စ်ဒေး - ဘရစ္စတိုးလ်စီးတီး |
| နံနက် ၁း၁၅ နာရီ | ဒါဘီ - အစ်ဆွစ်ခ်ျ |
| နံနက် ၁း၁၅ နာရီ | ဖူလ်ဟမ် - ဘာတန် |
| နံနက် ၁း၁၅ နာရီ | ဘရိုက်တန် - ဟတ်ဒါးစဖီးလ် |
| နံနက် ၁း၁၅ နာရီ | လိဒ်စ်ယူနိုက်တက် - ဘလက်ဘန်း |
| နံနက် ၁း၁၅ နာရီ | နော်ဝစ်ခ်ျ - ဝီဂန် |
| နံနက် ၁း၃၀ နာရီ | ရက်ဒင်း - ဘာမင်ဂမ် |

## TODAY UPDATE NEWS

- အားကစားအဖွဲ့ချုပ်များအနေနှင့် နိုင်ငံခြားနည်းပြများခေါ်ယူရာတွင် ပြည်ပနည်းပြတစ်ဦးအတွက် အမေရိကန်ဒေါ်လာ နှစ်ထောင်နှုန်းဖြင့် နိုင်ငံတော်အစိုးရက သတ်မှတ်ထောက်ပံ့ပေးလျက်ရှိသည်။
- မြန်မာနိုင်ငံနပမ်းအဖွဲ့ချုပ်နှင့်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် နပမ်းနည်းပြ (Level-1) သင်တန်းကို နေပြည်တော်၌ စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိဖွင့်လှစ်မည်ဖြစ်ပြီး ကမ္ဘာ့နပမ်းအဖွဲ့ချုပ်မှ ထိုင်းနိုင်ငံသားနည်းပြက သင်ကြားပေးမည်ဖြစ်သည်။
- SEA Games ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာဘိုးလင်းအားကစားအဖွဲ့သည် နိုင်ငံခြားသားနည်းပြ ငှားတော့မည်မဟုတ်ဘဲ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်နှင့် နေပြည်တော်တို့တွင် နှစ်ဖွဲ့ခွဲလေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။
- မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကစားသမားသစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပနေသည့် မျိုးဆက်သစ်လူငယ်ပွဲစဉ်(၁၆) ကို ရန်ကုန်မြို့ရှိ သိမ်ဖြူအားကစားရုံ၌ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်သည်။
- မြန်မာကျွမ်းဘားအားကစားအဖွဲ့အနေနှင့် မလေးရှား SEA Games ပြိုင်ပွဲကို အမျိုးသားကစားသမား အောင်ခန့်ဇော်တစ်ဦးတည်းသာ ယှဉ်ပြိုင်နိုင်သည့် အခြေအနေတွင်ရှိနေပြီး ကျန်ကစားသမားများမှာ အသက်အရွယ်ပိုင်းသာမက အတွေ့အကြုံပိုင်းတွင်ပါ လိုအပ်ချက်များရှိနေသေးသည်။
- အမေရိကန်ပြည်ထောင်စုတွင်ကျင်းပလျက်ရှိသည့် ယူအက်စ်အိုးပင်းဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် ဗြိတိန်တင်းနစ်ကစားသမား ဂျာမီမာရေးနှင့် ဘရာဇီးတင်းနစ်ကစားသမား ဘရူနိုဆိုအာရက်စ်တို့အတွဲက အနိုင်ရဗိုလ်စွဲသွားခဲ့ကြောင်း BBC က ဖော်ပြထားသည်။ ဂျာမီမာရေးနှင့် ဆိုအာရက်စ်တို့အတွဲသည် ဗိုလ်လုပွဲအဖြစ် စပိန်တင်းနစ်သမားများဖြစ်ကြသည့် ပါဘလိုဘတ်စ်တာနှင့် ဂါစီယာလိုပက်ဇ်တို့အတွဲနှင့်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ဂျာမီမာရေးနှင့် ဆိုအာရက်စ်တို့အတွဲက ၆-၂၊ ၆-၃ ဖြင့် ပွဲလတ်နှစ်ပွဲ ပြတ်အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။
- ယမန်နေ့၌ယှဉ်ပြိုင်ကစားခဲ့သည့် အီတလီစီးရီးအေပွဲစဉ်(၃)နှင့် စပိန်လာလီဂါပွဲစဉ်(၃) အစောပိုင်းပွဲစဉ်များတွင် ဘိုလော့ဂ်နာက ကက်ဂလီယာရီကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ စပို့တင်းဂီဂျွန်က လီဂါနက်စ်ကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရသွားခဲ့ကြောင်း DPA က ဖော်ပြထားသည်။

# မြန်မာယူ-၁၉အသင်း အုပ်စုအဖွင့်ပွဲတွင် အင်ဒိုနီးရှားအသင်းကို အနိုင်ရ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပနေသည့် ၁၃ ကြိမ်မြောက် အာဆီယံချန်ပီယံရှစ် ယူ-၁၉ အမျိုးသား ဘောလုံးပြိုင်ပွဲ၏ အုပ်စု (ခ) အဖွင့်ပွဲစဉ်များကို စက်တင်ဘာလ ၁၂ ရက်နေ့က စတင်ကျင်းပရာ မြန်မာယူ-၁၉ အသင်းသည် အင်ဒိုနီးရှားယူ-၁၉ အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအနေနှင့် ယင်းပွဲစဉ်တွင် အင်ဒိုနီးရှားသင်းဘက်ကို ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း နောက်တန်းကစားသမားများ၏ အမှားကြောင့် အင်ဒိုနီးရှားအသင်းကို ချေပဂိုးများ ပြန်လည်ပေးခဲ့ရပြီး ပထမပိုင်းပြီးဆုံးချိန်တွင် နှစ်ဂိုးစီသရေဖြင့် ပြီးဆုံးခဲ့သည်။

မြန်မာအသင်းအတွက် အနိုင်သုံးမှတ်ရစေမည့်ဂိုးကို ဒုတိယပိုင်းတွင် တိုက်စစ်မှူးရွှေကိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးရွှေကို၏ အဝေးဘောကန်ချက်ကို အင်ဒိုနီးရှား ဂိုးသမားကာကွယ်ရာ မသေသပ်မှုကြောင့် ရရှိခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာအသင်းနှင့် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့သည့် ထိုင်းအသင်းနှင့် လာအိုအသင်းတို့ပွဲစဉ်တွင် ထိုင်းအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ထို့ကြောင့် မြန်မာအသင်းသည် ပထမပွဲစဉ်အပြီးတွင် ထိုင်းအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်တူနေသော်လည်း သွင်းဂိုးပိုများသော မြန်မာအသင်းက ထိုင်းအသင်း၏ အထက်တွင် ရပ်တည်နိုင်ခဲ့သည်။

မြန်မာယူ-၁၉ အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက ယင်းပြိုင်ပွဲသို့ မသွားရောက်မီ အင်ဒိုနီးရှားအသင်းနှင့်ကစားရမည့် အဖွင့်ပွဲစဉ်သည် အုပ်စုအဆင့်မှ ကျော်လွှန်နိုင်ရေးအတွက် အရေးကြီးသော ပွဲစဉ်အဖြစ် သုံးသပ်ခဲ့သည်။

မြန်မာအသင်းသည် စက်တင်ဘာ ၁၄ ရက်တွင် ဩစတြေးလျအသင်း၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် လာအိုအသင်း၊ စက်တင်ဘာ ၁၈ ရက်နေ့တွင် ကမ္ဘောဒီးယားအသင်း၊ စက်တင်ဘာ ၂၀ ရက်နေ့တွင် ထိုင်းအသင်းတို့နှင့်ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ■

## TODAY UPDATE NEWS

- မန်ယူအသင်းသည် ဗြိတိန်ဘောလုံးကလပ်အသင်းများအနက်တွင် တစ်နှစ်ဝင်ငွေပမာဏ ပေါင်သန်း ၅၀၀ ကျော် ရရှိသည့် ပထမဆုံးသောအသင်းအဖြစ် စံချိန်မှတ်တမ်းသစ်ရေးထိုးလိုက်ပြီဖြစ်ကာ ၂၀၁၆ ခုနှစ်အတွင်း ကဏ္ဍအရပ်ရပ်မှနေ၍ မန်ယူအသင်းရရှိမည့် ဝင်ငွေပမာဏမှာ ပေါင် ၅၁၅ သန်း ရှိလိမ့်မည်ဖြစ်ကြောင်း Mail Online က ဖော်ပြထားသည်။ မန်ယူသည် အက်ဒီးဒတ်စ်အပါအဝင် ထိပ်တန်းစီးပွားရေးလုပ်ငန်းစုပေါင်း ၁၄ ခုနှင့် စပွန်ဆာစာချုပ်များ အသီးသီးလက်မှတ်ရေးထိုးလိုက်နိုင်သည့်အတွက် ယခုကဲ့သို့ ဝင်ငွေပမာဏ တိုးပွားသွားခဲ့ခြင်းဖြစ်သည်။
- အာဆင်နယ်က ဆောက်သမ်တန်ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် မျက်လုံးထိခိုက်ဒဏ်ရာရသွားခဲ့သည့် အာဆင်နယ်နောက်ခံလူ ကော့စီရယ်လ်နီသည် လေ့ကျင့်ရေးအစီအစဉ်များတွင် ပြန်လည်ပါဝင်လာနိုင်ခဲ့ပြီဖြစ်၍ ယနေ့(စက်တင်ဘာလ ၁၃ရက်)တွင် ပီအက်စ်ဂျီနှင့်ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ် အုပ်စုအဖွင့်ပွဲစဉ်၌ ပါဝင်နိုင်ရန် အခွင့်အလမ်းများနေကြောင်း Daily Mail က ဖော်ပြထားသည်။
- ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ကျင်းပလျက်ရှိသည့် မသန်စွမ်းအိုလံပစ်ပြိုင်ပွဲသို့ အချိန်နောက်ကျရောက်ရှိလာခဲ့သည့် အယ်လ်ဂျီးရီးယားအမျိုးသမီးလက်ရွေးစင် Goldball အသင်းသည် ၎င်းတို့အနေနှင့်ပြိုင်ပွဲကို သပိတ်မှောက်သည့်သဘောမျိုး လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဟု ရှင်းလင်းပြောကြားသွားခဲ့ကြောင်း BBC က ဖော်ပြထားသည်။ အယ်လ်ဂျီးရီးယားအမျိုးသမီးအသင်းသည် Goldball အားကစားနည်း အုပ်စုအဆင့်တွင် အမေရိကန်၊ အစ္စရေးတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အစ္စရေးနှင့် အယ်လ်ဂျီးရီးယားအကြားတွင် နိုင်ငံရေးအရ သဘောထားတင်းမာမှုများကို ရှိနေသည်ကို ဆန္ဒပြသည့်သဘောဖြင့် အယ်လ်ဂျီးရီးယားအသင်းက ခရီးနောက်ကျသည့်အသွင်ဖြင့် ယင်းပွဲစဉ်များကို မကစားတော့ဘဲ ဆန္ဒပြခြင်းဖြစ်ဖွယ်ရှိသည်ဟု သတင်းများလည်း ထွက်ပေါ်နေသည်။
- ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ဆွမ်ဆီးနှင့်ချယ်လ်ဆီးတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဘယ်ဘက်ခြေထောက် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကာ ပွဲအပြီးတွင် ဂျွန်တယ်ရီမှာ ခြေထောက်ကို ပတ်တီးစည်း၍ ချိုင်းထောက်ဖြင့် အိမ်ပြန်သွားခဲ့ရကြောင်း The Sun က ဖော်ပြထားသည်။ ချယ်လ်ဆီးအသင်းဆေးအဖွဲ့သည် လက်ရှိတွင် ဂျွန်တယ်ရီ၏ဒဏ်ရာကို အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်နေဆဲဖြစ်ကာ ကြွခိုင်မှုပိုင်းဆိုင်ရာ စိတ်မချရပါက ဂျွန်တယ်ရီမှာ လာမည့်သောကြာနေ့တွင် လီဗာပူးနှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်၌ ချယ်လ်ဆီးအတွက် ပါဝင်ကစားပေးနိုင်တော့မည်မဟုတ်ဟု ခန့်မှန်းချက်များလည်း ထွက်ပေါ်နေသည်။
- ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ဥက္ကသစ်ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် ဆလိုဗက်ကီးယားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အလက်ဇန္ဒားဆီဖီရင်သည် ယူအီးအက်ဖ်အေဥက္ကဋ္ဌသစ်အဖြစ် ၎င်းရွေးကောက်တင်မြှောက်ခံခဲ့ရပါက ယူရိုပြိုင်ပွဲတွင် နိုင်ငံတစ်နိုင်ငံတည်းကသာ အိမ်ရှင်အဖြစ် ဆောင်ရွက်စေသည့်စနစ်ကို ပြန်လည်အသက်သွင်းသွားမည်ဟု ဖွင့်ဟအသိပေးထားကြောင်း DPA က ဖော်ပြထားသည်။ ယူအီးအက်ဖ်အေသည် လာမည့် ယူရို ၂၀၂၀ ပြိုင်ပွဲကို ဥရောပတစ်လွှားရှိ မြို့ကြီး ၁၃ မြို့တွင် ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး ဥက္ကဋ္ဌရာထူးကို ၎င်းရရှိခဲ့ပါက ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ယင်းစနစ်ကို မြင်ရတော့မည်မဟုတ်ဟု ဆီဖီရင်က ပြောကြားထားသည်။


Daily Mail

# ယူအက်စ်အိုးပင်း ဂရင်းဆလင်း ချန်ပီယံဆုကို ဝေါရင်ကာ ဆွတ်ခူး

**နယူးယောက်၊ စက်တင်ဘာ ၁၂**

အမေရိကန်ပြည်ထောင်စုတွင် ကျင်းပပြီးစီးသွားခဲ့သည့် ယူအက်စ်အိုးပင်း ဂရင်းဆလင်း တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲတွင် ဆွစ်ဇာလန်တင်းနစ် ကစားသမား စတန်ဝေါရင်ကာက ဆားဘီးယားတင်းနစ်က စားသမားဂျိုကိုဗစ်ကို အနိုင်ယူ၍ ချန်ပီယံဖြစ်သွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ဂျိုကိုဗစ်သည် ပထမပွဲလတ်တွင် ဝေါရင်ကာကို ၆-၇ ဖြင့် အနိုင်ရခဲ့သော်လည်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည့် ပွဲလတ်သုံးပွဲဆက်တိုက် ၆-၄၊ ၇-၅၊ ၆-၃ ဖြင့် ရှုံးနိမ့်သွားခဲ့ကာ ၎င်းတို့နှစ်ဦး၏ပွဲစဉ်မှာ ပွဲကစားချိန် ၃ နာရီနှင့် ၅၅ မိနစ်တိုင် ကြာမြင့်ခဲ့သည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဝေါရင်ကာသည် ယူအက်စ်အိုပင်းဂရင်းဆလင်းပြိုင်ပွဲတွင် ဗိုလ်စွဲသည့် ဒုတိယမြောက် အသက်အကြီးဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ကာ ယူအက်စ်အိုးပင်း ဂရင်းဆလင်းဆုဖလားကို အသက်အကြီးဆုံးစံချိန်ဖြင့် ပိုင်ဆိုင်ရရှိခဲ့သူမှာ ၁၉၇၀ ပြည့်နှစ်တွင် ကျင်းပခဲ့သောပြိုင်ပွဲ၌ အသက် ၃၅ နှစ်အရွယ် ဖြင့် ချန်ပီယံဖြစ်သွားခဲ့သော ဩစတြေးလျတင်းနစ်ကစားသမား ကင်မ်ရော့စ်ဝဲလ်ဖြစ်သည်။

ဂျိုကိုဗစ်သည် ဝေါရင်ကာနှင့် ယူအက်စ်အိုးပင်း ဂရင်းဆလင်းဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေစဉ်တွင် ခြေဖဝါးနာကျင်မှုများရှိလာခဲ့သည့်အတွက် ဆေးဝါးကုသမှု နှစ်ကြိမ်တိုင် ခံယူခဲ့ရကာ ဝေါရင်ကာမှာ ၎င်း၏ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ဂျိုကိုဗစ်နှင့် ၂၃ ကြိမ်တိုင် ဆုံတွေ့ခဲ့ရာတွင် စတုတ္ထအကြိမ်မြောက် နိုင်ပွဲရယူသွားနိုင်ခဲ့ခြင်းအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။

ဝေါရင်ကာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ဂရင်းဆလင်း ဗိုလ်လုပွဲများသို့ သုံးကြိမ်တိုင် တက်လှမ်းခဲ့ရာတွင် သုံးကြိမ်လုံးအနိုင်ရ ဗိုလ်စွဲသည့်စံချိန်တစ်ခုကိုလည်း ပိုင်ဆိုင်ရရှိသွားခဲ့ကာ ယခုမတိုင်မီတွင် ၂၀၁၄ ခုနှစ် ဩစတြေးလျအိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲနှင့် ၂၀၁၅ ခုနှစ် ပြင်သစ်အိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲများတွင် ဝေါရင်ကာက ဗိုလ်စွဲခဲ့ပြီးဖြစ်သည်။

ယူအက်စ်အိုးပင်း ဂရင်းဆလင်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်သွားခဲ့သည့် ဝေါရင်ကာသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ သန်းကို ပိုင်ဆိုင်ရရှိသွားခဲ့ကာ ဝေါရင်ကာမှာ အကောင်းဆုံးပုံစံဖြင့် ပွဲကိုထိန်းချုပ်ကာ ထိုက်ထိုက်တန်တန် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်ကြောင်း ဂျိုကိုဗစ်ကလည်း ချီးကျူးသွားသည်။ ■

# ဖီယင်နုနှင့်ပွဲစဉ်တွင် ရက်ရှ်ဖို့ဒ် ပွဲထွက်ခွင့်ရဖွယ်ရှိ၊ ရက်ရှ်ဖို့ဒ် ကမ္ဘာကျော်ဖြစ်မည်ဟု အီဘရာဟီမိုဗစ် ထောက်ခံ

**မန်ချက်စတာ၊ စက်တင်ဘာ ၁၂**

မန်ယူနည်းပြမော်ရင်ညိုသည် လူငယ်တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို ဖီယင်နုနှင့်ယှဉ်ပြိုင်ရမည့် ယူရိုပါလိဂ်အုပ်စုအဖွင့် ပွဲစဉ်တွင် အသင်းပွဲထွက်လူစာရင်း၌ ထည့်သွင်းနေရာပေးဖွယ်ရှိနေပြီး ရက်ရှ်ဖို့ဒ်မှာ ကစားခွင့်ရရှိသည့်အချိန်တိုင်းတွင် အသင်းအတွက် အကောင်းဆုံး ကစားပေးနိုင်ခဲ့သည်ဟု မော်ရင်ညိုက ပြောကြားလိုက်ကြောင်း Sportmail က ဖော်ပြထားသည်။

နည်းပြမော်ရင်ညိုသည် အသက် ၁၈ နှစ်အရွယ်ရှိ ရက်ရှ်ဖို့ဒ်ကို ဟားလ်စီးတီး၊ မန်စီးတီးတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် အရန်ကစားသမားအဖြစ် ထည့်သွင်းအသုံးပြုခဲ့ပြီး ဟားလ်စီးတီးနှင့်ပွဲစဉ်တွင် အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲကစားချိန်နောက်ဆုံးမိနစ်တွင် ရယူပေးခဲ့ခြင်း၊ မန်စီးတီးနှင့်ပွဲစဉ်တွင် ပြိုင်ဘက်ခံစစ်ကို ဖိအားပေးခဲ့ခြင်းတို့ဖြင့် ရက်ရှ်ဖို့ဒ်က ၎င်း၏ စွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသသွားနိုင်ခဲ့သည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် နည်းပြမော်ရင်ညိုက "ကျွန်တော့်အမြင်ကလည်း အားလုံးနဲ့အတူတူပါပဲ။ ရက်ရှ်ဖို့ဒ်ကို အခုထက်ပိုပြီး အခွင့်အရေးပေးသင့်ပြီဆိုတာကို ကျွန်တော် လက်ခံပါတယ်။ ဖီယင်နုနဲ့ပွဲစဉ်က အသင်းအတွက် အရေးပါတဲ့ပွဲစဉ်တစ်ပွဲ ဖြစ်လာမှာပါ။ အဲ့ဒီပွဲမှာ ရက်ရှ်ဖို့ဒ်ကို ကစားခွင့်ပေးဖို့ ကျွန်တော် အလေးအနက် စဉ်းစားနေပါပြီ"ဟု ပြောကြားသွားခဲ့သည်။

ရက်ရှ်ဖို့ဒ်သည် အင်္ဂလန်ယူ-၂၁ အသင်းက နော်ဝေယူ-၂၁ အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲတွင် အင်္ဂလန်ယူ-၂၁ အသင်းအတွက် ဟက်ထရစ်သွင်းယူပေးခဲ့ကာ ရက်ရှ်ဖို့ဒ်၏ခြေစွမ်းမှာ မန်ယူ၏ ပွဲထွက်လူစာရင်းတွင် နေရာတစ်နေရာ ရရှိရန် ထိုက်တန်နေပြီဟု မန်ယူအသင်း အားပေးသူများကလည်း ထောက်ခံနေကြလျက်ရှိသည်။

မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ရက်ရှ်ဖို့ဒ်ကို တစ်နေ့နေ့တွင် ကမ္ဘာကျော်ကစားသမားတစ်ဦးဖြစ်လာမည့် အရည်အသွေးများကိုပိုင်ဆိုင်ထားသူအဖြစ် ချီးကျူးပြောကြားထားပြီး မန်ယူနှင့်အတူ ရက်ရှ်ဖို့ဒ် ထွန်းတောက်လာမည်ကို ၎င်းအနေနှင့် အကြွင်းမဲ့ယုံကြည်သည်ဟုလည်း အီဘရာဟီမိုဗစ်က ထောက်ခံသွားခဲ့သေးသည်။ ■



HNIT THIT OO
Printing House
No. 27(A), Corner of U Hmoo St;
and U Tun Nyo St;,
Dagon (East) Industrial Zone,Yangon.
Mobile : 09-254248677,09-777600074
Email : hnitthitoo8@gmail.com

# FOREIGN AFFAIRS







နယူးယောက်မြို့တွင် ကျင်းပပြုလုပ်သော စက်တင်ဘာ ၁၁ ရက် ၁၅ နှစ်မြောက် လွမ်းဆွတ်အောက်မေ့ဖွယ်အခမ်းအနား၌ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ကာ နှစ်သိမ့်နေသော စုံတွဲတစ်တွဲကို တွေ့မြင်ရစဉ်

# ၉/၁၁ အောက်မေ့ဖွယ် အခမ်းအနားများ နယူးယောက်၊ ဝါရှင်တန်နှင့် ပင်ဆယ်လ်ဗေးနီးယားတွင် ကျင်းပ

**နယူးယောက်၊ စက်တင်ဘာ ၁၁**

သေဆုံးသူ ၃၀၀၀ နီးပါး၏ အမည်များကို ဖြည်းညင်းစွာ ရေရွတ်နေသံသည် အမေရိကန်၏ ဝမ်းနည်းစရာအကောင်းဆုံး နေ့ရက်တစ်ရက်အကြောင်း မှတ်တမ်းတင်ထားသည့် မော်ကွန်းကဗျာရှည်တစ်ပုဒ်အလား အောက်မင်ဟက်တန်၏ တနင်္ဂနွေနံနက်ခင်း တိမ်ဖုံးသော ကောင်းကင်ယံသို့ ပျံ့လွင့်နေသည်။

ကွယ်လွန်သူတို့ကို ဂုဏ်ပြုသော အိတ်ပလွေ တီးမှုတ်သံများနှင့် ခေါင်းလောင်းထိုးသံများကိုပါ ကြားနေရသည်။

လွန်ခဲ့သော ၁၅ နှစ်က ပြန်ပေးဆွဲခံရသော ခရီးသည်တင်လေယာဉ်ပျံလေးစင်းအနက် သုံးစင်းသည် နယူးယောက်မြို့မှ အမြွှာမျှော်စင်၊ ဝါရှင်တန်ဒီစီမှ ပင်တဂွန်စစ်ဌာနချုပ်တို့ကိုဝင်တိုက်ခဲ့ပြီး တစ်စင်းမှာ ပင်ဆယ်လ်ဗေးနီးယား၊ ရှန့်စ်ဗီးလ်မှ လယ်ကွင်းတစ်ခုအတွင်းသို့ ပျက်ကျခဲ့ခြင်းကြောင့် အမေရိကန်ပြည်ထောင်စု ထာဝရပြောင်းလဲသွားခဲ့ရသည်။

အကြမ်းဖက်မှုခေတ်တစ်ခု စတင်လာခဲ့သည်။

"စက်တင်ဘာ ၁၁ ၊ ၂၀၀၁ ကို ကျွန်တော်တို့ တစ်ယောက်ချင်းစီတိုင်း ထိတွေ့ခဲ့ရတယ်။ အဲဒီနေ့ရဲ့ နာကျင်မှုကို ရှောင်လွှဲနိုင်တဲ့ နယူးယောက်သားဆိုတာ မရှိပါဘူး"ဟု နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလာစီယိုက ပြောကြားခဲ့သည်။

နယူးယောက်မြို့တော် မီးသတ်ဌာနအတွက် စိန့်ပက်ထရစ်ဘုရားကျောင်းတွင် စက်တင်ဘာလ ၁၀ ရက်နေ့က တစ်ရက်ကြိုပြုလုပ်ခဲ့သည့် အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်လာခဲ့သည့် ဘလာစီယိုက

"ကျွန်တော်တို့အားလုံး ခံစားခဲ့ရတယ်။ ကျွန်တော်တို့အားလုံးအပေါ် သက်ရောက်ခဲ့တယ်။ အားလုံးခံစားခဲ့ရတယ်။ အားလုံး နာကျင်ခဲ့ရတယ်"ဟု မှတ်ချက်ပြုခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးစင်တာ တာဝါညီနောင်သို့ ရည်ရွယ်ချက်ရှိရှိဝင်တိုက်ခဲ့သော အကြမ်းဖက်သမားတို့ကြောင့် လူ ၂၇၅၃ ဦး သေဆုံးခဲ့ရသည်။

သေဆုံးသူများထဲတွင် မီးသတ်သမား ၃၄၃ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၃ ဦး၊ နယူးယောက်နှင့် နယူးဂျာဆီ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ အမှုထမ်း ၃၇ ဦးပါဝင်ခဲ့သည်။

နယူးယောက်တွင် စက်တင်ဘာလ ၁၁ ရက်နေ့က ပြုလုပ်သော အောက်မေ့ဖွယ်အခမ်းအနားတွင် တစ်ချိန်က တာဝါညီနောင်တည်ရှိခဲ့ရာနေရာတွင် တပ်ဆင်ထားသည့် မိုက်ခရိုဖုန်းများ ရှေ့သို့ ရှင်ကျန်ရစ်ခဲ့သည့်မိသားစုဝင်များ အလှည့်ကျထွက်ပြီး အောက်မေ့ဖွယ်စကား ပြောကြသည်။

အချို့တွေကတော့ ဖဲကြိုးများ၊ တံဆိပ်များ တပ်ထားကြပြီး သေဆုံးခဲ့ရသူတို့၏ ဓာတ်ပုံများ ကိုင်ဆောင်ထားခဲ့သည်။

နံနက်ပိုင်း အချိန်အတော်လင့်လာချိန်တွင်မူ စွတ်စိုထိုင်းမှိုင်းသည့် နေ့တစ်နေ့၏တိမ်ထုများကြားမှ နေမင်းက ထွင်းဖောက်ထွက်လာခဲ့သည်။

## ၁၅ နှစ်ဆိုတာ ၁၅ စက္ကန့်လိုပဲ

မြောက်ဘက်တာဝါ ၁၀၃ ထပ်တွင် Cantor Fitzgerald အတွက် အလုပ်လုပ်ခဲ့သော အစ်ကိုဖြစ်သူ ဂျိုးဆက်ဖ်မိုက်ကယ်အတွက် ဂျင်မ်ဂျီယာဆုန်းက အမှတ်တရစကား ပြောသည်။

Cantor Fitzgerald ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းသည် ထိုနေ့မှာ ဝန်ထမ်း ၆၅၈ ဦး ဆုံးရှုံးခဲ့သည်။

"၁၅ နှစ်ဆိုတာ ၁၅ စက္ကန့်လိုပဲ။ နာကျင်မှုက ခုထိရှိနေတုန်းပဲ။ ဟာလာဟင်းလင်းဖြစ်မှုက ရှိနေတုန်းပဲ"ဟု ဂျီယာဆုန်းက ဆိုသည်။

အဆိုပါဘဏ္ဍာရေးလုပ်ငန်းအတွက် ပင် အလုပ်လုပ်ခဲ့သည့် ဗင်းစင့်ဂျရတ်ဒီအမာဒီယို သေဆုံးချိန်မှာ သူ ၁၀ နှစ်သားသာရှိသေးသည်ဟု သားဖြစ်သူ ဂျယ်ရီဒီအမာဒီယိုက ဆိုသည်။

၂၀၁၂ ခုနှစ်က ကျောင်းတွင်းပစ်ခတ်မှုကြုံခဲ့ရပြီး ကလေး၊ လူကြီး ၂၆ ဦး သေဆုံးခဲ့သော ကွန်နက်တီကတ်ပြည်နယ်၊ နယူးတောင်းရှိဆန်ဒီဟုခ်မူလတန်းကျောင်းမှ ရှင်ကျန်ခဲ့သည့် ကလေးများနှင့်အတူ ဒီနှစ်နွေရာသီမှာ သားဒီအမာဒီယိုက ကူညီလုပ်ကိုင်ပေးခဲ့သည်။

"တစ်ခါတလေကျတော့ ကျွန်တော်တို့ဘဝမှာ ဆိုးရွားတဲ့အရာတွေကနေ ကျွန်တော်တို့ သွားသင့်တဲ့လမ်းကြောင်းကို လမ်းညွှန်ပေးသလို ဖြစ်တတ်တယ်။

စာ - 23

## ALSO IN NEWS

### ပြည်နယ်ဘောလုံးပွဲရှုံးတဲ့နေ့တွေမှာ ပြည်နယ်တရားသူကြီးတွေ ထောင်ဒဏ်ပိုချလေ့ရှိ

ဘောလုံးဝါသနာရှင် တရားသူကြီးတွေဟာ ပြည်နယ်ဘောလုံးအသင်း ရှုံးသွားပြီး နောက်နေ့ အမိန့်ချတော့မယ်ဆိုရင် တရားခံကတော့ သေမယ့်သာပြင်ထားလို့ ပြောရမှာပါပဲ။ လူစီယာနာတက္ကသိုလ်က ပညာရှင်တွေ သုတေသနပြုလုပ်ထားတဲ့ ရလဒ်ဖြစ်ပါတယ်။ ပေါက်ကရတွေ လျှောက်ရေးတဲ့ သတင်းစာစောင်တွေက သတင်းခေါင်းနဲ့တော့ တူချင်တူနေပါလိမ့်မယ်။ ဒါပေမဲ့ဒါဟာ တကယ့်သုတေသနရလဒ်ဖြစ်ပါသတဲ့။ လူစီယာနာဘောလုံးအသင်း မထင်မှတ်ဘဲ ရှုံးသွားတဲ့နေ့နောက်မှာ အမိန့်ချခံရသူတွေဟာ နိုင်သွားတဲ့နေ့ ဒါမှမဟုတ် ရှုံးမယ်လို့ထင်ထားပြီး ရှုံးသွားတဲ့နေ့တွေအပြီးမှာ အမိန့်ချခံရသူတွေထက် ပိုပြီးပြင်းထန်တဲ့အမိန့်တွေ ချခံနေရတယ်လို့ လေ့လာတွေ့ရှိထားပါတယ်။ အဲဒီစာတမ်းကို လူစီယာနာတက္ကသိုလ်က ပါမောက္ခ နာစီမိုကန်နဲ့ ပူးတွဲစာတမ်းရေးသားသူ အော့ဇ်ကန်အီရန်တို့က ရေးသားခဲ့တာပါ။

အဲဒီစာတမ်းရဲ့အမည်ကို 'ခံစားမှုသိပ်ပြင်းထန်နေတဲ့ တရားသူကြီးတွေနဲ့ ကံမကောင်းရှာသော ချာတိတ်တွေ'လို့ ပေးထားပါတယ်။ ဘောလုံးပွဲရှုံးလိုက်လို့ အသင်းဟာ အဆင့်တစ်ဆယ်အောက်ရောက်သွားပြီဆိုရင်တော့ တရားသူကြီးတွေဟာ လူငယ်တရားခံတွေကို ပြစ်ဒဏ်ပိုပေးလေ့ရှိပြီး လူငယ်တွေဟာ သာမန်ထက် ၂ လ ထောင်ဒဏ် ပိုရခဲ့ပါတယ်လို့ ဆိုပါတယ်။ အသင်းဟာ နဂိုကတည်းက အောက်နားမှာ ရောက်နေတယ်ဆိုရင်တော့ ရှုံးပေမယ့် တရားသူကြီးတွေက ထောင်ဒဏ် သိသိသာသာ ပိုချတာမျိုး မလုပ်ပါဘူးတဲ့။ ပြီးတော့ အမိန့်ပိုချပြီဆိုရင်လည်း လူမည်းတရားခံတွေက ပိုထိတတ်ပါသတဲ့လေ။ UPI ■



### ပန်းခြံထဲသွားနေတဲ့ အမျိုးသမီးခေါင်းပေါ် ကောင်းကင်ပေါ်က ငါးခူပြုတ်ကျ

ဖြစ်တောင့်ဖြစ်ခဲ ဖြစ်စဉ်ဖြစ်ပြီး ရယ်ရတဲ့ဖြစ်စဉ်အနေနဲ့ပါ မှတ်ထားရမှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုက ဖယားမောင့်ပန်းခြံထဲမှာ လမ်းလျှောက်နေတုန်း လီဆာလော့ဘရီဆိုတဲ့ အမျိုးသမီးခေါင်းပေါ်ကို ငါးခူပြုတ်ကျလာတာဖြစ်ပါသတဲ့။ အလုပ်သမားနေ့အခမ်းအနားပွဲမနက်ခင်းမှာ ခေါင်းပေါ်ကို ငါးခူကျခံရတဲ့အမျိုးသမီးက ငှက်တစ်ကောင်ကောင်က လွတ်ကျလာတာလို့ ထင်နေပါတယ်။

"ခေါင်းပေါ်ကိုကျလာတဲ့အရာမှာ ခေါင်းပါတယ်။ မျက်နှာပါတယ်။ အနံ့ကလည်းဆိုးတယ်။ ရုတ်တရက်ဆိုတော့ ဘာကြီးဖြစ်သွားမှန်း မသိဘူး"ဆိုပြီး သူက ပြောပြပါတယ်။ အသိပြန်ဝင်လာတဲ့အခါမှာမှ ငါးခူကြီးခေါင်းပေါ်ကျလာမှန်း သိလိုက်တာဖြစ်ပါတယ်။ ငါးကမြေကြီးပေါ်မှာ ခုန်နေပြီးတော့ ငါးမှန်းသိသွားတော့ ကောင်းကင်ပေါ်က ငါးကြီးကျလာတယ်ဆိုပြီး ကြောက်သွားမိပါတယ်လို့ ဆိုပါတယ်။ မျက်နှာမှာ နည်းနည်းရှမိသွားတယ်လို့ ဆိုပါတယ်။ ကောင်းကင်ပေါ်က ငါးကတော့ သူ့အစာ ကျသွားတော့ စိတ်ပျက်မှာပဲလို့ ဆိုပါသေးတယ်။ UPI ■

